မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၅၃)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်   ၂၀၁၂ ခုနှစ်၊ မတ် ၂ ရက်၊ စနေနေ့။

စိတ်ဓာတ်ပိုင်းပြောင်းလဲမှု၊ မြေယာပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှု၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲမှုတို့ကို လက်တွေ့ဆောင်ရွက်နိုင်မှသာလျှင် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်လျက် စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး ရည်မှန်းချက်များ အောင်မြင်နိုင်မည်။

နိုင်ငံတကာဈေးကွက်လိုအပ်ချက်သို့ တင်ပို့ရောင်းချနိုင်ရေး သီးနှံစိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မြှင့် ထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်ပြီး ခိုင်မာသောဈေးကွက် ရရှိအောင်ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနား သဝဏ်လွှာ-

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-

ယနေ့အခါသမယသည် နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားကြီးများအား အလေးအနက်ဂုဏ်ပြုသတ်မှတ်ထားရှိသည့် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ ဤကဲ့သို့သော ရက်မြတ်မင်္ဂလာအချိန်အခါတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြလျက် ကောင်းကျိုးမင်္ဂလာအဖြာဖြာဖြင့် ပြည့်စုံပါစေကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုဖြစ်ထွန်းတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့သည် မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်သူလူထုမှ ကိုယ်တိုင်ပါဝင်ဆန္ဒပြုကြပြီး ရွေးချယ်တင်မြှောက်ခဲ့သော ပါတီစုံဒီမိုကရေစီစနစ်အရ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ စတင်ဖွဲ့စည်းတာဝန်ယူခဲ့သည့် ဒီမိုကရေစီစနစ် အစိုးရသစ်၏သက်တမ်း (၂)နှစ်ကာလအချိန်အခါသို့ ချဉ်းနင်းဝင်ရောက်နေသည့် ကာလဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်စတင်ထမ်းဆောင်ခဲ့သည့် အချိန်ကာလတိုအတွင်းမှာပင် နိုင်ငံသားတို့၏ အမျိုးသားရေး ရေရှည်အကျိုးစီးပွားကို ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းတာဝန်အား အမျိုးသားရေးရည်မှန်းချက်အဖြစ် ခိုင်မာစွာချမှတ်ပြီး၊ လုပ်ငန်းစဉ်(၈)ရပ်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ လူဦးရေ ၇၀ရာခိုင်နှုန်းအဓိကပါဝင်သော တောင်သူလယ်သမားတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအား ပထမအဓိက ဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။

မိမိတို့နိုင်ငံသည် လယ်ယာကဏ္ဍကိုအဓိကအခြေခံအားထားနေရသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံအား ရေရှည်အစဉ်တောင့်တင်းခိုင်မာစေရေးအတွက် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးပေး မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁

မြန်မာနိုင်ငံအနေဖြင့် နော်ဝေနိုင်ငံ၏ ရေအားလျှပ်စစ်စီမံခန့်ခွဲမှုအတွေ့အကြုံများကို အသုံးချလို

နေပြည်တော် မတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်၁၀ နာရီတွင် နော်ဝေနိုင်ငံ အော်စလိုမြို့၏ မြောက်ဘက် အက်စ်ကင်မ် (Askim) မြို့နယ်ရှိ Solbergfoss ရေအားလျှပ်စစ်စက်ရုံများကို သွားရောက်ကြည့်ရှုလေ့လာသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် Solbergfoss ရေအားလျှပ်စစ်စက်ရုံအမှတ်(၁)တွင် ရေအားလျှပ်စစ်ထုတ်လုပ်နေမှု၊ တာဘိုင်စက်များ တပ်ဆင်ထားမှုနှင့် ပင်မထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာရာ E-Co Energy ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Tore Olaf Rimmereid နှင့် စက်ရုံမန်နေဂျာ Mr.Oystein Rafoss တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ရေအားလျှပ်စစ်စက်ရုံ အမှတ်(၂) အစည်းအဝေးခန်းမ၌ နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Mr.Trond Giske နှင့်Statkraft Energy ကုမ္ပဏီမှ ဒါရိုက်တာMr.Oistein Andresen တို့က သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု၊ နော်ဝေနိုင်ငံရှိ စက်မှုလုပ်ငန်းများ၏ အဓိကကျောရိုးမဏ္ဍိုင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကုမ္ပဏီ၏ကမ္ဘာတစ်ဝန်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးမှု

စာမျက်နှာ ၃ ကော်လံ ၁

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ချစ်ကြည်ရေးခိုင်မြဲမည့် မိတ်ဆွေကောင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ချစ်ကြည်ရေးခရီးအဖြစ် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံတို့သို့ ထွက်ခွာသွားခဲ့ရာ နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရောက်ရှိခဲ့ပြီး ဥရောပခရီးစဉ်တွင် ပထမဆုံး သွားရောက်လည်ပတ်သည့် နိုင်ငံဖြစ်သည်။

နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရာသီဥတုနှင့် ယဉ်ကျေးမှုများတွင် ကွဲပြားမှုရှိသော်လည်း နှစ်နိုင်ငံ တူညီသည့်အချက်မှာ သဘာဝသယံဇာတ အထူးသဖြင့် စွမ်းအင်ဆိုင်ရာ သယံဇာတများ ပေါကြွယ်ဝကြခြင်းဖြစ်သည်။ နော်ဝေနိုင်ငံဝန်ကြီးချုပ်သည် ယမန်နှစ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းဝင်သည့် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံနှင့် အနောက်နိုင်ငံများ ပြန်လည်ထိတွေ့ဆက်ဆံရေးတွင် နော်ဝေနိုင်ငံက တက်ကြွစွာဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့မှုများသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲနေမှုများအတွက် အဓိကကျခဲ့ပေသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးအတွက် နော်ဝေနိုင်ငံခေါင်းဆောင်များနှင့် သံတမန်များ၏ ကြိုးပမ်းမှုသည် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နေသည့် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများထံမှ အတိုးနှုန်းသက်သာသော ချေးငွေများ၊ အထောက်အပံ့များမရရှိမှုကို ဖြေရှင်းရန်အတွက် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးရာတွင် နော်ဝေနိုင်ငံ၏ အကူအညီပေးခဲ့မှုများသည် များစွာအရေးကြီးခဲ့ပေသည်။ မြန်မာနိုင်ငံအပေါ် တင်ရှိနေသည့် ကြွေးမြီများကို နော်ဝေနိုင်ငံက လုံးဝဖျက်သိမ်းပေးခဲ့ခြင်းသည် ကျန်အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ်ကျန်ရှိနေသည့် ကြွေးမြီများ လျှော့ပေါ့ပေးရာတွင် များစွာအထောက်အကူဖြစ်စေခဲ့ပေသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် နော်ဝေနိုင်ငံ၏ အားတက်သရော ကူညီမှုများသည် အရေးကြီးသည့် မှတ်တိုင်တစ်ခုပင်ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့မှုများကြောင့် မရရှိခဲ့သည့် နိုင်ငံတကာချေးငွေများ ပြန်လည်ရရှိအောင် ညှိနှိုင်းဆွေးနွေးမှုတွင် နော်ဝေနိုင်ငံ၏အကူအညီများသည် အရေးပါခဲ့သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွင် နော်ဝေနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသောကြောင့် မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင် နော်ဝေကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားပေသည်။ မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံများသည် သဘာဝသယံဇာတပေါကြွယ်ဝသည့်နိုင်ငံများဖြစ်သည့်အလျောက် သဘာဝသယံဇာတများကို ပြည်သူများအားလုံး အကျိုးရှိရန် မည်သို့စီမံခန့်ခွဲသင့်သည်များကို မြန်မာနိုင်ငံအနေဖြင့် လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များတွင် ဆက်လက်ကူညီသွားမည့်အပြင် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေး တိုးမြှင့်သည့်အနေဖြင့် ရန်ကုန်မြို့ရှိ နော်ဝေသံရုံးကို သံအမတ်ကြီးအဆင့် တိုးမြှင့်သွားမည်ဖြစ်သည်။ နော်ဝေနိုင်ငံသည် မိုင်ထောင်ပေါင်းများစွာမှ မြန်မာနိုင်ငံ၏အားနည်းချက်အပြစ်များကို ဝေဖန်ခြင်းထက် လက်တွေ့ကျကျ အဖြေရှာနိုင်ရန် ရင်းနှီးပွင့်လင်းစွာ လက်တွဲခေါ်ဆောင်ခဲ့သော မိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်ရာ နိုင်ငံတော်သမ္မတကြီး၏ နော်ဝေခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ရန်အတွက် အရေးပါသည့် ခရီးစဉ်ဖြစ်ပါကြောင်း။ ။

အမြို့မြို့အနယ်နယ်
ပျံ့သည့်သတင်းစာ
မြန်မာ့အလင်း
တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မွန်ပြည်နယ်အတွင်း တောင်သူလယ်သမားများအား တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၁

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သုတေသနပညာရှင်များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး သုတေသနလုပ်ငန်းမှရရှိသော ပညာရပ်ပိုင်းဆိုင်ရာများကို တောင်သူလယ်သမားများ လက်ဝယ်အရောက်ပို့ရန် ပညာရှင်များ၏ အဓိကတာဝန်ဖြစ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နှစ်ရှည်ပင်များအသုံးချသုတေသနဌာန (Apply Research Centre of Perennial Crops-ARCPC)၌ သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ် နှစ်ရှည်ပင်သီးနှံ အထူးပြုသင်တန်းကျောင်းမှ နောက်ဆုံးနှစ်ကျောင်းသူကျောင်းသားများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ပြည်ထောင်စုဥယျာဉ်ခြံစိုက်ကွင်း၌ နွေစပါးပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း၏ အဖိုလိုင်း အမလိုင်းစိုက်ခင်းများ ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုဒုံမြို့နယ် ရွှေဟသာ်ခန်းမ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့်အတူ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ မြို့နယ်ခွဲနှစ်ခုတို့မှ တောင်သူလယ်သမား ၅၀၀ ခန့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအလားအလာများကို ကဏ္ဍအလိုက်ဆွေးနွေးပြောကြားပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မွန်ပြည်နယ်အတွက် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ ဧက ၅၀ စာကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မုဒုံမြို့နယ် ရော်ဘာသုတေသနနှင့် မျိုးပွားခြံ၏ ဖြစ်ထွန်းအောင်မြင်နေသော ရော်ဘာစိုက်ခင်း၊ ကန်ကလေးဥယျာဉ်ခြံ၌ ဒူးရင်း၊ ကြက်မောက်၊ မင်းကွတ် စသော သစ်သီးဝလံများ အောင်မြင်စွာစိုက်ပျိုး၍ တောင်သူများအား နည်းပညာနှင့်ပျိုးခင်းများ ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကြက်မောက်ပင်ကို စိုက်ပျိုးပေးကြပြီး ခြံအတွင်း မွေးမြူထားသောနွားနောက်များကို ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

နေပြည်တော်ကောင်စီနယ်မြေတွင် ယာဉ်တိုက်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိရာ ဒဏ်ရာရရှိမှု၊ သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။ ယာဉ်မောင်းသူ၊ စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာဗဟုသုတများရရှိစေရန် နေပြည်တော် ယာဉ်ထိန်းအဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပ၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များကို ပရိုဂျက်တာပါဝါပွိုင့်များဖြင့်ပြသ၍ အသိပညာပေးခြင်း၊ ထို့အပြင် လူစည်ကားရာ လမ်းဆုံ၊ လမ်းခွ၊ အဝိုင်းပတ်များတွင် လမ်းအသုံးပြုပုံများကို LCD များဖြင့် ပြသ၍ ပညာပေးခြင်းများလည်းရှိသည်ကို တွေ့မြင်ရသည်။

ယာဉ်တိုက်မှု ဖြစ်စဉ်များတွင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် မလိုလားအပ်သော ယာဉ်တိုက်မှုများဖြစ်ပေါ်နေသည်ကို တွေ့မြင်ရသည်။

ထင်သာမြင်သာ ပြုပြင်စရာ

(ဓါတ်ပုံ)မှာ နေပြည်တော် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ ဆင်ရတနာအနီး လမ်းဘေးပလက်ဖောင်း ဆေးရေးလမ်းညွှန်အမှတ်အသား အဖြူအနီခြယ်သ၍ ယာဉ်ရပ်နားမှုမပြုရန် သတ်မှတ်ထားသော်လည်း ညွှန်ကြားမှုကို ဂရုမစိုက်ဘဲ ယာဉ်များ လမ်းမပေါ်တွင် နှစ်ဆင့်ရပ်ထားသောကြောင့် ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးမှုများ ဖြစ်ပေါ်ကာ ယာဉ်တိုက်မှုကို လက်ယပ်ခေါ်နေသကဲ့သို့သော မြင်ကွင်းကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့မြင်ရ၍ သတင်းဓာတ်ပုံရိုက်ကူးပြီး ထင်သာမြင်သာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်

ရွှေကူ မတ် ၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း၌ ပထမဦးဆုံးသော ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်က ငါးဘတ်ကြီးကျေးရွာ၌ ကျင်းပရာ မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးကျော်၊ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**

လေးနှစ်စီမံကိန်းဖြစ်သော်လည်း တစ်နှစ်နှင့် ငါးလအတွင်း 315 KVAT Transformer (II) KV ဓာတ်အားလိုင်း 400V တို့ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီး ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ် ၆၅၆ သိန်းဖြစ်ကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

တိမ်ကောနေသည့် ပြည်တော်သာတူးမြောင်း ပြန်လည်တူးဖော်နိုင်တော့မည်

သထုံ မတ် ၁

မွန်ပြည်နယ် သထုံမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ ကိုးနဝင်းဓမ္မာရုံ၌ တောင်သူများနှင့်တွေ့ဆုံပြီး လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်ခန့်က ပြည်တော်သာစီမံကိန်းဖြင့် တူးဖော်ခဲ့သော တိမ်ကောနေသည့် ပြည်တော်သာတူးမြောင်းကို ဒေသခံတောင်သူများ၏ တင်ပြမှုကြောင့် ပြည်သူ့လွှတ်တော်တွင် ဆက်လက်တင်ပြခဲ့ရာမှ နိုင်ငံတော်က အဆိုပါတူးမြောင်း ပြန်လည်တူးဖော်နိုင်ရန်အတွက် ကျပ်သိန်းပေါင်း ၆၅၀ ကို ပံ့ပိုးပေးခဲ့ကြောင်း၊ ထို့ကြောင့် တက်ရောက်လာသော တောင်သူများက ကော်မတီများဖွဲ့စည်းပြီး သုံးလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

တင်ပြဆွေးနွေး

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခွန်ညီညီဇော်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ တောင်သူများကိုယ်စား ဦးခွန်ကြီးရွှေက တူးဖော်ရာတွင် တောင်သူများအပိုင်းက ပါဝင်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို လည်းကောင်း တင်ပြဆွေးနွေးကြပြီး ကော်မတီများ ဖွဲ့စည်းကြသည်။

ပြည်တော်သာ တူးမြောင်းသည် ယခင်ပြည်တော်သာစီမံကိန်းအရ တူးဖော်ထားသော တူးမြောင်းတစ်ခုဖြစ်ပြီး ယခုအခါတွင် တိမ်ကောသွားသည့်အတွက် ရေစီးရေလာကောင်းမွန်မှု မရှိတော့ခြင်းကြောင့် အနီးရှိလယ်များအတွင်းသို့ ရေများဝင်ရောက်ပြီး လယ်များ ပျက်စီးမှုများရှိခဲ့သည်။ အဆိုပါတူးမြောင်း ပြန်လည်တူးဖော်ပြီးပါက ပတ်ဝန်းကျင်ကျေးရွာ ခြောက်ရွာ၏ စပါးစိုက်ဧက ၃၃၉၇၁ ဧက အတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မင်းနန္ဒကျော်)**

ပြည်တွင်းသတင်း

❐ ရှေ့ဖုံးမှ

ယခင်အစိုးရကာလ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ခဲ့သော ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်ပြီး၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးအတွက် တည်ဆောက်ဆဲ ဆည်ရေသောက်စနစ်များအား ရာနှုန်းပြည့်တည်ဆောက်ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိနေပါသည်။

သဘာဝမိုးရေကိုသာ မှီခိုအားထား၍ စိုက်ပျိုးခဲ့ကြသည့် လယ်မြေများကို ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် တစ်သီးမှ နှစ်သီး၊ သုံးသီး၊ သီးထပ်၊ သီးညှပ်များ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိစေနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် မိရိုးဖလာ လက်မှုလယ်ယာစနစ် လယ်ကွက်ငယ်များကို ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာစနစ်ဧကကွက်၊ ဟက်တာကွက်များအဖြစ်သို့ ကူးပြောင်းပေးနိုင်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများရေးဆွဲပြီး ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြုပြီး နိုင်ငံနှင့်အဝန်းပျံ့နှံ့အကောင်အထည်ဖော်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ တီထွင်ကြံဆပြီး တောင်သူလယ်သမားများ လက်ဝယ်အရောက် လေ့ကျင့်ပညာပေးရေးတာဝန်အား ဒေသအလိုက် လယ်ကွင်းထဲတွင် လယ်သမားများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသည်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံကောင်းများ တည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကစားသုံးသီးနှံအမယ်ဖြစ်သော ဆန်စပါးအပါအဝင် သီးနှံအမယ်အလိုက် အထွက်နှုန်းများတိုးတက်မြင့်မားရေးနှင့်ဈေးကွက်ဝင် အရည်အသွေးမြင့်မားရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၏ အဆင့်မြင့်နည်းပညာစွမ်းအားဖြင့် စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာ၊ စပ်မျိုးပဲ၊ စပ်မျိုးသစ်သီးဝလံမျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေရာ ပုဂ္ဂလိက အခန်းကဏ္ဍမှ အလွန်နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိနေသည်မှာ တောင်သူလယ်သမားများအတွက် အလားအလာကောင်းများအဖြစ် အားရဖွယ် အခြေအနေများ မြင်တွေ့နေရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ အခြေခံစိုက်ပျိုးရေးစရိတ်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် စပါးသီးနှံနှင့် ကြံသီးနှံပေါ်တွင် တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်ကထက်ပိုမိုတိုးတက်ပြီး တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ ကျန်ရှိသော ရာသီသီးနှံအမယ်များပေါ်တွင် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းသို့လည်းကောင်း စိုက်ပျိုးစရိတ်ချေးငွေများကို ပိုမိုတိုးတက်သတ်မှတ်ထုတ်ချေးပေးနိုင်ရေးစီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ တောင်သူလယ်သမားများအတွက် ယခင်ကထက်ပိုမို၍ အထောက်အကူရရှိစေနိုင်မည်ဖြစ်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကိုယ်တိုင်အောင်မြင်တိုးတက်ကြီးပွားလိုစိတ်၊ စိတ်ဆန္ဒပြင်းပြစွာဖြင့် ကိုယ်တိုင်ပါဝင် ကြိုးပမ်းအားထုတ်ကြခြင်းအားဖြင့် တိုးတက်မှုများလက်တွေ့ရရှိခံစားနိုင်ကြတော့မည် ဖြစ်ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အဓိကအခြေခံသော့ချက် လိုအပ်ချက်ဖြစ်သည့် ခိုင်မာသော ပြည်တွင်း၊ပြည်ပဈေးကွက်ရရှိနိုင်ရေးအချက်ပေါ်တွင် ယခင်က စိုက်ပျိုးသီးနှံများကို ကုန်းကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချနေသည့် အခြေအနေမှ အဆင့်မြင့်၊ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ်သို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးအတွက် ခေတ်မီ အဆင့်မြင့် ဆန်စက်၊ဆီစက်များ၊ သန့်စင်စက်များ၊ အဆင့်မြင့်ထုပ်ပိုးစက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-

လူသားတိုင်း၏ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေးနှင့် နေရေး အခြေခံလိုအပ်ချက်များအနက် နေ့စဉ်နှင့်အမျှမရှိမဖြစ်လိုအပ်ချက်မှာ စားရေးကိစ္စဖြစ်ပါသည်။ နေ့စဉ်တိုးတက်လျက်ရှိနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးမှာ အလွန်အရေးကြီးသည့် အချက်ဖြစ်ပါသည်။ လက်ရှိကမ္ဘာ့လူဦးရေ သန်းပေါင်း (၇၀၀၀) ကျော်သည် လာမည့် ၂၀၅၀ ပြည့်နှစ်ကာလတွင် သန်းပေါင်း(၉၀၀၀)ကျော်ရှိလာမည် ဖြစ်သောကြောင့် ကမ္ဘာမြေ၏ အရွယ်အစားမှာ တိုးချဲ့ပြောင်းလဲခြင်းမပြုနိုင်သဖြင့် တိုးတက်လာနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာလိုအပ်ချက်ကို ယခင်ကထက် နှစ်ဆ၊ သုံးဆ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် တိုးတက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် သဘာဝ ရေ၊ မြေ၊ သယံဇာတများ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးအတွက် သင့်တင့်ကောင်းမွန်သော ရာသီဥတုအခြေအနေများ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မကြာတော့သည့် နှစ်အနည်းငယ်အတွင်း တိုးပွားလာတော့မည့် လူဦးရေ သန်း ၁၀၀ အတွက် နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံစေရေးအတွက်သာမက နိုင်ငံတကာဈေးကွက်လိုအပ်ချက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အိမ်နီးချင်းစိုက်ပျိုးရေးနိုင်ငံများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန် တိုးတက်ကြီးပွားအောင်မြင်လိုစိတ်ဖြင့် စိတ်ဓာတ်ပိုင်းပြောင်းလဲမှု၊ မြေယာ ပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှု၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲမှုတို့ကို လက်တွေ့ဆောင်ရွက်နိုင်မှသာလျှင် လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်လျက် စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေးရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ရေရှည်အရှိန်အဟုန်မပျက်တိုးတက် အကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ရေရှည်ခိုင်မာသောဈေးကွက်ရရှိအောင် ဆောင်ရွက်ရေး၊ ဈေးကောင်းရမည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ အသုံးပြုနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာသွင်းအားစုများကို အချိုးကျ အချိန်ကိုက် အသုံးပြုနိုင်ရေး၊ အပင် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်လွန် ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အဆင့်ထိ အလေအလွင့် ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သယ်ပို့ရောင်းဝယ်လွှဲပြောင်းမှု ကုန်ကျစရိတ်များကို လျှော့နည်းသက်သာစေရေးတို့ကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-

နိုင်ငံနှင့်အဝန်း နိုင်ငံသားအားလုံးတို့၏ လိုအင်ဆန္ဒဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအား အရှိန်အဟုန်ဖြင့် တိုးတက်တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် တောင်သူလယ်သမားများအပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ နိုင်ငံသားများအားလုံး တစ်စည်းတစ်လုံးတည်း တက်ညီလက်ညီ ကြိုးပမ်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်ခင်ဗျား။

◆ ရှေ့ဖုံးမှ

အခြေအနေများကို ရှင်းလင်း ပြောကြားကြသည်။

နော်ဝေနိုင်ငံသည် ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ နှစ်ပေါင်း(၁၀၀)ခန့် အတွေ့အကြုံရှိသည့်နိုင်ငံဖြစ်သည်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့ဆဋ္ဌမမြောက် အကြီးမားဆုံး ရေအားလျှပ်စစ်ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဥရောပတွင် အကြီးမားဆုံးပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သည့် နိုင်ငံလည်းဖြစ်သည်။ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အများစုကို ရေအားလျှပ်စစ်မှ ရရှိနေခြင်းဖြစ်သည်။ ရေအားလျှပ်စစ် ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရေး၊ ဒေသခံပြည်သူများအတွက် စီးပွားရေးနှင့်လူမှုရေး အကျိုးအမြတ်များရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတော်/ဒေသန္တရ အစိုးရများ၏ ရင်းနှီးမြှုပ်နှံမှုများဖြစ် ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။ လျှပ်စစ်ဓာတ်အားကို ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း သိရှိရသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံအနေဖြင့် နော်ဝေနိုင်ငံ၏ ရေအားလျှပ်စစ်စီမံခန့်ခွဲမှု အတွေ့အကြုံများကို အသုံးချလိုကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအား နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး Mr. Bard Vegar Solhjeel က အော်စလိုမြို့ရှိ Ekebergrestauranten ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အော်စလိုတက္ကသိုလ်ပါမောက္ခ Mr. Jens Braarvig က ၎င်းသိမ်းဆည်းထားသည့် ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းလက်ရေးမူများကို ပြသရာ လေ့လာကြည့်ရှုစဉ်။ (သတင်းစဉ်)

ညနေပိုင်းတွင် အော်စလိုတက္ကသိုလ်မှ ပါမောက္ခ Mr. Jens Braarvig က ၎င်းသိမ်းဆည်းထားသည့် ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းလက်ရေးမူများကို လာရောက်ပြသရာ နိုင်ငံတော်သမ္မတက စိတ်ဝင်တစား လေ့လာကြည့်ရှုပြီး မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်သဖြင့် ယင်းစာပေများကို တိကျသေချာစွာ ဘာသာပြန်ဆိုနိုင်ရန်အတွက် မြန်မာနိုင်ငံမှ တိပိဋကဘွဲ့ရ ဆရာတော်ကြီးများနှင့် လာရောက်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။

ယင်းလက်ရေးမူများမှာ အေဒီ တစ်ရာစု၊ သုံးရာစုနှင့် ရှစ်ရာစုခန့်မှ လက်ရေးမူများဖြစ်ပြီး ပေရွက်နှင့် သစ်ခေါက်တို့အပေါ်တွင် ဗြာဟ္မဏဘာသာဖြင့် ရေးသားထားခြင်းဖြစ်သည်။ လက်ရေးမူများသည် ပညာရေးနှင့် ဗုဒ္ဓဘာသာတို့နှင့်စပ်လျဉ်း၍ အရေးပါသော သမိုင်းအထောက်အထားများဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံရှိ ဂူငယ်တစ်ခုအတွင်းမှ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတသည် ညနေ ၅ နာရီခွဲတွင် အော်စလိုမြို့ရှိ အော်ပရာအဆောက်အအုံ ဆောက်လုပ်ထားမှုကို သွားရောက်ကြည့်ရှုပြီး အော်ပရာတင်ဆက်ပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

လွတ်လပ်သော ပုဂ္ဂလိကသတင်းစာများ စိစစ်ခွင့်ပြုပေး

နေပြည်တော် မတ် ၁

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးကြီးကြပ်မှုဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၁၃)ကို မတ်လ ၁ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များစုံညီစွာ တက်ရောက်ပြီး ပုဂ္ဂလိကပိုင် နေ့စဉ်သတင်းစာလျှောက်ထားမှုများအား စိစစ်ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကပိုင် နေ့စဉ်သတင်းစာများအား (၁-၄-၂၀၁၃)ရက်နေ့မှစ၍ ထုတ်ဝေခွင့်ပြုနိုင်ရေးအတွက် အဆိုပြုလျှောက်လွှာများကို ၁-၂-၂၀၁၃ ရက်နေ့မှစ၍ လျှောက်ထားနိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများမှ ကြေညာချက်ထုတ်ပြန်ခေါ်ယူခဲ့ရာ ၂၈-၂-၂၀၁၃ ရက်နေ့အထိ ပုဂ္ဂလိကပိုင် နေ့စဉ်ထုတ်သတင်းစာထုတ်ဝေခွင့် အဆိုပြုလျှောက်လွှာ (၁၇)စောင် လက်ခံရရှိခဲ့သည်။

ယင်းတို့အနက် အဆိုပြုလျှောက်လွှာ (၁၄)စောင်အား အဖွဲ့မှ စိစစ်ပြီးဖြစ်ကြောင်း၊ ကျန် (၃)စောင်မှာ စိစစ်ဆဲဖြစ်ကြောင်းနှင့် စိစစ်ပြီး (၁၄) စောင်အနက် သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီသော အောက်ပါ (၈) စောင်အား တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၈ (၁)အရ ၁၄-၄-၂၀၁၃ ရက်နေ့မှစ၍ ယာယီထုတ်ဝေခွင့်ပြုလိုက်ကြောင်း သိရသည်-

(က)	ခေတ်မိုးသတင်းစာ	(လျှောက်ထားသူ ဦးခင်မောင်လေး)
(ခ)	ရွှေနိုင်ငံသစ်သတင်းစာ	(လျှောက်ထားသူ ဦးမောင်မောင်လှ)
(ဂ)	ပြည်ထောင်စုနေ့စဉ်သတင်းစာ	(လျှောက်ထားသူ ဦးတင့်ဇော်)
(ဃ)	အင်ပါယာနေ့စဉ်သတင်းစာ	(လျှောက်ထားသူ ဒေါ်ဝိုင်းအုံချစ်)
(င)	The Messenger	(လျှောက်ထားသူ ဒေါ်ကေသွယ်)
(စ)	နောက်ဆုံးရ နေ့စဉ်သတင်းစာ	(လျှောက်ထားသူ ဦးအောင်ကြူဟိန်း)
(ဆ)	မြန်မာနယူးစ်ဝိခ် နေ့စဉ်သတင်းစာ	(လျှောက်ထားသူ ဒေါက်တာတင်အောင်ခိုင်)
(ဇ)	မဇ္ဈိမသတင်းစာ	(လျှောက်ထားသူ ဦးသော်ဇင်ထွန်း)

စိစစ်ပြီး အဆိုပြုလျှောက်လွှာ (၁၄)စောင်အနက် ကျန်(၆)စောင်မှာမူ လျှောက်လွှာ၌ လိုအပ်ချက်များ ရှိနေခြင်းကြောင့် အချိန်မီပြန်လည် ပြင်ဆင်လျှောက်ထားနိုင်ရန် သက်ဆိုင်ရာလျှောက်ထားသူများထံသို့ ဆက်သွယ်အကြောင်းကြားထားကြောင်း၊ စိစစ်ဆဲလျှောက်လွှာ (၃)စောင်နှင့် ထပ်မံလျှောက်ထားလာမည့် လျှောက်လွှာများကိုလည်း ဆက်လက်စိစစ်ပြီး မတ်လနောက်ဆုံးပတ်တွင် ကျင်းပမည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ကြီးကြပ်မှုဗဟိုအဖွဲ့ အစည်းအဝေး၌ စိစစ်ဆွေးနွေး၍ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။

နိုင်ငံတကာသတင်း

အသက် ၁၁၄ နှစ်ရှိ ဂျပန်အမျိုးသမီးကြီး အိုကာဝါ ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဇော်ပြ

အိုဆာကာ မတ် ၁

ဂျပန်ကီမိုနိုထုတ်လုပ်သူတစ်ဦး၏သမီး အသက် ၁၁၄ နှစ်အရွယ်ရှိ ဂျပန်အမျိုးသမီးကြီးကို ကမ္ဘာ့အသက်ကြီးဆုံးအမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းပြုစုရေးအဖွဲ့က အသိအမှတ်ပြုခဲ့ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မီဆာယိုအိုကာဝါ (Misao Okawa) အမည်ရှိ အဆိုပါ အမျိုးသမီးကြီး **(အောက်ပုံ)** ကို ၁၈၉၈ ခုနှစ် မတ် ၅ ရက်ကမွေးဖွားခဲ့ခြင်းဖြစ်ပြီး ယခုအခါ အိုဆာကာမြို့တွင် နေထိုင်လျက်ရှိသည်။

အိုကာဝါသည် သူမ၏အမည်ဖြင့် ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းအဖွဲ့မှ ပေးပို့လိုက်သည့် အသိအမှတ်ပြုလက်မှတ်ကို ဖေဖော်ဝါရီ ၂၇ ရက်က လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

"အတော့်ကိုချစ်စရာကောင်းတဲ့ ဟာလေးပေးခဲ့တာပဲ"ဟု သူမအနှစ်သက်ဆုံးအစားအစာများ စားသောက်ပြီးနောက် သူမနေထိုင်ရာ ဘိုးဘွားရိပ်သာအဆောက်အအုံ၌ တွေ့ဆုံစဉ် သူမက ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းအသိအမှတ်ပြုမှုသည် နောက်သီတင်းပတ်တွင် ကျင်းပမည့် သူမ၏ ၁၁၅ နှစ်မြောက်မွေးနေ့အတွက် ကောင်းသောလက်ဆောင်တစ်ခုဖြစ်ကြောင်း သူမက သတင်းထုတ်ပြန်ရေးအဖွဲ့သို့ ပြောကြားခဲ့သည်။

မွေးဖွားခဲ့

အိုကာဝါသည် သူမ၏ခင်ပွန်းဖြစ်သူ ယူကီယိုနှင့် ၁၉၁၉ ခုနှစ်တွင် ထိမ်းမြားလက်ထပ်ခဲ့ပြီး ၎င်းတို့ဇနီးမောင်နှံတွင် သမီးနှစ်ဦးနှင့် သားတစ်ဦး မွေးဖွားခဲ့သည်။ သူမ၏ ခင်ပွန်းသေဆုံးခဲ့ပြီးနောက် သူမ၏ မိသားစုနှင့်အတူ လက်ရှိနေထိုင်ဆဲဖြစ်သည့် သူမမွေးဖွားရာဇာတိ အိုဆာကာမြို့သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့သည်ဟု ဆိုသည်။ သူမတွင် မြေးလေးဦးနှင့် မြစ်ခြောက်ဦးရှိသည်။ **(အေပီ)**

တင်မောင်လွင်-စုစည်းသည်

ငြိမ်းချမ်းရေးသဘောတူပြီးနောက် ထိုင်းတောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဗန်ကောက် မတ် ၁

ထိုင်းအစိုးရနှင့်တောင်ပိုင်းသူပုန်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီပြီး တစ်ရက်အကြာ ထိုင်းတောင်ပိုင်း၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် လူခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဗုံးသည် နာရာသီဝပ်ပြည်နယ် ဈေးတစ်ဈေးအပြင်ဘက်၌ မော်တော်ဆိုင်ကယ်တစ်ခုအတွင်း ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုသည် မည်သူ့လက်ချက်ဟု မသိရသေးဟု ဆိုသည်။ ထိုင်းအစိုးရနှင့် တောင်ပိုင်း သူပုန်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် အမျိုးသားတော်လှန်ရေးတစ်ဦး (ဘီအာအန်)နှင့် မလေးရှားနိုင်ငံ၌ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပြီး တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**

ရပ်နားထားသော အမေရိကန် တိုက်လေယာဉ်များ ပျံသန်းရေးလုပ်ငန်းများ ပြန်စတင်မည်

ပင်တဂွန် မတ် ၁

လွန်ခဲ့သော သီတင်းပတ်က လေယာဉ်အုပ်စုကြီးတစ်ခုလုံး မြေပြင်၌ရပ်ထားပြီးနောက် ယင်း၏ F-35 ဂျက်တိုက်လေယာဉ်များ ပျံသန်းရေးကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ပင်တဂွန်က ပြောသည်။ (အပေါ်ပုံ)

အဆိုပါ တိုက်လေယာဉ် တာဘိုင်၌ ချွတ်ယွင်းချက် တွေ့ရှိခဲ့ပြီးနောက် ပျံသန်းရေးအစီအစဉ်များ ရပ်ဆိုင်းထားခဲ့သည်။ သို့သော်လည်း လေယာဉ်များ ထိခိုက်ပျက်စီးမှုအလားအလာမတွေ့ရခြင်းကြောင့် မကြာမီ ပျံသန်းရေးအစီအစဉ်များ စတင်မည်ဖြစ်ကြောင်း လေယာဉ်အင်ဂျင် ထုတ်လုပ်ပေးသည့် ပရက်စ်နှင့် ဝှစ်နေးကုမ္ပဏီက ပြောကြားသည်။ ယင်းကုမ္ပဏီက အမေရိကန်နှင့် ပြည်ပနိုင်ငံများအတွက် F-35 တိုက်လေယာဉ်များ ထုတ်လုပ်ပေးလျက်ရှိသည်။ F-35 တိုက်လေယာဉ်သည် ပင်တဂွန်၏ ဈေးအကြီးဆုံးလက်နက်အစီအစဉ်ဖြစ်သည်။ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ နီးပါးကုန်ကျသည့် အစီအစဉ်ဖြစ်သည်။ အဆိုပါ တိုက်လေယာဉ် ၅၁ စင်း ပျံသန်းရေးစတင်နိုင်မည်ဖြစ်ကြောင်း ပင်တဂွန်က အတည်ပြုပြောကြားသည်။ **(ဘီဘီစီ)**

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ ခြောက်ထပ်ဈေး မီးလောင်မှုဖြစ်ပွား၊ ၁၉ ဦးသေဆုံး

ကိုလ်ကတ္တား မတ် ၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့ရှိ တရားမဝင်ဈေးတစ်ဈေးတွင် ဖေဖော်ဝါရီ ၂၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၉ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားခဲ့

အဆိုပါမီးလောင်မှုသည် ကိုလ်ကတ္တားမြို့အလယ် မီးရထားဘူတာရုံအနီး အထပ်ခြောက်ထပ်ရှိ ဆာဟာဆင်ဈေး၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၄ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းမီးလောင်မှု ဖြစ်ပွားရာနေရာသို့ မီးသတ်သမားရာပေါင်းများစွာတို့ စုရုံးရောက်ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် ယင်းဈေးအဆောက်အအုံအတွင်း စုစုပေါင်း ၃၈ ဦး အိပ်ပျော်နေပြီး ၎င်းတို့ကို ကယ်ဆယ်ခဲ့ရကြောင်း၊ မီးလောင်ခံရသူ အများအပြားကို အရေးပေါ်ဆေးဝါးကုသရန်အတွက် ဆေးရုံနှစ်ရုံသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အဆိုပါအိပ်ပျော်နေသူများတွင် အသက်ရှူမွန်းကျပ်ပြီး သေဆုံးသူများ၊ ဈေးကြမ်းပြင်ပေါ်များတွင် မီးလောင်ဒဏ်ရာရသူများနှင့် သတိလစ်နေသူများစွာကို မိမိတို့တွေ့ရှိခဲ့ကြောင်း မီးသတ်လုပ်ငန်း ညွှန်ကြားရေးမှူး ဂိုပယ်လ်ဘာတာချာဟာက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ အဆိုပါ မီးလောင်မှုသည် ဈေးအတွင်း စက္ကူနှင့် ပလတ်စတစ်ဆိုင်တန်းမှ ရုတ်တရက်စတင်ဖြစ်ပွားပြီး မီးလောင်မှုကို သုံးနာရီကြာငြိမ်းသတ်ခဲ့ရသည်ဟု ဆိုသည်။

(အောက်ပုံ) (အေအက်ဖ်ပီ)

ရုရှားမှဓာတ်ငွေ့ မှာယူမှု ယူကရိန်းနိုင်ငံ ထပ်မံလျှော့ချမည်ဟုဆို

ကီယက်ဗ် မတ် ၁

ယူကရိန်းနိုင်ငံသည် ယခုနှစ်အတွက် ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့မှာယူမှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ဖေဖော်ဝါရီ ၂၈ ရက်က ဆင်ဟွာတွင် ဖော်ပြသည်။

"ဒီနှစ်အတွက် သဘာဝဓာတ်ငွေ့ကို ကုဗမီတာ ၁၈ သန်းမှ သန်း ၂၀ ခန့်သာ မှာယူမှာပါ။ ကျွန်တော်တို့ ထိုအတွက် ဂစ်ပရွန်ကုမ္ပဏီကိုလည်း ကြိုတင်ပြောထားပြီးသားပါ"ဟု ယူကရိန်းနိုင်ငံ၏ နက်ဖတိုဂစ်စွမ်းအင်ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဘာဒင်ကျူပရစ်က ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံ၌ အရန်အဖြစ် သိုလှောင်ထားသော ဓာတ်ငွေ့ပမာဏလုံလောက်မှုရှိနေသဖြင့် ယခုနှစ်အတွက် ဓာတ်ငွေ့လိုအပ်ချက်မရှိနိုင်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ၂၀၁၂ ခုနှစ်က ရုရှားနိုင်ငံမှ ဓာတ်ငွေ့ ကုဗမီတာ ၃၃ သန်းခန့် မှာယူခဲ့ရာ ၂၀၁၁ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၇ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

နက်ဖတိုဂစ်နှင့်ဂစ်ပရွန်ကုမ္ပဏီတို့၏ သဘောတူစာချုပ်အရ ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံမှ တစ်နှစ်လျှင် ဓာတ်ငွေ့ကုဗမီတာ ၅၃ သန်း ဝယ်ယူရန် သဘောတူထားသည်။ သို့သော် အမှန်တကယ်ဝယ်ယူမှု ပမာဏတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းကိုသာ ပေးချေရမည်ဖြစ်သည်။ ပြီးခဲ့သည့်လတွင် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအား စာချုပ်ပါအတိုင်း ဓာတ်ငွေ့မှာယူရန် ပျက်ကွက်ခဲ့မှုအတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်း ပေးရမည်ဟု တောင်းဆိုခဲ့သည်။ **(ဆင်ဟွာ)**

နျူကလီးယားစွမ်းအင်ရယူရန်အာရှနိုင်ငံများ အပြိုင်ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စွမ်းအင်လိုအပ်ချက်သည် အခြေခံအကျဆုံးဖြစ်သည်။ စွမ်းအင်များများ ထုတ်လုပ်လာနိုင်သည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ဒီရေအလား တိုးတက်လာသည်။ စွမ်းအင်ကို အများအားဖြင့် ရေအား၊ လေအား၊ နေစွမ်းအင်၊ ရုပ်ကြွင်းလောင်စာများမှ ထုတ်ယူသုံးစွဲလျက်ရှိပါသည်။ ယင်းစွမ်းအင်တို့သည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို အနည်းဆုံးဆောင်ရွက်နိုင်သော စွမ်းအင်များဖြစ်ပါသည်။

အမေရိကန်နိုင်ငံရှိ နျူကလီးယားဓာတ်ပေါင်းဖိုများကို တွေ့ရစဉ်

သို့ပါသော်လည်း စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတို့၌မူ ထိုသဘာဝစွမ်းအင်တို့ထက် နည်းပညာပိုင်းဆိုင်ရာ အသုံးပြုသည့် နျူကလီးယားစွမ်းအင်ကို ထုတ်လုပ်အသုံးပြုလျက်ရှိသည်။ ထို့ကြောင့်လည်း အနောက်ဥရောပနိုင်ငံအများစုသည် အာရှနိုင်ငံများထက် စီးပွားရေးဆောလျင်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့ရပေသည်။ နျူကလီးယားစွမ်းအင်သည် ဓာတ်ပေါင်းဖိုတည်ဆောက်မှုကုန်ကျစရိတ် လွန်စွာကြီးမားသော်လည်း ဓာတ်ပေါင်းဖိုတည်ဆောက်ပြီးပါက စျေးနှုန်းအသက်သာဆုံးဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ကြောင်း သိရသည်။

၂၀၁၃ခုနှစ် ဇန်နဝါရီလအထိ ကမ္ဘာတစ်ဝန်းလုံးတွင် နျူကလီးယားဓာတ်ပေါင်းဖို (Nuclear Reactor) ပေါင်း ၄၃၅လုံး လည်ပတ်လျက် ရှိပြီး တည်ဆောက်ဆဲ ၆၅ခု ရှိကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency-IAEA) စာရင်းအရ သိရသည်။ ထပ်မံတည်ဆောက်ခွင့်ရရှိရန် အိုင်အေအီးအေ၏ ခွင့်ပြုချက်စောင့်ဆိုင်းနေသော ဓာတ်ပေါင်းဖိုတည်ဆောက်ရေးလုပ်ငန်း ၁၆၇ခု ရှိကြောင်းလည်း သိရသည်။ ကမ္ဘာပေါ်တွင် အမေရိကန်နှင့် ပြင်သစ်ကဲ့သို့သော နိုင်ငံကြီးများသည် နျူကလီးယားဓာတ်ပေါင်းဖို အများဆုံးပိုင်ဆိုင်ထားကြသည်။

နျူကလီးယားစွမ်းအင်ထုတ်လုပ်ခြင်းဖြင့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး စီးပွားရေးအလျင်အမြန် တိုးတက်လာနိုင်ကြောင်း သိရှိလာသည်နှင့်အမျှ အနောက်ဥရောပနိုင်ငံများသာမက အာရှတစ်ခွင်တွင်လည်း အပြိုင်အဆိုင်ထုတ်လုပ်လာကြသည်။ အရှေ့နှင့်တောင်အာရှဒေသများတွင် လည်ပတ်နေသော နျူကလီးယားဓာတ်ပေါင်းဖို ၁၇၂ ခုရှိပြီး ဆောက်လုပ်ဆဲ ၄၄ ခု ရှိကြောင်း အိုင်အေအီးအေစာရင်းများအရ သိရသည်။

တိုးတက်ခဲ့

ယင်းဒေသများတွင် ထပ်မံဆောက်လုပ်ရန် အိုင်အေအီးအေ၏ ခွင့်ပြုချက်စောင့်ဆိုင်းနေသော လုပ်ငန်း ၉၉ ခုရှိသည်။ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုဖြင့် စီးပွားရေးလျင်မြန်စွာ တိုးတက်ခဲ့ကြောင်း သိရသည်။

ထပ်မံတည်ဆောက်

ဂျပန်နိုင်ငံ ဖူကူရှီးမားဒေသတွင် ၂၀၁၁ ခုနှစ်က မြေငလျင်လှုပ်ခတ်မှုကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံများ ထိခိုက်ပျက်စီးခဲ့ပြီးနောက် ဂျာမနီနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့က လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း နျူကလီးယား စွမ်းအင်ထုတ်လုပ်မှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ထားကြသည်။ သို့ပါသော်လည်း အိန္ဒိယနှင့် တရုတ်နိုင်ငံများအပါအဝင် နိုင်ငံအများအပြားက လျှပ်စစ်စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် နျူကလီးယားဓာတ်ပေါင်းဖိုများ ထပ်မံတည်ဆောက်ရန် ကြိုးစားလျက်ရှိသည်။

ကန့်ကွက်

နျူကလီးယား စွမ်းအင်သည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရုံသာမက နျူကလီးယားလက်နက် ထုတ်လုပ်နိုင်သည့် ယူရေနီယံသန့်စင်ခြင်းကိုလည်း ပြုလုပ်နိုင်သည်။ ထို့ကြောင့်လည်း အီရန်နိုင်ငံက နျူကလီးယားစွမ်းအင် ထုတ်လုပ်ရန် ကြိုးစားနေမှုကို အနောက်နိုင်ငံများက အပြင်းအထန် ကန့်ကွက်လျက်ရှိသည်။

နျူကလီးယားစွမ်းအင်ကို ယခုအခါအာရှနိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှလွဲ၍ အာဆီယံနိုင်ငံများသည် ၂၀၂၀ ခုနှစ်တွင် နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်ရေး အပြိုင်ကြိုးစားနေကြပြီဖြစ်ကြောင်းလည်း ကြားသိရသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံသည် နျူကလီးယားဓာတ်ပေါင်းဖိုရှစ်လုံးကို ရုရှား၊ ဂျပန်နှင့် အိုင်အေအီးအေတို့၏ နည်းပညာငွေကြေးနှင့် လူသားအရင်းအမြစ်များရယူဆောင်ရွက်ရန် ဆောင်ရွက်လျက်ရှိသည်။

ညှိနှိုင်းဆောင်ရွက်

ဗီယက်နမ်နိုင်ငံသည် အာဆီယံဒေသ ၌ ၂၀၂၀ ခုနှစ်တွင် ပထမဆုံး နျူကလီးယားဓာတ်ပေါင်းဖို လည်ပတ်သုံးစွဲ နိုင်ရန် ရည်မှန်းလုပ်ကိုင်လျက်ရှိသည်။ အခြားသော အာဆီယံနိုင်ငံများဖြစ်ကြသည့် မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကလည်း ၂၀၂၀ ခုနှစ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက် လည်ပတ်သုံးစွဲနိုင်ရန် အိုင်အေအီးအေနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံတွင် အိုင်အေအီးအေအတည်ပြုချက်ရရှိပြီး စီမံကိန်းနှစ်ခုနှင့် အဆိုပြုထားဆဲ စီမံကိန်းလေးခုရှိသည်။ ထို့အတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း အိုင်အေအီးအေ၏ အတည်ပြုချက်ရရှိပြီး စီမံကိန်းတစ်ခုရှိကြောင်း သိရသည်။ ထို့အတူ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း နိုင်ငံတကာအကူအညီဖြင့် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံး တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

အပြိုင်ကြိုးစား

အနာဂတ်တွင် အာရှနိုင်ငံများသည်လည်း စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ နျူကလီးယားစွမ်းအင် ထုတ်ယူရန် အပြိုင်ကြိုးစားလာကြပြီဖြစ်ပါကြောင်း။ ။

မောင်နွေသစ် - ရေးသားသည်

နိုင်ငံတကာသတင်း

အမေရိကန်နှင့်ဂျပန် ပူးတွဲရေဒါတပ်ဆင်မည်

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် မြောက်ကိုရီးယားဒုံးကျည် ခြိမ်းခြောက်မှုအန္တရာယ်မှကာကွယ်ရန် ကျိုတိုမြို့အနီး စစ်စခန်းတစ်ခု၌ စောစီးစွာ သတိပေးစနစ်တစ်ခု တပ်ဆင်သွားရန် စီစဉ်ထားသည်။

ယင်းတို့နှစ်နိုင်ငံသည် ကျိုတိုမြို့ အနောက်မြောက်ဘက် ကျိုတန်ဂိုမြို့ လေကြောင်းကာကွယ်ရေးတပ်အခြေစိုက်စခန်း၌ X-band radar ကို တပ်ဆင်မည်ဟု ဆိုသည်။

၎င်းရေဒါစနစ်သည် အလိုအလျောက် ကာကွယ်သည့်စနစ်ဖြစ်သည်။ မြောက်ကိုရီးယားဘက်မှ ပစ်လွှတ်လာမည့် ဒုံးကျည်များကို မြေပြင်နှင့် ရေပြင် ဒုံးပျံတပ်များက ကြားဖြတ်ပစ်ချနိုင်ရန်လည်း စီစဉ်ထားသည်။

မာလီ၌ ပြင်သစ်တို့ တပ်စွဲထားမည်

မာလီစစ်ပွဲပြီးဆုံးပြီးနောက် ပြင်သစ်တပ်ဖွဲ့ဝင်များ မာလီနိုင်ငံ၌ ဆက်လက်တပ်စွဲထားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအခြေစိုက် သံတမန်များက ပြောကြားသည်။

မာလီနိုင်ငံတွင် တိုက်ခိုက်ရေးသမားများအား နောက်ထပ်စစ်ဆင်ရေးဆင်နွှဲရာ၌ ကူညီပေးရန် ပြင်သစ်တပ်ဖွဲ့ဝင်များတပ်စွဲထားမည်ဟု ပြင်သစ်သံတမန်များက ကုလသမဂ္ဂ၌ ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်း၏ မဟာမိတ်တပ်များ တပ်စွဲထားမည့်နေရာကိုမူ အသိပေးထုတ်ပြန်ခြင်းမရှိပေ။

ကမ္ဘာတစ်ဝန်း ကန်တပ်ဖွဲ့ဝင် ၁ ဒသမ ၄ သန်းရှိ

ကမ္ဘာတစ်ဝန်း၌ တာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင် ၁ ဒသမ ၄ သန်း ရှိကြောင်း ပင်တဂွန်က ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။

ယင်းစာရင်းဇယားသည် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃၀ရက်က ကောက်ယူခဲ့သော စာရင်းဇယားများကို အခြေခံထားသည်။ အမေရိကန်က ဥရောပ၊ အာရှနှင့် ပါရှန်ပင်လယ်ကွေ့နိုင်ငံများသို့ ၎င်း၏တပ်ဖွဲ့ဝင်များ စေလွှတ်ထားသည်။

ယင်းတို့တွင် အာဖဂန်၌ အများဆုံးဖြစ်သည်။ တပ်ဖွဲ့ဝင် ၆၆၀၀၀ ရှိသည်။ ဂျပန်၌တပ်ဖွဲ့ဝင် ၅၀၉၃၀ရှိပြီး တောင်ကိုရီးယားတွင် ၄၇၇၆၀ ရှိသည်။ အီတလီ၌ အနည်းဆုံးဖြစ်ပြီး ၁၀၉၂၀ တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဝါရှင်တန်၌ နျူကလီးယားယိုစိမ့်

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ ဟမ်းဖို့ဒ်ဆိုက်ရှိ မြေအောက်စွန့်ပစ်ရေဒီယိုသတ္တိကြွကန်ခြောက်ခုမှ ယိုစိမ့်မှုပိုမိုဖြစ်ပွားလာသည်ကို တွေ့ရကြောင်း ဒေသန္တရအစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ယင်းဒေသသည် အမေရိကန်နိုင်ငံ၌ နျူကလီးယားညစ်ညမ်းမှု အများဆုံးနေရာဖြစ်လာကြောင်း ဝါရှင်တန်အုပ်ချုပ်ရေးမှူး ဂျေးအင်စလီက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်ကလည်း ယင်းဒေသရှိ စွန့်ပစ်နျူကလီးယားကန် ၁၇၇ ကန်အနက်မှ တစ်ခုသည် အရည်အဆင့် ဂါလန် ၁၅၀ မှ ၃၀၀ အတွင်း မြေအောက်ရေနှင့် မြစ်များသို့ စိမ့်ထွက်နေသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ယင်းဒေသ၌ နျူကလီးယားလက်နက်များမှ ထွက်ရှိသော ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများ ဂါလန်သန်းပေါင်းများစွာ သိုလှောင်ထားခဲ့သည်။

မြင့်မောင်စိုး - စုစည်းသည်




ပြည်တွင်းသတင်း

တောင်သူပညာပေးစိုက်ခင်းမှ တစ်ဧက တင်း ၁၃၀ ထွက်ရှိမည့် ဆောင်းမြေပဲ

နေပြည်တော် မတ် ၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးအုပ်စု တောင်သူပညာပေး အထူးစိုက်ခင်းစံပြစိုက်ကွက်မှ ဆောင်းမြေပဲများ စိုက်ပျိုးထားရှိမှု အောင်မြင်ဖြစ်ထွန်းနေသည်ကိုတွေ့ရှိရ၍ မြန်မာ့အလင်းသတင်းအဖွဲ့က တောင်သူပညာပေးစိုက်ခင်း စံပြစိုက်ကွက်မှ စိုက်ခြီးစီးအရာရှိ ဦးဝင်းဦးကို တွေ့ဆုံ၍ မေးမြန်းရေးသားဖြစ်ခဲ့သည်။

မေး ။ ။ ဆရာတို့အနေနဲ့ ဆောင်းမြေပဲဘယ်နှဧက စိုက်ပျိုးထားသလဲဆိုတာ သိပါရစေ။

ဖြေ ။ ။ ကျွန်တော်တို့ ဆောင်းမြေပဲ ငါးဧက စိုက်ပျိုးထားပါတယ်။

မေး ။ ။ မြေပဲအမျိုးအစားနဲ့ စိုက်ပျိုးဖို့လိုအပ်တဲ့ မြေအမျိုးအစားကိုလည်း ပြောပြပေးပါဦး။

ဖြေ ။ ။ ဆောင်းမြေပဲ၊ မိုးမြေပဲဆိုပြီး နှစ်မျိုးရှိပါတယ်။ မြေပဲနှစ်မျိုးစလုံးကို သဲနုန်းဆန်တဲ့မြေ၊ ရွှံ့စေးရာမြေ၊ မြေစေးလယ်မြေတွေမှာ စိုက်ပျိုးလို့ရပါတယ်။

မေး ။ ။ မြေပဲစိုက်ပျိုးတဲ့အခါမှာ ဓာတ်မြေသြဇာအသုံးပြုပုံနဲ့ အချိုးအစားကို ပြောပြပေးပါဦး။

ဖြေ ။ ။ Compound ဓာတ်မြေသြဇာနဲ့ နွားချေးမြေသြဇာကို ထည့်သွင်းအသုံးပြုပါတယ်။ မြေပဲတစ်ဧကကို Compound ဓာတ်မြေသြဇာ တစ်တင်းခွဲအိတ်နှစ်အိတ်အသုံးပြုပြီး နွားချေးမြေသြဇာ နွားလှည်းခြောက်စီးတိုက် အသုံးပြုပါတယ်။

မေး ။ ။ မြေပဲမျိုးစေ့စိုက်ပျိုးတဲ့အခါ စိုက်ပျိုးပုံကိုလည်း ပြောပြ ပေးပါဦး။

ဖြေ ။ ။ မျိုးစေ့စိုက်ပျိုးတဲ့အခါ ပထမအဆင့် မျိုးစေ့ကို ရိုဇိုဘီယမ် Rozobium ဆေးလူးပြီးတော့ မြေကျင်းထဲမှာ ပုရွက်ဆိတ်၊ ခြမစားစေဖို့ ဖျူရာတန် Futran ဆေးဖျန်းရပါတယ်။ ဖျူရာတန် Futran ဆေးကတော့ မြေပဲတစ်ဧကကို တစ်ကီလိုဂရမ်အိတ် လေးအိတ် အသုံးပြုရပါတယ်။

မေး ။ ။ မြေပဲစိုက်ပျိုးတဲ့ရက်မှစတင်ပြီး ပိုးသတ်ဆေး အသုံးပြုပုံကိုလည်း ပြောပြပေးပါ။

ဖြေ ။ ။ စတင်စိုက်ပျိုးပြီး ၁၅ ရက် ပြည့်တဲ့နေ့မှာ Comet ရွက်ဖျန်းဆေးသုံးရပါတယ်။ ၁၅ ရက် နောက်ပိုင်းမှာ ပိုးကျတဲ့ပေါ်မူတည်ပြီး Danadin ပိုးသတ်ဆေး ပက်ဖျန်းပေးရပါတယ်။ ၃၂ ရက် နောက်ပိုင်းမှာ ကျောက်မှုန့်ဖြူးပေးရပါတယ်။ ကျောက်မှုန့်ကတော့ တစ်ဧကကို ခြောက်ပိဿာအိတ် ငါးအိတ်နှုန်း ဖြူးပေးရပါတယ်။

မေး ။ ။ စိုက်ပျိုးပြီး ဘယ်နှရက်မှာ နုတ်ရသလဲဆိုတာ သိပါရစေ။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ဖြေ ။ ။ စိုက်ပျိုးပြီး ရက်ပေါင်း ၁၁၀ မှာ နုတ်လို့ရပါပြီ။

မေး ။ ။ မြေပဲစိုက်ပျိုးတဲ့အခါမှာ အပင်သန်မာဖို့အတွက် အသုံးပြုဆေးကိုလည်း သိပါရစေ။

ဖြေ ။ ။ မြေပဲစိုက်ပျိုးတဲ့အခါမှာ အပင်သန်မာဆေး ပါကလိုဗျူအက်ဇော (Parcalo Vyu Ezaw)ကို သုံးရက်တစ်ကြိမ်ခန့် ပက်ဖျန်းပေးရပါတယ်။

မေး ။ ။ မြေပဲစိုက်ပျိုးဖို့အတွက် လိုအပ်သောမြေပေါင်ကိုလည်း သိပါရစေ။

ဖြေ ။ ။ မြေပဲစိုက်ပျိုးဖို့အတွက် လိုအပ်သောမြေပေါင်ကတော့ မြေကွက်အနေအထားပေါ် မူတည်ပါတယ်။ ဥပမာ ရေဝပ်တဲ့ဒေသအတွက် အလျား ၇ ပေ၊ အနံ ၃ ပေ၊ အနက် ၂ လက်မခန့်ပေါင်နှင့် တစ်ပေါင်နဲ့တစ်ပေါင် တစ်ပေစီခြားပြီး စိုက်ပျိုးရပါတယ်။

မေး ။ ။ တစ်ဧကစိုက်ပျိုးဖို့အတွက်လိုအပ်သော မြေပဲမျိုးတင်းအရေအတွက်ကို ပြောပြပေးပါ။

ဖြေ ။ ။ မြေပဲစိုက်ပျိုးဖို့အတွက် မြေပဲအဆန်တစ်တောင့်ပါတဲ့ မျိုးမြေပဲရှစ်တင်းလိုအပ်ပါတယ်။

မေး ။ ။ မြေပဲမျိုးအမျိုးအစားတွေကိုလည်း ပြောပြပေးပါ။

ဖြေ ။ ။ မြေပဲအမျိုးအစားများအနေနဲ့ တရုတ်မျိုး၊ ဝန်ကြီးမျိုးဆိုပြီး နှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့စိုက်ကွက်မှာ ဝန်ကြီးမျိုးသီးသန့်ပဲ စိုက်ပျိုးထားပါတယ်။

မေး ။ ။ ဆရာတို့ အခု မြေပဲစိုက်ပျိုးထားရှိမှုအပေါ်မှာ တစ်ဧကကို ဘယ်နှတင်းထွက်ရှိမယ်လို့ မျှော်မှန်းထားသည်ကိုလည်း သိပါရစေ။

ဖြေ ။ ။ ကျွန်တော်တို့ အခုမြေပဲငါးဧက စိုက်ပျိုးထားပါတယ်။ တစ်ဧက မြေပဲ တင်း ၁၃၀ ခန့်ထွက်ရှိမယ်လို့ မျှော်မှန်းထားပါတယ်။

နေပြည်တော်ရှိ တောင်သူပညာပေးစိုက်ခင်း စံပြစိုက်ကွက်သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ကောင်စီလမ်းနှင့် ရာဇဌာနီလမ်းမကြီးဆုံရာတွင်တည်ရှိ၍ အဆိုပါ တောင်သူပညာပေးစိုက်ခင်းကို နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ အနီးကပ်လမ်းညွှန်မှုအောက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ဦးစီး၍ စိုက်ပျိုးသီးနှံများဖြစ်သော စပါး၊ ကြံ၊ ပြောင်း၊ မြေပဲ၊ နဂါးမောက်အစရှိသည့် လယ်ယာသီးနှံများကို စနစ်တကျစီမံစိုက်ပျိုးထားပြီး တောင်သူပညာပေးစိုက်ခင်းပြကွက်တွင် စိုက်ပျိုးထားရှိမှုကို ဥပမာပြု၍ နိုင်ငံတစ်ဝန်းရှိ

တောင်သူများ အတုယူနိုင်စေရန် တောင်သူပညာပေးစိုက်ခင်း စံပြစိုက်ကွက်သို့ခေါ်၍ ရှင်းလင်းပြသခြင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ခေါ်ယူ၍ လက်တွေ့ပြသခြင်းတို့ကို အဆက်မပြတ်ခေါ်ယူ၍ ဖြန့်ဝေပေးလျက်ရှိသော တောင်သူပညာပေး စိုက်ခင်းစံပြစိုက်ကွက် သို့မဟုတ် ငါးလိုက်ဆည်ရေသောက် ဧက ၅၀၀ တောင်သူပညာပေးစိုက်ခင်းခြံ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မော်လူးတွင် GSM ဖုန်းလိုင်းများ စတင်အသုံးပြုနိုင်ပြီ

မော်လူး မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ပြီး GSM ဖုန်းလိုင်းများ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ မော်လူး စာတိုက်နှင့် ဆက်သွယ်ရေးရုံးတွင် ဒီဇင်ဘာ ၂၁ ရက်တွင် MM.Co မှ အမြင့် ၄၂ မီတာ GSM တာဝါတိုင် တည်ဆောက်ရေးအဖွဲ့က စတင်တည်ဆောက်ခဲ့ပြီး Fortune .Co မှ ဆက် သွယ် ရေး စက်ကိရိယာများကို ခေတ်မီ နည်းပညာဖြင့် တာဝန်ယူ တည်ဆောက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လူးဒေသတွင် ကျေးရွာအုပ်စု ၁၀အုပ်စု၊ ကျေးရွာပေါင်း ၄၃ ရွာရှိပြီး လူဦးရေ ၅၀၀၀ ခန့် နေထိုင်ကြောင်း၊ GSM ဖုန်းလိုင်းများ စတင်ပွင့်ပြီ၊ ဆက်သွယ်နိုင်ပြီ ဖြစ်သည့်အတွက် ဒေသခံများ ပျော်ရွှင်လျက်ရှိကြောင်း၊ ခြောက်မိုင်အနီးဝန်းကျင်ထိ လိုင်းများပွင့်ပြီ၊ ဆက်သွယ်နိုင်ပြီဖြစ်သည့်အတွက် ဒေသခံများ ပျော်ရွှင်လျက်ရှိကြောင်း၊ ခြောက်မိုင်အနီးဝန်းကျင်ထိ လိုင်းများပွင့်ပြီ၊ နန့်စီးအောင်(ပေကုန်း)တွင် တောင်တန်းများ ဝိုင်းရံနေသောကြောင့် ဆက်သွယ်ရေးအနည်းငယ်ပြတ်တောက်နေကြောင်း၊ ကချင်ပြည်နယ်အစပ်ဒေသ သာယာကုန်းကျေးရွာနှင့် အနီးတစ်ဝိုက်ထိ လိုင်းများပွင့်ကြောင်း၊ ဆက်သွယ်ရေးမှ တာဝန်ရှိသူများကလည်း အစွမ်းကုန်ကြိုးစားလျက်ရှိသောကြောင့် ဆက်သွယ်ရေးလမ်းကြောင်း အထူးကောင်းမွန်မည်ဖြစ်ပြီး ဖုန်းဆင်းကတ်များကိုလည်း မများသောနှုန်းထားဖြင့် မကြာမီ ကျေးလက်ဒေသပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ယခုအခါ မော်လူးမြို့ပေါ်တွင် GSM ဖုန်းဟန်းဆက်အရောင်းဆိုင်များ အပြိုင်အဆိုင်ရောင်းဝယ်လျက်ရှိသောကြောင့် ဒေသခံပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့်ဝယ်ယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဆိုင်ကလုံး(မော်လူး)**

ဓားထိုးမှုကြောင့် လူတစ်ဦးသေဆုံး

ပျဉ်းမနား မတ် ၁

ပျဉ်းမနားမြို့နယ် ဥယျာဉ်စုအုပ်စု ဦးကျေးရွာလမ်းမကြီးပေါ်၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မဖြူ (၃၃ နှစ်)နှင့် ခင်ပွန်းဖြစ်သူ သန်းဦး (၃၅ နှစ်)တို့ နွားကျောင်းရန်ထွက်လာစဉ် ရွာအရှေ့ပိုင်းရှိ သန်းဦး၏ ညီမဖြစ်သူ နီနီသန်း (၁၈ နှစ်)၏ အိမ်ရှေ့အရောက် ၎င်းအိမ်တွင် ရောက်ရှိနေသော ညီမဖြစ်သူကို ဝင်ခေါ်ရာမှ သန်းဦးနှင့် နီနီသန်း စကားများရန်ဖြစ်စဉ် နီနီသန်း၏ ခင်ပွန်းဖြစ်သူ လှမင်းနိုင် (၁၈ နှစ်)က သန်းဦးကို ဓားဖြင့်ဝင်ထိုးသဖြင့် သန်းဦးတွင် ဝဲဘက်ရင်အုံ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး ပျဉ်းမနားဆေးရုံသို့တင်ပို့စဉ် ညနေ ၄ နာရီတွင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ အမှုအား ပျဉ်းမနားရဲစခန်းက ပြစ်မှုဆိုင်ရာဥပဒေအရ စခန်းမှူးရဲအုပ်ကျော်မြင့်က အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၄၅)

ဖဲလောင်းကစားမှုဖမ်းဆီး

ဒုရဲအုပ် အောင်ဇော်ထူးသည် ဖေဖော်ဝါရီ ၂၄ ရက်က ဖဲလောင်းကစားနေကြောင်း သတင်းအရ သက်သေများနှင့်အတူ တော်ဝင်ကားဂိတ်ကားပါကင်အတွင်း သွားရောက်ဖမ်းဆီးရာ ဖဲရိုက်လောင်းကစားရာတွင် ပါဝင်သူ နေအောင် ၂၄ နှစ် ကယ်ရီမောင်း၊ ကျော်ညီနောင်ရပ်ကွက် တောင်သာအုပ်စု ပျဉ်းမနား ကျော်နိုင်ဦး ၃၃ နှစ် ဟင်းခွက်အိုင်ရွာ ကျောက်ပန်းတောင်းမြို့၊ သိုက်ထွန်း ၂၅ နှစ် ကျပန်း ရွာသစ်ရွာ ဇေယျာသီရိမြို့နယ် နေသူနှင့် အမည်မသိ နေရပ်စုံစမ်းဆဲ အမျိုးသားတစ်ဦးသည် ထွက်ပြေးတိမ်းရှောင်သွား၍ သက်သေများရှေ့တွင် ရှာဖွေပုံစံ ရေးသွင်းသိမ်းဆည်းပြီး နေအောင်၊ ဇော်တိုး၊ ကျော်နိုင်ဦး၊ ထွက်ပြေးတိမ်းရှောင်သူ သိုက်ထွန်းနှင့် အမည်မသိတစ်ဦးတို့ကို စုံစမ်းအရေးယူပေးပါရန် ဒုရဲအုပ်အောင်ဇော်ထူးက တိုင်တန်းခဲ့သည်။ ယင်းအမှုကို ပျဉ်းမနားမြို့နယ် ရဲစခန်းမှ ဒုရဲအုပ်မျိုးမြင့်ဦးက စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၄၅)

ကံထူးရှင်များပေါ်ထွက်

နေပြည်တော် မတ် ၁

(၂၉၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀)

ရ-၄၂၈၁၁၈

ကျပ်သိန်း (၁၀၀၀)

ဃ-၇၈၃၆၂၄

ကျပ်သိန်း (၅၀၀)

ဈ-၁၂၂၃၁၈

ကျပ်သိန်း (၃၀၀)ဆုများ

ဂ-၅၅၂၆၇၅ လ-၁၁၃၂၆၉

ကျပ်သိန်း(၂၀၀)ဆုများ

ည-၂၈၀၈၆၅ ဃ-၅၃၈၃၀၁

ဎ-၃၂၆၅၃၂

ကျပ်သိန်း(၁၀၀)ဆု
(မင်္ဂလာစုံတွဲ)များ

ဓ-၂၃၅၅၁၄	ရ-၄၀၅၂၆၈
လ-၈၂၈၂၄၉	ယ-၃၄၈၅၆၄
ပ-၉၆၂၃၆၆	ဃ-၆၀၆၉၅၃
ဟ-၄၅၉၂၉၁	ဆ-၅၃၇၄၂၂
ခ-၅၃၆၄၅၈	အ-၉၁၀၃၀၄
န-၅၁၉၅၆၇	ဌ-၄၈၈၄၂၃
ဋ-၂၁၉၀၀၃	ဓ-၆၇၃၇၃၈
ဝ-၈၅၃၃၆၈	

နေပြည်တော် မတ် ၁

အရက်သေစာသောက်ပြီး ကားမောင်းသဖြင့် ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအနီး ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းမပေါ်တွင် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှု ဖြစ်ရသည့် အကြောင်းအရင်းမှာ အရက်သေစာသောက်စားမောင်းနှင်ခြင်းကြောင့် ဖြစ်ရသည်ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရက်သေစာ သောက်စားပြီး လိုက်အေ့စ် ကားမောင်းနှင်လာသူမှာ အရှိန်မထိန်းနိုင်ဖြစ်ကာ မျက်နှာချင်းဆိုင် မောင်းနှင်လာသည့် ကျောက်သယ်ကား၏ နောက်ပိုင်းကို ဝင်တိုက်မိခြင်းဖြစ်သည်။

ယာဉ်တိုက်မှုအတွင်း လိုက်အေ့စ် ကားမောင်းသူမှာဒဏ်ရာ အပြင်းအထန်ရရှိခဲ့သည်။ မျက်မြင်တွေ့ရှိသူများ၏ပြောကြားချက်အရ ခေါင်းတွင် ထိခိုက်သွားခြင်း၊ မှန်ကွဲစများ ခန္ဓာကိုယ်တွင် စူးစိုက်ဝင်နေခြင်းနှင့် ဘယ်ခြေသလုံးရိုးအထက်ပိုင်း ကျိုးသွားခြင်းတို့ ဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ဒီကားမောင်းလာသည့်သူ အရက်မူးနေသည်မှာသေချာကြောင်း၊ ကားတိုက်မိသည့်နေရာမှ အပျက်အစီးများကို ကြည့်ရှုစစ်ဆေးရာတွင် အရက်ပုလင်းကိုလည်း တွေ့ရှိရပါကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒဏ်ရာအပြင်းအထန်နှင့် မေ့မြောနေရာမှ သတိပြန်ရလည်လာသည့်အချိန် မေးမြန်းမှုအရ ၎င်း၏အမည်မှာ မင်းလွင်ဖြစ်ကြောင်း၊ နမ္မတူမြို့နယ်တွင် နေထိုင်သူဖြစ်ကြောင်းသိရသည်။

ယင်း လိုက်အေ့စ် ကားတိုက်မိပြီး ကားလမ်းမပေါ် ကန့်လန့်ဖြတ် ကျန်ရစ်နေသည်ကို ရပ်ကွက်သူ ရပ်ကွက်သားများ၏အကူအညီဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့က လမ်းဘေးသို့ ကြိုးစားပမ်းစားတွန်းပို့ခဲ့ရသည်။ ဒဏ်ရာရ ကားဒရိုင်ဘာအားလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယခုယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့်နေရာတွင် ပြီးခဲ့သည့် နှစ်နှစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွား၍ လူသေဆုံးခဲ့ရကြောင်း အနီးကျေးရွာနေ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ထိုယာဉ်တိုက်မှုမှာ လမ်းပေါ်ရှိ ခွေးလေခွေးလွင့်တစ်ကောင်အား ဆိုင်ကယ် မောင်းနှင်သူတစ်ဦးက ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ကာ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ကွန်တိန်နာကားအောက် ဆိုင်ကယ်နှင့်လူပါ ရောက်ရှိသွားခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာအား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

❍ *ပြည်ထောင်စုလွှတ်တော်မှ*

အသုံးစရိတ်ဖြစ်သည်ကို တင်ပြလိုပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေ အသုံးစရိတ်များကို သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဘဏ္ဍာရေးကျင့်စဉ်များနှင့်အညီ စနစ်တကျစိစစ်သုံးစွဲလျက်ရှိပါကြောင်း၊ ကာကွယ်ရေးဆိုင်ရာ ဘတ်ဂျက်အနေဖြင့် ပြည်ထောင်စုချုပ် အသုံးစုစုပေါင်း၏ ၁၂ ဒသမ ၃၈ ရာခိုင်နှုန်းရှိသည့် တစ်နည်းအားဖြင့် ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ဂျီဒီပီ၏ ၃ ဒသမ ၄၇ ရာခိုင်နှုန်းကိုသာ အသုံးပြုမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အခြားအသုံးစရိတ်များမှ မော်တော်ယာဉ်များဝယ်ယူရန် ဝန်ဆောင်မှုကုန်ကျစရိတ် တန်ဖိုးငွေကျပ် သန်း ၁၈၄၇၀ ဒသမ ၅၀၄ ကို ၅၀ ရာခိုင်နှုန်း လျှော့၍ခွင့်ပြုရန် ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက အဆိုတင်သွင်းခဲ့သော်လည်း ကန့်ကွက်ဆန္ဒမဲများသည့်အတွက် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုခဲ့သည်။

ထို့နောက် **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း** တစ်ရပ်လုံးအား လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း အတည်ပြုသည်။

အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုဆုံးဖြတ်ချက်များအပေါ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က "အခု မဲခွဲဆုံးဖြတ်လိုက်တော့ ကျွန်တော့်အဆိုက ရှုံးသွားတယ်လေ။ ကျွန်တော့်အနေနဲ့ ကာကွယ်ရေးအသုံးစရိတ်မှမဟုတ်ပါဘူး။ ဝန်ကြီးဌာနအားလုံးရဲ့ အသုံးစရိတ်တွေကိုလည်း ကျွန်တော့်ရှုထောင့်က ကျွန်တော်ကြည့်တယ်။ အဲဒီလိုကြည့်တဲ့အခါမှာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ်က အခြားဝန်ကြီးဌာနတွေနဲ့စာရင် များနေတာကို တွေ့ရတယ်။ အဲဒီတော့ ကျွန်တော်က ကာကွယ်ရေးအသုံးစရိတ်ကိုလျှော့ပြီး ကျန်းမာရေးနဲ့ ပညာရေးဝန်ကြီးဌာနတွေကို တိုးမပေးသင့်ဘူးလား၊ အဲဒီသဘောနဲ့ ကာကွယ်ရေးအသုံးစရိတ်ကိုလျှော့ချဖို့ အဆိုပြုခဲ့တာပါ။ အခု ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးအသုံးစရိတ်နဲ့ပတ်သက်ပြီး အသေးစိတ်ရှင်းပြလိုက်တော့ ကျွန်တော် သဘောပေါက်သွားပါတယ်။ အဓိကကတော့ ပွင့်လင်းမြင်သာမှု ရှိဖို့ပါပဲ။ အစကတည်းက ပွင့်လင်းမြင်သာမှု ရှိခဲ့ရင် ကျွန်တော် အဆိုတင်သွင်းဖြစ်မှာ မဟုတ်ပါဘူး။ အစကတော့ သူတို့လုပ်ငန်းအခက်အခဲတွေကို ကျွန်တော် မသိခဲ့ပါဘူး။ အခု ပြည်ထောင်စုဝန်ကြီး ရှင်းပြတော့ ကျွန်တော် နက်နက်ရှိုင်းရှိုင်းသိလိုက်ပါတယ်။ ကျွန်တော်က ပြည်သူ့ကိုယ်စားလှယ်တစ်ဦးဆိုတော့ ပြည်သူတွေအကျိုးအတွက် ကြည့်ပြီး အဆိုတင်သွင်းခဲ့တာပါ။ အခု ပြည်ထောင်စုဝန်ကြီးရှင်းပြလို့ သိလိုက်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျေနပ်ပါတယ်။ အခု တစ်ဖက်နဲ့တစ်ဖက်လည်း အမြင်ချင်းရှင်းသွားတာမို့ ကောင်းပါတယ်" ဟု ပြောပြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံက "စီမံ/ စီးပွားဝန်ကြီးဌာနက ဧည့်ကြိုကားတွေ ဝယ်ယူဖို့အတွက် ဘဏ္ဍာငွေ တောင်းခံတာကို ကိုယ်စားလှယ်တစ်ဦးက လျှော့ချဖို့ အဆိုပြုခဲ့ပါတယ်။ အဲဒီအဆိုကို မဲခွဲဆုံးဖြတ်လိုက်တော့ အဆိုက ရှုံးပါတယ်။ ပြည်ထောင်စုဝန်ကြီးက ရှင်းပြတာကတော့ အရင်နှစ်ကတည်းက ကားဝယ်ဖို့ ဘတ်ဂျက်တင်ထားတယ်။ အဲဒီဘတ်ဂျက်က ကားဝယ်ဖို့ မမီဖြစ်သွားလို့ နိုင်ငံတော်ကို ပြန်အပ်လိုက်တယ်။ အခုလာမယ့် ဘဏ္ဍာနှစ်မှာ ဧည့်ကြိုကားတွေဝယ်ဖို့ ပြန်တောင်းတာလို့ ရှင်းပြပါတယ်။ အခု ကျွန်တော်တို့နိုင်ငံကို အခြားနိုင်ငံ့ခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ လာတာများတယ်လေ။ နောက်ပြီး ဒီမှာ အာဆီယံအစည်းအဝေးတွေ၊ အခြားစီးပွားရေးဆိုင်ရာ အစည်းအဝေးတွေ ကျင်းပမှာဆိုတော့ ဧည့်ကြိုကားတွေ လိုအပ်တယ်မဟုတ်လား။ ကိုယ့်နိုင်ငံကိုလာတဲ့ဧည့်သည်တွေကို ကိုယ့်နိုင်ငံမှ ဧည့်ဝတ်ကျေမှုလည်း ကောင်းတယ်မဟုတ်လား။ အခြားနိုင်ငံက နိုင်ငံ့အကြီးအကဲတွေအတွက် လုံခြုံရေးကလည်း အရေးကြီးတော့ ကျည်ကာကားတွေ၊ အခြားဧည့်ကြိုကားတွေ ရှိထားရင်တော့ကောင်းတယ်လို့ ထင်ပါတယ်"ဟု ပြောပြသွားသည်။

"Convention on the Recognition and Enforcement of Foregin Arbitral Awards,1958 (New York Convention)" သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က New York Convention ကို New York Arbitration Convention ဟု လည်းကောင်း၊ Convention on the Recognition and Enforcement of Foregin Arbitral Awards ဟု လည်းကောင်း ခေါ်ဝေါ်ကြပါကြောင်း၊ ၎င်းကွန်ဗင်းရှင်းသည် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုနှင့်ပတ်သက်သည့် ဖြေရှင်းဆောင်ရွက်ရန် အဓိကပြဋ္ဌာန်းချက်များအနက်မှ ပြဋ္ဌာန်းချက်တစ်ခုဖြစ်ပါကြောင်း။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် အဆိုပါအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးသည် အရေးကြီးသောလိုအပ်ချက် တစ်ခုဖြစ်ပါကြောင်း၊ ဤအဖွဲ့သို့ ဝင်ရောက်ခြင်းဖြင့် နိုင်ငံတစ်နိုင်ငံ၏ အနုညာတခုံရုံးက ချမှတ်သောဆုံးဖြတ်ချက်ကို အခြားတစ်နိုင်ငံတစ်ခုတွင် လိုက်နာအကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ထိုအဖွဲ့သို့ ဝင်ရောက်မှသာ မြန်မာနိုင်ငံ အနုညာတခုံရုံးက ချမှတ်သောဆုံးဖြတ်ချက်ကို အခြားအဖွဲ့ဝင်နိုင်ငံ၌ လိုက်နာအကောင်အထည်ဖော်နိုင်သကဲ့သို့ အခြားအဖွဲ့ဝင်နိုင်ငံက ချမှတ်သောဆုံးဖြတ်ချက်ကို မိမိတို့နိုင်ငံ၌ လိုက်နာအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံရန် လာရောက်ကြသည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမှုပြုရာတွင် မြန်မာနိုင်ငံအနေဖြင့် New York Convention ဝင်နိုင်ငံ ဟုတ်၊ မဟုတ် ထည့်သွင်း စုံစမ်းလေ့ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်များ ချုပ်ဆိုရာတွင်လည်း အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များ ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ စာချုပ်ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးနိုင်ရန်နှင့် စာချုပ်ဝင်နိုင်ငံများအကြားတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများအကြားတွင် လည်းကောင်း ပေါ်ပေါက်လာသော အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရာတွင် New York Convention ပါ Arbitration ပြဋ္ဌာန်းများနှင့်အညီ ဖြေရှင်းနိုင်ရန် ထည့်သွင်းချုပ်ဆိုလေ့ရှိသဖြင့် New York Convention သို့ ဝင်ရောက်ရန် လိုအပ်လာပါကြောင်း ရှင်းလင်းတင်ပြသည်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၁)နှင့် စပ်လျဉ်း၍ စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွဋ်က အဆိုတင်သွင်းသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို မတ် ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် ပြောကြားစဉ်။ (မြန်မာ့အလင်း)

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ ပြောကြားစဉ်။ (မြန်မာ့အလင်း)

လျှော်ဘေးသင့် ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများပေးအပ်

နေပြည်တော် မတ် ၁

မန္တလေး တိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီးအတွင်း မြေငလျင်ဘေး ဖြစ်ပွားမှုကြောင့် ငလျင်ဘေးသင့် ပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ဦးဝမ်ရှိန်-ဒေါ်ခင်ထွေးတို့က အလှူငွေကျပ် ငါးသောင်းကို လည်းကောင်း၊ ဒေါက်တာကြည်ဦး-ဒေါက်တာ ခင်မာရှိန်က အလှူငွေကျပ်ငါးသောင်းကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဒေါ်ဆွေဆွေအောင်က အလှူငွေကျပ် နှစ်သောင်းကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၃-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅	SEA Games လှုံ့ဆော်ရေးဓာတ်လမ်းတို **ရွှေရောင်မျိုးဆက်**

နေ့လယ်ပိုင်း

၁၁း၅၀	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

ညပိုင်း

၆း၃၅	၂၀၁၃ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)
၇း၀၀	ပြည်တွင်းသတင်း
၈း၀၀	ပြည်တွင်းသတင်း ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ တစ်နေ့တာမှတ်တမ်း
၁၀း၀၀	ပြည်တွင်းသတင်း

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၁၉ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပနေပုံကိုလေ့လာပြီး လွှတ်တော်အဆောက် အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာအုပ်တာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ယူနန်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Liu Huiyan ဦးဆောင်သော ယူနန်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ဒုတိယသမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့အကြား စီးပွားရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေးနှင့် လျှပ်စစ်စွမ်းအားကဏ္ဍတို့၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ကူညီဆောင်ရွက်မည်၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၅၄ ပုဒ်မခွဲ(ဃ)အရ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက် နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟုလည်း ဖော်ပြပါရှိပါကြောင်း။

တိုင်းရင်းသား ဘာသာစကားစာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများသည် ပြည်ထောင်စု၏ အမွေအနှစ်များပင်ဖြစ်ပြီး ယင်းအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ပေးမှသာ တိမ်ကောပပျောက်မသွားဘဲ ခိုင်မြဲတည်တံ့ရှင်သန်နေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မျက်မှောက်ကာလ တိုင်းရင်းသား လူငယ်မောင်မယ်များအား တိုင်းရင်းသားဘာသာစကား၊ စာပေများ သင်ကြားပေးရန် လိုအပ်လာပြီဖြစ်ကြောင်း။

တိုင်းရင်းသား ဘာသာစကား၊ စာပေသင်ကြားမှုနှင့် ပတ်သက်ပြီး ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည်များကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ၁၉၈၁-၁၉၈၂ ပညာသင်နှစ်ကစပြီး သူငယ်တန်းတွင် အင်္ဂလိပ်စာစတင်သင်ကြားပေးချိန် တိုးလာခြင်းကြောင့် တိုင်းရင်းသားဘာသာသင်ချိန် မပါရှိတော့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြန်မာစာကို ရုံးသုံးစာ၊ အင်္ဂလိပ်စာကို နိုင်ငံတကာသုံးစာအဖြစ် သင်ကြားပေးနေသည့်နည်းတူ ပြည်ထောင်စု၏ အမွေအနှစ်ဖြစ်သည့် တိုင်းရင်းသားဘာသာစကား၊ စာပေကိုလည်း သင်ကြားပေးရမည် ဖြစ်ကြောင်း။

ပြည်နယ် ပြည်မ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် ပညာရေးကို နိုင်ငံတော်အနေဖြင့် အစွမ်းကုန် ဆောင်ရွက်ပေးနေကြောင်း၊ ပညာ၊ ဗဟုသုတကို အခြေခံပြီး လုပ်ငန်းတစ်ခုခုကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပါမှသာ ယှဉ်ပြိုင်မှု အင်မတန် ပြင်းထန်သည့် ယနေ့ကမ္ဘာတွင် မိမိတို့နောက်ကျမကျန်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာမူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာ၊ တိုင်းရင်းသားစာသင်ကြားပေးနိုင်ရေးအတွက် တိုင်းရင်းသားဘာသာဆရာ လက်စွဲစာအုပ်များ၊ တိုင်းရင်းသားဘာသာ သင်ခန်းစာများကို ရေးသားပြုစုနေကြပြီ ဖြစ်ကြောင်း၊ သင်ကြားရေးအတွက် အဓိက အခရာဖြစ်သည့် တိုင်းရင်းသားဘာသာပြ ဆရာ ဆရာမများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးရန် စီစဉ်ထားပြီးဖြစ်ရာ ဝါသနာလည်းပါ၊ စေတနာလည်းထားပြီးတိုင်းရင်းသားဘာသာကို ကျွမ်းကျင်စွာ သင်ကြားပေးနိုင်မည့် အရည်အချင်းပြည့်မီသည့် ဒေသခံတိုင်းရင်းသားများအား ဦးစားပေးရွေးချယ်ပြီး ခန့်အပ်တာဝန်ပေးမည် ဖြစ်ကြောင်း၊ အခြားသော တိုင်းရင်းသားစာပေများကျန်ရှိနေကြောင်း၊ ဆက်သွယ်လာပါက သက်ဆိုင်ရာ တိုင်းရင်းသားဘာသာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး ကျောင်းသုံးစာအုပ်များထဲတွင်ပါသည့် သင်ခန်းစာများကို ပြုစုသွားမည်ဖြစ်ကြောင်း၊ ဆောလျင်စွာ သင်ကြားပေးနိုင်ရေးအတွက် ပညာရှင်များကလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားဘာသာဖြင့် ပြုစုထားသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုသည်။

ယနေ့ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းသုံးစာအုပ်များကို သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားဖြင့် ပြုစုသည့် ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

MBA ဘွဲ့ရများ၏ ဆဋ္ဌမအကြိမ်မြောက် မိတ်ဆုံညစာစားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အမ်ဘီအေသင်တန်း စတင်ခဲ့သည့် ၁၉၉၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အချိန်ပြည့် နေ့သင်တန်းများနှင့် ညနေပိုင်းသင်တန်းများမှ အမ်ဘီအေဘွဲ့ရရှိခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် စုံညီမိတ်ဆုံညစာစားပွဲကို မတ် ၁၇ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်ရှိ Myanmar Convention Centre ၌ ကျင်းပမည် ဖြစ်သည်။

အမ်ဘီအေသင်တန်းများတွင် သင်တန်းပို့ချခဲ့ကြသော၊ ပို့ချဆဲ ဖြစ်သော ဆရာကြီး ဆရာမကြီးများအားတွေ့ဆုံဂါရဝပြုရင်း သင်တန်းအသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ၊ အမ်ဘီအေမိသားစုဝင်များအားလုံး ချစ်ခင်ရင်းနှီးစွာ တပျော်တပါး ပြန်လည်တွေ့ဆုံနိုင်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပကြောင်း သိရှိရသည်။

ညစာစားပွဲ ဖြစ်မြောက်ရေးကော်မတီဝင်များဖြစ်သည့် ကိုမင်းဦး ဖုန်း-၀၉-၅၀၀၇၁၆၆၊ ကိုကောင်းငြိမ်းစိုး ဖုန်း-၀၉-၄၃၀၉၄၃၁၇၊ ကိုလှထွန်းဖြူ ဖုန်း- ၀၉-၇၃၀၀၀၁၉၉၊ မသိန်းသန်းမင်းဖုန်း-၀၉-၅၁၆၃၁၂၃ နှင့် ကိုသိန်းဦး ဖုန်း-၀၉-၅၀၁၉၁၈၄ တို့ထံသို့ ဆက်သွယ်၍သိရှိလိုသည်များကို မေးမြန်းစုံစမ်းနိုင်ပြီး ညစာစားပွဲ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးပေးနိုင်ကြကြောင်း သိရသည်။ **(ရွှေပြည်ဟိန်း)**

ဘ၀အမောပြေ

တော်သွားမှတော်သား

သေခါနီးဆဲဆဲဖြစ်နေသော ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူအား ခေါ်ကာ-

ခင်ပွန်း ။ မိန်းမရေ ငါမသေခင်လေးကို နောက်ဆုံးအနေနဲ့ အမှန်အတိုင်းပြောပြပါကွာ။ ငါတို့သားလေးယောက်ထဲမှာ အငယ်ဆုံးကောင်က ကျန်တဲ့သုံးယောက်နဲ့လည်းမတူဘူး။ ရုပ်အဆိုးဆုံးပဲကွာ။ အဲဒါ ဘယ်သူ့သားလဲဟင်။

ဇနီး ။ အမယ်လေး ဘုရားစူးရပါစေရဲ့။ တော်သွားမှတော်သား အစစ်ပါ။ (ခင်ပွန်းဖြစ်သူမှာ ညင်ညင်သာသာဖြင့် အသက်ထွက်သွားရှာလေသည်။) ဇနီးဖြစ်သူက ရင်ဘတ်ဖိလျက် တော်ပါသေးရဲ့ အကြီးသုံးယောက်ကို မမေးလို့----။

MMH - ရေးသားသည်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး
အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

ဂျော်ဒန်နိုင်ငံသို့တရားမဝင်သွားရောက်အလုပ်လုပ်နေသော အလုပ်သမားများ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်

နေပြည်တော် မတ် ၁

ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle Apparel Mfg Co., Ltd. အထည်ချုပ်စက်ရုံ၌ လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား ၁၃၀၀ရှိသည့်အနက် အလုပ်သမား ၁၂၀၀ ခန့်သည် ဖေဖော်ဝါရီ ၁၄ ရက်မှစတင်ပြီး အလုပ်ရှင်အား ဆန္ဒပြလျက်ရှိရာ ပြေလည်မှုမရရှိသေးကြောင်း သိရှိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဂျော်ဒန်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ပြဿနာကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ပြောကြား

မြန်မာသံရုံး၏ ညှိနှိုင်းဆောင်ရွက်ပေးချက်အရ စက်ရုံတာဝန်ခံက စားသောက်ရေး အဆင်ပြေစေရန် အတွက် မြန်မာစားဖိုမှူးလေးဦး ခန့်ထားပေးမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံမှ အစားအသောက်များ မှာယူချက်ပြုတ်ပေးမည် ဖြစ်ကြောင်း၊ ဘာသာစကားအခက်အခဲပြေလည်စေရန်အတွက် မြန်မာလူမျိုးအချို့အားကြီးကြပ်ရေးမှူးအဖြစ် ထားရှိပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်သမားများ၏ အခြေခံလစာ တိုးမြှင့်မပေးနိုင်သော်လည်း အခြားခံစားခွင့်အား တိုးမြှင့်ပေးရန်အတွက် စဉ်းစားဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများ အနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အလုပ်သမားများ ပို့ဆောင်နေသော ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်လျှောက်ထားခြင်းမရှိသည့် New Covenant အေဂျင်စီမှ တာဝန်ခံ ဦးစိုင်းတင်ထွန်းသည် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိလျက်ရှိပြီး အလုပ်သမားများ ဆန္ဒပြတောင်းဆိုနေမှုအား အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ညှိနှိုင်းဆွေးနွေး

အလုပ်ပြန်ဆင်းလိုသည့် မြန်မာအလုပ်သမား အများစုရှိသော်လည်း သဘောထားတင်းမာသည့် ဆန္ဒပြနေသည့် မြန်မာအမျိုးသား အလုပ်သမားအချို့၏ ခြိမ်းခြောက်ဟန့်

ငါးရှဉ့်နှင့်ကဏန်းကို စနစ်တကျမွေးမြူပြီး တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့ရန်လို

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၅၃ ဒသမ ၈၅ သန်းရရှိခဲ့ပြီး ယင်းအနက် ကဏန်းမှ ၄၂ ဒသမ ၅ သန်းခန့်၊ ငါးရှဉ့်မှ ၄၀ ဒသမ ၅ သန်းနီးပါးနှင့် ရေချိုငါးမှ ၁၁၅ သန်းကျော်ရရှိခဲ့သည်။

ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၆၈ သန်းကျော်ရရှိခဲ့ပြီး ယင်းအနက် ကဏန်းမှ ၃၉ ဒသမ ၄၁၃ သန်း၊ ငါးရှဉ့်မှ ၄၂ ဒသမ ၆၆၂ သန်းနှင့် ရေချိုငါးမှ ၉၅ ဒသမ ၂၈ သန်းရရှိခဲ့သည်။

ကဏန်းနှင့်ငါးရှဉ့်မှာ ဈေးကောင်းရပြီး ဝယ်လိုအားမြင့်တက်လျက်ရှိရာ အခွံမာကဏန်းထက် ကဏန်းပျော့က ပိုမိုဈေးကောင်းရလျက်ရှိသဖြင့် အခွံမာကဏန်းကို အကောင်ကြီးအဖြစ် မွေးမြူတင်ပို့နိုင်ရန် လိုသကဲ့သို့ တန်ဖိုးမြှင့်ပစ္စည်းအဖြစ် ကဏန်းပျော့ကို ပိုမိုမွေးမြူထုတ်လုပ်တင်ပို့ရန် လိုအပ်သည်။

ထို့အတူ ငါးရှဉ့်မှာလည်းအကြီး၊ အသေးရောနှော၍ သောင်းပြောင်းတင်ပို့နေသဖြင့် ဈေးကောင်းရသင့်သလောက်မရဖြစ်နေသည်။ ငါးရှဉ့်အသေးများကို အကြီးဖြစ်အောင် မွေးမြူပြီး အကောင်ကြီးများကိုသာ တင်ပို့ပါက ပိုမိုဈေးကောင်းရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ၎င်းတို့ဗီယက်နမ်နိုင်ငံသို့ သွားရောက်လေ့လာစဉ် ဗီယက်နမ်မှ လယ်သူမကြီးများက ၎င်းတို့၏ အိမ်ရှေ့၊ အိမ်နောက်တို့တွင် အုတ်ကန်များဆောက်လုပ်ပြီး ငါးရှဉ့်အသေးကို အကြီးအဖြစ် မွေးမြူပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ငါးရှဉ့်အကောင်ပေါက်များ ပေါများပြီး ငါးရှဉ့်အစာငါးနုတ်၊ ငါးဖွဲများ ပေါများသည့်နေရာတွင် တစ်ရွာထုတ်ကုန်တစ်မျိုးအနေဖြင့် ငါးရှဉ့်မွေးမြူသည့်ကျေးရွာများ ထူထောင်ပြီး မွေးမြူပါက ဈေးကောင်းရမည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း။

ဝယ်ယူစားသုံး

မိမိတို့နိုင်ငံမှ တင်ပို့သည့် ကဏန်းနှင့်ငါးရှဉ့်ကို တရုတ်နိုင်ငံက ၎င်းတို့ပြည်တွင်း၌ စားသုံးရန်သာမက ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာ ငါးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကိုရီးယား၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများက ဈေးကြီးပေး၍ ပြန်လည်ဝယ်ယူစားသုံးနေရကြောင်း ယင်းနိုင်ငံမှ ပုဂ္ဂိုလ်များ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ လာရောက်စဉ်ပြောပြ၍ သိရှိရကြောင်း။

ငါးရှဉ့်နှင့်ကဏန်းများ ပြည်တွင်း၌ စားသုံးမှုနည်းပါးပြီး ယင်းကဲ့သို့ ဈေးကွက်ရှိသည့် နိုင်ငံများနှင့် တိုက်ရိုက်ချိတ်ဆက်ကာ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချနိုင်မည်ဆိုပါက မိမိတို့အတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ညွန့်သန်း)**

ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Liu Huiyan
။ (သတင်းစဉ်)

လုပ်သမားများ အရေးကိစ္စအား ညီဆောင်ရွက်ပေးလျက်ရှိ

ာင်း ပြောကြား
လုပ်သမားများ
ပြည်ပအလုပ်
လိုင်စင်
ရှိသည့် New
စီမှ တာဝန်ခံ
ဂျော်ဒန်နိုင်ငံ
ရှိပြီး အလုပ်
တောင်းဆိုနေမှု
ညှိနှိုင်းဖြေရှင်း
ရှိသည်။
ဆွေး
လိုသည့် မြန်မာ
စုရှိသော်လည်း
သည့် ဆန္ဒပြ
မျိုးသား အလုပ်
မ်းခြောက်ဟန့်

တားမှုများကြောင့် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ခြင်း မရှိကြောင်း၊ မြန်မာသံရုံးအနေဖြင့် တတ်နိုင်သမျှ အလုပ်သမားများအား ဖျောင်းဖျပေးလျက်ရှိပြီး စက်ရုံမှ တာဝန်ရှိသူများနှင့်လည်း ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် သံရုံးမှတစ်ဆင့် ဆက်သွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံမှ အလုပ်သမားစေလွှတ်ခဲ့သော ကိုယ်စားလှယ်နှင့် ဆက်သွယ်၍လည်းကောင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့်ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လိုအပ်ချက်အရလက်တွေ့လုပ်ကိုင်နိုင်သည်များကိုလုပ်ငန်းကဏ္ဍအလိုက်ပြန်လည်သုံးသပ် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ချမှတ်သွားရန် ရည်ရွယ်ဆောင်ရွက်

နေပြည်တော် မတ် ၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam ဦးဆောင်သည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E. Mr. Murat Yavuz Ates ဦးဆောင်သည့် အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အနာဂတ်လုပ်ငန်းစဉ်များအတွက် အဓိကဦးတည်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူလူထု၊ နိုင်ငံတော်၊ ပြည်တွင်းရှိ လူထုအဖွဲ့အစည်းအသီးသီးမှ လူသားချင်းစာနာသည့် အကူအညီအထောက်အပံ့များအား ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးခဲ့သကဲ့သို့ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှလည်း လူသားချင်းစာနာသော အထောက်အပံ့များ ကူညီထောက်ပံ့ခဲ့ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မောင်တောမြို့နယ်တွင် နေအိမ် ၂၀၂လုံးဆောက်လုပ်ပေးခဲ့ပြီး စစ်တွေမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့တွင် နေအိမ် ၇၀၄ လုံး ဆောက်လုပ်ပေးလျက်ရှိသည့် အခြေအနေ၊ အလားတူ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ မောင်တောမြို့နယ်တွင် နေအိမ် ၂၂၂ လုံး ဆောက်လုပ်ရန် လျာထားခဲ့ရာ အလုံး ၈၀ ဆောက်လုပ်ပြီးစီးသည့် အခြေအနေ၊ CARE Myanmar အနေဖြင့် မောင်တောမြို့နယ်တွင် နေအိမ် ၁၂၈ လုံး ဆောက်လုပ်ရန် လျာထားခဲ့သော်လည်း လုပ်ငန်းစတင်နိုင်ခြင်း မရှိသေးသည်ကိုလည်းကောင်း၊ အလှူရှင်နိုင်ငံများမှ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ထောက်ပံ့ပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြား၍ ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စားနပ်ရိက္ခာများ၊ စားနပ်ရိက္ခာမဟုတ်သောပစ္စည်းများ ထောက်ပံ့ပေးခဲ့သည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည်လည်း ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အားတက်သရော ပူးပေါင်း ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအကြား ပိုမိုနားလည်မှုရှိစေရန်နှင့် လိုအပ်ချက်အရ လက်တွေ့လုပ်ကိုင်နိုင်သည်များကို လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်သွားရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားကာ နိဂုံးချုပ်အနေဖြင့်ရခိုင်ပြည်နယ်၏ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လက်တွေ့ကျကျဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းစဉ်များ ပေါ်ထွန်းရေးအတွက် ယခုအစည်းအဝေးတွင် ပြည့်စုံကောင်းမွန်သည့် နည်းလမ်းကောင်းများ၊ အကြံဉာဏ်ကောင်းများ ဖော်ထုတ်ပေးသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နောက်ဆုံးဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လိုအပ်ချက်၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးသည်။ ထို့နောက် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam က ဆွေးနွေးပြောကြားရာတွင် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ အခွင့်အလမ်းပေါ်ပေါက်မှုအတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ပိုမိုထိရောက်သော ကူညီထောက်ပံ့မှုများ ပေးရန် ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရနှင့် ကုလသမဂ္ဂ နိုင်ငံတကာအဖွဲ့အစည်းများအကြား ပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကြိုဆိုအပ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာအလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအားလည်း ပူးပေါင်း ကူညီဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပွင့်လင်းမြင်သာစွာ ဆွေးနွေးမှုများအပေါ် ကြိုဆိုအပ်ပါကြောင်းနှင့် စိန်ခေါ်မှုများအား စုပေါင်း အဖြေရှာနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အခက်အခဲများကိုတားဆီးကာ ဖယ်ရှားသွားရမည်ဖြစ်ပါကြောင်းနှင့် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အခြေခံဖြည့်ဆည်းပေးရမည့် လုပ်ငန်းများကို နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီ ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ မကြာမီကာလအတွင်းမိုးရာသီရောက်ရှိမည်ဖြစ်သဖြင့် ဒုက္ခသည်စခန်းများသို့ လိုအပ်ချက်များ အချိန်မီရောက်ရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိုးရာသီကျရောက်သည့်အခါ ရေနှင့်ပတ်သက်သည့်ရောဂါများ ဖြစ်ပွားနိုင်သဖြင့် မဖြစ်ပွားအောင် ကြိုတင်ဆောင်ရွက်သွားရန်လိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ဌာနဆိုင်ရာများဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး အလှူရှင်နိုင်ငံများဖြစ်သော တူရကီ၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ အမေရိကန်၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်များက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပေါ် အမြင်များနှင့် အကြံပြုချက်များ၊ ထောက်ပံ့ပေးနိုင်မှုအခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်ကြသည့် UNOCIIA, WFP, UNDP, FAO, CDN, UNHCR, TIKA, WHO, UNICEF, Save the Children တို့မှ ကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စစ်တွေမြို့ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သော သက္ကယ်ပြင်ကယ်ဆယ်ရေးစခန်း၊ သက္ကယ်ပြင်-ပလ္လင်ပြင် လမ်းဖောက်လုပ်မှု အခြေအနေ၊ မင်းဂံကယ်ဆယ်ရေးစခန်း၊ စက်မှုနှင့်ရေလုပ်ငန်းရပ်ကွက်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဒုက္ခသည်များအတွက် ကျေးလက်တန်ဖိုးနည်းအိမ်ရာ ၆၆၉ လုံး စတင်ဆောက်လုပ်နေမှုလုပ်ငန်းခွင်၊ ဆပ်ရိုးကျချောင်း ချောင်းကူးတံတား တည်ဆောက်ရန် လျာထားသည့်နေရာနှင့် စစ်တွေ-ပလ္လင်ပြင် ကမ်းခြေပတ်လမ်း ၁၃ မိုင် တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ASEAN Youth Camp 2013-Parakon Rajibat University ၏ ဖိတ်ကြားချက်အရ PS Business School မှ လေ့လာရေးအဖွဲ့ဝင်များ လေ့လာရေးမထွက်ခွာမီ ရန်ကုန်လေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

ရုရှား – မြန်မာ သံတမန်ဆက်ဆံရေးအထိမ်းအမှတ် သမိုင်းဝင်ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၏စီစဉ်မှုဖြင့် (၆၅) နှစ်မြောက် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေးအထိမ်းအမှတ် သမိုင်းဝင်ဓာတ်ပုံပြပွဲဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံသံအမတ်ကြီး H.E. Mr. Vasily B.Pospelov နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးတို့က အမှာစကားပြောကြားကြသည်။

အဆိုပါ ဓာတ်ပုံပြပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းကာ နှစ်နိုင်ငံအကြီးအကဲများ၏ခရီးစဉ် မှတ်တမ်းများ၊ ရှေးဟောင်း စာရွက်စာတမ်းများနှင့် သမိုင်းဝင်ဓာတ်ပုံများကို ခင်းကျင်းပြသထားပြီး မတ် ၁၀ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅၌ ပါရှိသော ၃၉ လမ်းအတွင်း လူမရှိ ဂိုဒေါင်မီးထလောင်သတင်းတွင် "ကုန်သွယ်လယ်ယာဂိုဒေါင်"ဟု ဖော်ပြပါရှိခဲ့ပါသည်။ အဆိုပါ ဂိုဒေါင်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် ဂိုဒေါင်မဟုတ်ဘဲ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် ဂိုဒေါင်ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။

(မြန်မာ့အလင်း)

ဦ
ငံလို

မေးမြန်းပါက
ပြင် အလုပ်
များလည်း ရရှိ
။
သုံး
တင်ပို့သည့်
တရုတ်နိုင်ငံ
၌ စားသုံးရန်
ပြည်ပြည်ဆိုင်
တင်ပို့ရောင်းချ
ရီးယား၊ ဂျပန်
ားက ဈေးကြီး
ယ်ယူစားသုံးနေ
မှ ပုဂ္ဂိုလ်များ
သို့ လာရောက်
ကြောင်း။
န်းများ ပြည်
င်းပါးပြီး ယင်း
သို့ နိုင်ငံများနှင့်
ကာ တန်ဖိုးမြင့်
ထုတ်လုပ်တင်ပို့
ပါက မိမိတို့
အကျိုးကျေးဇူး
ောင်း ပြောကြား
(ညွှန့်သန်း)

တောင်ပိုင်းဒေသများနေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ပြည်မြို့နှင့် သာယာဝတီမြို့တို့တွင်၄၁ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၇၁ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၃၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ-ထိုင်း သံတမန် ဆက်ဆံရေး (၆၅)နှစ်မြောက် အထိမ်းအမှတ် Txetiles of the Two Lands နှင့် စပ်လျဉ်း၍ သတင်းစာရှင်း

ရန်ကုန် မတ် ၁

မြန်မာ-ထိုင်းသံတမန်ဆက်ဆံရေး (၆၅)နှစ်မြောက် အခါသမယနှင့် ထိုင်းနိုင်ငံ မိဖုရားကြီးသီရိခေတ် (Sirikit) နှစ် (၈၀)ပြည့် မွေးနေ့ အခါသမယ အထိမ်းအမှတ်အဖြစ် Txetiles of the Two Lands အခမ်းအနား ကျင်းပခြင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ထိုင်းနိုင်ငံသံရုံး၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata က နှစ်နိုင်ငံ ပြည်သူများအကြား ရှည်ကြာစွာ တည်တံ့လာခဲ့သော ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန် ရည်ရွယ်ချက်နှင့် ၂၀၁၃ ခုနှစ်တွင် ကျရောက်သည့် မြန်မာ-ထိုင်း သံတမန်ဆက်ဆံရေး (၆၅) နှစ်မြောက် အခါသမယနှင့် ထိုင်းနိုင်ငံ မိဖုရားကြီး သီရိခေတ် (Sirikit) နှစ် (၈၀) ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် ကျင်းပမည့် Txetiles of the Two Lands အခမ်းအနားများကို မတ် ၉ ရက်မှ ၁၀ ရက်ထိ ရန်ကုန်မြို့ရှိ Junction Square Shopping Mall နှင့် ချက်ထရီယမ်ဟိုတယ်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ ဒီဇိုင်းပညာရှင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် နို့ချစ်ခင် စိမ်းစိုလှပ ကြည်နူးရ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြန်မာနိုင်ငံ၏ အသက်ကြီးဆုံးအဘိုးနဲ့အဘွား

မောင်မောင်စိုး (အမရပူရ)

ယနေ့ မြန်မာအမျိုးသားများတွင် ရှားရှားပါးပါးအသက် ၁၀၀ ရှိနေပြီဖြစ်သော အဘိုးဦးသွင်သည် ယနေ့တိုင် ကျန်းမာရွှင်လန်းစွာ ရှိဆဲပင်ဖြစ်သည်။

အဘိုးသည် မြန်မာ့ရိုးရာတိုင်းရင်းဆေးဆရာကြီးတစ်ဦးလည်း ဖြစ်ပေသည်။ စာရေးသူ အဘိုးဦးသွင်ထံ ဒုတိယအကြိမ်ရောက်ခဲ့ရပြန်ပါသည်။ ပထမအကြိမ်တွင် ယမန်နှစ်က အဘိုး၏အသက် ၁၀၉ နှစ် ပြည့်မွေးနေ့ပွဲ၊ ယခုဒုတိယအကြိမ်တွင် စာရေးသူခါးနာနေ၍ ဆေးသွားယူခြင်းဖြစ်သည်။ စာရေးသူက အဘိုးဦးသွင်အား ဂါရဝပြုကန်တော့ပြီး စာရေးသူက "အဘိုးမြေးကို ဒီတစ်ခါလည်းထပ်မံပြီးမှတ်သားစရာ စကားလေးချီးမြှင့်ပေးပါ"ဟု တောင်းဆိုလိုက်ရာ ယမန်နှစ်က ရောက်ခဲ့သော စာရေးသူကို အဘိုးက မှတ်မိစွာဖြင့် "ငါ့မြေးဆင်ပဲဆက်စီးပါ၊ ဆင်စီးပါဆိုတာက အစားအသောက်စားတဲ့အခါ၊ သွားလာနေထိုင်တဲ့အခါ အသွားအလာဆင်ခြင်ပါ၊ ဘယ်အရာမဆို ဆင်ခြင်စေချင်ပါတယ်" ဟု အဘိုးက ဒုတိယအကြိမ် ထပ်မံပြောကြားပါသည်။ ထမင်းစားသည့်အခါ အသီးအရွက်၊ ငါးသေးသေးလေးများ၊ ဝက်သားစသည်တို့ ကြိုက်နှစ်သက်သော အဘိုးသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ညောင်နီပင်၊ ညောင်ပင်စောက်ကျေးရွာတွင် ၁၂၆၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် (သောကြာ) နေ့တွင် မွေးဖွားခဲ့သည်။ ငယ်ရွယ်စဉ်

မြန်မာ့မီးရထား စက်ရုံ(မြစ်ငယ်)တွင် လုပ်ကိုင်ခဲ့ပြီး တစ်ဖက်ကလည်း မိဘရိုးရာတိုင်းရင်းဆေးဖြင့် နယ်လှည့်ဆေးကုသခဲ့သူဖြစ်သည်။ ယခုအသက်အရွယ်ကြီးလာသောအခါ မိမိနေအိမ်မှာပင် ဝေဒနာရှင်လူနာများကို ကုသပေးခဲ့ပြန်သည်။ ယခုအချိန်တွင် အသက် ၁၁၀ ရှိ အဘိုးသည် မြစ်ငယ်မြို့ စက်ကွေ့ရပ်တွင် သားကြီး ဦးတင်မြင့်၊ သားငယ် ဦးချစ်ခိုင်၊ အမြွှာသမီးများဖြစ်ကြသော မစိမ်း၊ မငြိမ်း၊ အငယ်ဆုံးသမီး မညိုတို့နှင့်အတူ ကျန်းမာရွှင်လန်းစွာနှင့် နေထိုင်လျက်ရှိပါသည်။

အဘွား ဒေါ်မြကြည်

တစ်ခု ထူးခြားသည်မှာ အမရပူရမြို့နယ်အတွင်း၌ပင် ကမ္ဘာ့အသက်အရှည်ဆုံး အဘွားအဖြစ် အသိအမှတ်ပြုနိုင်သည့် အသက် ၁၂၀ ကျော် အဘွားဒေါ်မြကြည်**(အပေါ်ပုံ)**လည်း နေထိုင်ခြင်းပင်ဖြစ်သည်။

အသက် ၁၂၀ ရှည်စေသော် ဟု မြန်မာလူမျိုးတို့ ဆုတောင်းလေ့ရှိကြသည့်အတိုင်း ၁၂၅၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်တွင် အဖဦးကား-အမိ ဒေါ်ဖွားအုံတို့က မွေးဖွားခဲ့သော အဘွား ဒေါ်မြကြည်သည်ယခုအခါအသက် ၁၂၀ ကျော်ခဲ့ပြီဖြစ်ပေသည်။ အဘွားအသက်ရှည်ခြင်းမှာ အစားအသောက် အနေအထိုင်ကြောင့်ဟုလည်း ဆိုနိုင်သည်။ အဘွားသည် နှမ်းဖတ်ချဉ်နှင့်ငါးလေးများကို အထူးကြိုက်နှစ်သက်ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ဘိုကျေးရွာအုပ်စု ပေါက်ချိုင်ကုန်းကျေးရွာတွင် နေထိုင်သော အဘွားဒေါ်မြကြည်ကို ကမ္ဘာ့ အသက်အကြီးဆုံးအဘွားအိုအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်အောင် ဆောင်ရွက်ပေးနိုင်လျှင် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်စရာကောင်းမည်ဟု တွေးမိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

လေးပွင့်ဆိုင် ဖိတ်ခေါ်ဖလားအတွက် မန္တလေး၌ အလှူငွေပေးအပ်

မန္တလေး မတ် ၁

ဖေဖော်ဝါရီ ၂၅ ရက်မှ မတ်လ ၅ ရက်အထိ မန္တလေးမြို့ ဗထူးဘောလုံးအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် လေးပွင့်ဆိုင် ဖိတ်ခေါ်ဖလား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄ နာရီက ဗထူးကွင်း အထူးတန်းရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ မန္တလေး၊ စစ်ကိုင်းတို့မှ အသင်းနာယကများ၊ ဥက္ကဋ္ဌများ၊ ဘောလုံးသမားများ၊ ပြိုင်ပွဲ အဓိကပံ့ပိုးအလှူရှင် မိုးသောက်နှင်းကုမ္ပဏီလီမိတက် သုံးဘီးနှင့် ဆိုင်ကယ်အပိုပစ္စည်းဖြန့်ချိရေးပိုင်ရှင် ဒေါ်မိုးမိုးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း (စိန်နှင့်မြ)က အမှာစကားပြောကြားပြီး မိုးသောက်နှင်းကုမ္ပဏီ အရောင်းမန်နေဂျာ ဦးသူရအောင်ထက်က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ဆုချီးမြှင့်ရန် ဆုတံဆိပ်နှင့် ဆုဖလား၊ ပြိုင်ပွဲဝင်များအတွက် အားကစားဝတ်စုံများ ဝတ်ဆင်ယှဉ်ပြိုင်ရန် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစိန်ဝင်းကြီး(လက်ရွေးစင်ဟောင်း) က လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေး အသုံးချသင်တန်းဖွင့်လှစ်

မန္တလေး မတ် ၁

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အလင်းသစ်တို့ ပူးပေါင်းစီစဉ်သော အလင်းသစ် ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးလက်တွေ့ အသုံးချသင်တန်း (မန္တလေး) အပတ်စဉ် ၁၉ ကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်ကြားပို့ချ

အဆိုပါသင်တန်းသည် ပုံမှန်ကုန်သွယ်ရေး (Normal Trade) နှင့် နယ်စပ်ကုန်သွယ်ရေး (Border Trade) ကို လက်တွေ့စီမံခန့်ခွဲနေသူများ၊ ကုမ္ပဏီဝန်ထမ်းများ၊ စတင်ဆောင်ရွက်လိုသူများနှင့် အသက်မွေးဝမ်းကျောင်းမှုပညာတစ်ခုခုကို ရှာဖွေနေသူ မျိုးဆက်သစ်လူငယ်များအား ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အခွင့်အလမ်းကောင်းများကို ပိုင်ဆိုင်နိုင်စေရန် အလင်းသစ် ဦးညဏ်အောင်က ပြည်ပပို့ကုန်၊ သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး အသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားခြင်း၊ ပို့ကုန်အတွက် T/T, L/C တောင်းခံခြင်း၊ စိစစ်ခြင်း၊ B/L ဆွဲခြင်း၊ ဘဏ်တွင် ငွေတောင်းခံခြင်း၊ ဘဏ်တင်သွင်းကုန် L/C ဖွင့်လှစ်ခြင်း၊ အကောက်ခွန်၊ ကုန်သွယ်ခွန်တွက်ချက်ခြင်း၊ ကုမ္ပဏီတည်ထောင်ရာတွင် နားလည်ရမည့် ကုမ္ပဏီဝေါဟာရများ၊ နယ်စပ်တွင် တစ်ဦးတည်းပိုင် ပို့ကုန်သွင်းကုန် ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို လက်တွေ့ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန် သင်ကြားပို့ချ ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ်လ ၁ ရက် အထိ ခုနစ်ရက်ကြာ တန်းပို့ချခဲ့ကြောင်း သိရသည်။

(ကျော်ထူး)

ချမ်းမြသာစည်၌ ရေနွေးတည်ရာမှ မီးလောင်

မန္တလေး မတ် ၁

မန္တလေး ချမ်းမြသာစည်မြို့နယ် ဇလပ်ဝါလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြား အိမ်အမှတ် (စ/၅)တွင် ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ရေနွေးဂေါက်အိုးတည်ရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်ရာသို့ မီးသတ်ယာဉ် ၁၅ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၉၅ ဦး သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် ထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

❍ ကျောဖုံးမှ

ဗွေဆော်ဦးဂိုးသွင်းယူခဲ့ပြီး မကွေးတိုင်းဒေသကြီးက ထက်ဝေလင်းနှင့်သက်ပိုင်ပြည့်တို့က နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် မကွေးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ထို့နောက် ကချင်ပြည်နယ်မှ ဘရန်ဆိုင်းကပင် နှစ်ဂိုးဆက်သွင်းယူပြန်ရာ ပထမပိုင်းတွင် ကချင်ပြည်နယ်က သုံးဂိုး-နှစ်ဂိုးဖြင့်

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် ရှမ်းတိုက်စစ်ကို ကရင်ကစားသမားများ ကာကွယ် ဖျက်ထုတ်စဉ်။

ဦးဆောင်နိုင်ခဲ့ပြန်သည်။ ဘရန်ဆိုင်းသည်တစ်ဦးတည်း သုံးဂိုးသွင်းသူ ဟက်ထရစ်ရှင်ဖြစ်ခဲ့သည်။

အနိုင်ရဖို့ အပြင်းအထန်ကြိုးစားနေသော မကွေးအသင်းမှာ ၅၂ မိနစ်တွင် သီဟစိုး၏ ချေပဂိုးကြောင့် သုံးဂိုးစီသရေဖြစ်သွားကာ ပိုမိုအားတက်လာခဲ့သည်။ မိနစ် ၇၀ တွင် မကွေးအသင်း ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိရာ ပြုံးမောင်မောင်က အပိုင်ကန်သွင်းနိုင်ခဲ့သဖြင့် မကွေးအသင်း လေးဂိုး- သုံးဂိုးဖြင့် နိုင်ပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားခဲ့သည်။

မကွေးအသင်းသည် မတ် ၃ ရက်တွင် ဝဏ္ဏသိဒ္ဓိကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဆီမီးဖိုင်နယ်ပွဲကစားရမည်ဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကိုလည်း လယ်ဝေးကွင်း၌ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေပိုင်းပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုး မရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရခဲ့ကြသည်။

အမျိုးသားဘောလုံးပြိုင်ပွဲ ယနေ့ပွဲစဉ်

နေပြည်တော်-ပဲခူး	ညနေ၃ နာရီ	ဝဏ္ဏသိဒ္ဓိ
မန္တလေး-မွန်	ညနေ၃ နာရီ	ပေါင်းလောင်း

အမျိုးသမီးဘောလုံးပြိုင်ပွဲ ယနေ့ပွဲစဉ်

မန္တလေး-ရခိုင်	နံနက် ၇း၀၀ နာရီ	လယ်ဝေး
ကရင်-ဧရာဝတီ	ညနေ ၃း၃၀ နာရီ	လယ်ဝေး

ဖူဆယ်ဘောလုံး

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၏ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို အားကစား လေ့ကျင့်ရေးစခန်း(၁)ရှိ ဖူဆယ်ကစားကွင်း၌ဆက်လက်ကျင်းပသည်။ နံနက်ပိုင်းတွင် ကစားသော ပွဲစဉ်များအနက် နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ပွဲစဉ်တွင် နေပြည်တော်အသင်းက ၁၀ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ပွဲစဉ်တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။ နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပသော ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

မတ် ၃ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် နေပြည်တော်နှင့်တနင်္သာရီ၊ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မတ် ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မန္တလေး နှင့် တနင်္သာရီ တို့ အကြိတ်အနယ် ယှဉ်ပြိုင် ကစားစဉ်။

စစ်တုရင်ပြိုင်ပွဲ

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲကြီး၏ စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲများကို မတ် ၁ ရက်နေ့လယ်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပပြီးစီးခဲ့ရာ ဆုရရှိသူများကို အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်နှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဖလား အားကစား ပြိုင် ပွဲ မြန် မာ့ ရိုး ရာ စစ် တုရင် ပြိုင် ပွဲတွင် မေဆုလွင် (ရန်ကုန်) ယှဉ် ပြိုင် ကစားစဉ်။

စစ်တုရင်ပြိုင်ပွဲများကို မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲဟူ၍ နှစ်မျိုးကျင်းပခဲ့ရာ မြန်မာ့ရိုးရာ စစ်တုရင်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဝင်းဇော်ထွန်း(ရန်ကုန်)က ပထမ၊ ငြိမ်းချမ်း(မကွေး)က ဒုတိယ၊ မောင်မောင်လတ်(တနင်္သာရီ)က တတိယရရှိပြီး မြန်မာ့ရိုးရာစစ်တုရင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မေဆုလွင်(ရန်ကုန်)က ပထမ၊ စိုးမိုးခိုင်(မကွေး)က ဒုတိယ၊ မေစုသွယ်(မန္တလေး)က တတိယ အသီးသီးရရှိကြသည်။

အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် နေဦးကျော်ထွန်း (မန္တလေး)က ပထမ၊ ကျော်လင်းနိုင် (ရန်ကုန်)က ဒုတိယ၊ မျိုးနိုင်(တနင်္သာရီ)က တတိယရရှိပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မေဆက်လွင်(ရန်ကုန်)က ပထမ၊ နန်းအမ်ကေခိုင်လျှမ်း (မန္တလေး)က ဒုတိယ၊ နေခြည်နွေး(ရှမ်း)က တတိယ အသီးသီးရရှိကြသည်။

မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲတွင် ပထမရသူ မေဆုလွင်နှင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမရရှိသူ မေဆက်လွင်တို့မှာ အမြွှာညီအစ်မများဖြစ်ကြောင်း သိရသည်။

သတင်း- ညီမြတ်သော်တာ

AFC Challenge Cup ခြေစစ်ပွဲ
မြန်မာအသင်းအဖွင့်ပွဲ ဂူအမ်အသင်းနှင့် ယနေ့ကစားမည်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၄ AFC Challenge Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(က)ပွဲစဉ်များကို မတ် ၂ ရက် (ယနေ့)တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ခြေစစ်ပွဲပထမနေ့ပွဲစဉ်များအဖြစ် ညနေ ၄ နာရီတွင် အိန္ဒိယအသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ ညနေ ၆ နာရီ ၄၅ မိနစ်တွင် အိမ်ရှင်မြန်မာအသင်းနှင့် ဂူအမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

AFC Challenge Cup ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၌ အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ဟာဟေဂျွန်၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ မီဒီယာတာဝန်ခံ ဦးစိုးမိုးကျော်၊ စကားပြန် ဦးအောင်သူရ၊ ဆေးမှူး ဒေါက်တာ အောင်ကျော်ဦး၊ ဂိုး- သီဟစည်သူ (ရတနာပုံ)၊ ပြည့်ဖြိုးအောင် (ဆောက်သမ်း)၊ ကျော်ဇင်ဖြိုး (မကွေး)၊ နောက်တန်း-ဇော်မင်းထွန်း၊ သက်နိုင်၊ ရဲဇော်ထက်အောင် (ရတနာပုံ)၊ အောင်ဟိန်းကျော် (ဇေယျာရွှေမြေ)၊ ဇော်ဇော်ဦး (ဧရာဝတီ)၊ ပြည့်ဖြိုးအောင်(ရန်ကုန်)၊ သိန်းသန်းဝင်း(ကမ္ဘောဇ)၊ အလယ်တန်း - ရန်အောင်ကျော်၊ ရာဇာဝင်းသိန်း၊ ကြည်လင်း၊ ဒေးဗစ်ဒန်း၊ စည်သူအောင် (ရန်ကုန်)၊ ဖြိုးကိုကိုသိန်း၊ နိုင်လင်းဦး (ဧရာဝတီ)၊ ပိုင်စိုး(ရတနာပုံ)၊ မျိုးဇော်ဦး(မကွေး)၊ ရှေ့တန်း-ကောင်းစည်သူ (ရတနာပုံ)၊ ကျော်ဇေယျာဝင်း၊ စိုးမင်းဦး (ကမ္ဘောဇ)နှင့် စိုးကျော်ကျော် (ဧရာဝတီ)တို့ ပါဝင်ကြသည်။

AFC Challenge Cup ခြေစစ်ပွဲအုပ်စုများ

၂-၃-၂၀၁၃	အိန္ဒိယ	- တရုတ်(တိုင်ပေ)	၄း၀၀ နာရီ
	မြန်မာ	- ဂူအမ်	၆း၄၅ နာရီ
၄-၃-၂၀၁၃	ဂူအမ်	- အိန္ဒိယ	၄း၀၀ နာရီ
	တရုတ်(တိုင်ပေ)	- မြန်မာ	၆း၄၅ နာရီ
၆-၃-၂၀၁၃	တရုတ်(တိုင်ပေ)	- ဂူအမ်	၄း၀၀ နာရီ
	မြန်မာ	- အိန္ဒိယ	၆း၄၅ နာရီ

ပွဲစဉ်အားလုံးကို သုဝဏ္ဏကွင်း၌ ကစားမည်ဖြစ်သည်။

မြန်မာဘောလုံးအဖွဲ့ချုပ်၏ သံတမန်အဖြစ် နန်းခင်ဇေယျာ အားရွေးချယ်

ရန်ကုန် မတ် ၁

နိုင်ငံတကာအလှမယ်ပြိုင်ပွဲအားဝင်ရောက်ယှဉ်ပြိုင်ကာ ဆုများရရှိခဲ့ပြီး ပြည်တွင်းပရဟိတ လုပ်ငန်းများနှင့် ကုန်အမှတ်တံဆိပ်အချို့၏ သံတမန်အဖြစ် ဆောင်ရွက်နေသူ ဧည့်လမ်းညွှန် တစ်ဦးဖြစ်သည့် ပအိုဝ်းတိုင်းရင်းသူလေး နန်းခင်ဇေယျာအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့ဘောလုံးအသင်း၏ သံတမန်အဖြစ် ဆောင်ရွက်နိုင်ရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

"ညီမအတွက် အလွန်ကိုကောင်းတဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံ အားကစားအတွက် ကိုယ်တတ်နိုင်တဲ့ အခြေအနေတစ်ခုကနေ ကူညီနိုင်မယ့် အခွင့်အရေးဖြစ်လို့ ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့ပါတယ်။ အသေးစိတ် အချက်အလက်တွေကိုတော့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီးမှ သိရှိရမှာဖြစ်ပါတယ်။ ညီမကတော့ ညီမကိုပေးခဲ့တဲ့ အဖိုးတန်အခွင့်အရေးကို ရယူပြီးတော့ အားကစားအဆင့်အတန်းပိုပြီးမြင့်မားလာစေဖို့အတွက် လက်တွဲဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု နန်းခင်ဇေယျာက ဆက်သွယ်မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာဘောလုံးအဖွဲ့ချုပ်၏ သံတမန်အဖြစ် လက်ခံဆောင်ရွက်ပေးနိုင်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး မတ် ၂ ရက်တွင် စတင်ကျင်းပတော့မည့် အေအက်ဖ်စီဖလား ဘောလုံးပြိုင်ပွဲတွင်လည်း သူမနှင့်အတူ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အားပေးကြရန်လည်း နန်းခင်ဇေယျာက သူမ၏လူမှုကွန်ရက်စာမျက်နှာအတွင်း ရေးသားထားခဲ့သည်။

ခင်လေးမြင့်အောင်

ပြည်တွင်းသတင်း

လေးနိုင်ငံ ခရီးကြမ်း ကားမောင်းပြိုင်ပွဲ ကလေးမြို့တွင် ညအိပ်ရပ်နား

ကလေး မတ် ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပသော (၁၁)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ဂုဏ်ပြုအထိမ်းအမှတ်အနေဖြင့် BCIM Car Rally 2013 လေးနိုင်ငံခရီးကြမ်း ကားမောင်းပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်က အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှ စတင်ထွက်ခွာခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၊ အိန္ဒိယနိုင်ငံ မိုးရေးမြို့များကို ဖြတ်သန်းလာပြီး ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီ မိနစ် ၂၀ တွင် ကလေးမြို့အဝင်ဆိုင်းဘုတ် ကြိုဆိုရေးမုခ်ဦးသို့ ရောက်ရှိလာကြသည်။

ဆက်လက်၍ ညပိုင်းတွင် မြန်မာနိုင်ငံမှ ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက ကားမောင်းပြိုင်ပွဲဝင် အားကစားသမားများကို မြို့တော်ခန်းမ၌ ညစာဖြင့် တည်ခင်းဧည့်ခံစဉ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးတင်ငွေက လေးနိုင်ငံခရီးကြမ်း ကားမောင်းပြိုင်ပွဲဝင် နိုင်ငံအလိုက် ခေါင်းဆောင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မြန်မာ့ရိုးရာအကနှင့် ချင်းတိုင်းရင်းသားရိုးရာအကအလှများဖြင့် ဧည့်ခံဖျော်ဖြေကြကာ ကလေးမြို့တွင် တစ်ညတာ ညအိပ်ရပ်နားကြသည်။

ဆက်လက်ပြီး ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက Flag Off အလံဝှေ့ယမ်းပြီး ကြိုဆိုရေး မုခ်ဦးမှ ပြိုင်ကားများ ပြန်ထွက်ကြကာ ပြည်သူများကလည်း လေးနိုင်ငံအလံများ ဝှေ့ယမ်းလျက် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းကားမောင်းပြိုင်ပွဲခရီးစဉ်သည် ပြိုင်ပွဲဝင်ကားမောင်းရက် ၁၂ ရက်ကြာမြင့်မည်ဖြစ်ပြီး ကီလိုမီတာ သုံးထောင်ခရီးရှိကြောင်း၊ မြန်မာနိုင်ငံ တမူး၊ ကလေး၊ မုံရွာ၊ မန္တလေး၊ လားရှိုး၊ မူဆယ်မြို့များကို ဖြတ်သန်းသွားမည်ဖြစ်ပြီး မတ် ၅ ရက်တွင် တရုတ်နိုင်ငံကူမင်းမြို့၌ ခရီးဆုံးပန်းဝင်မည်ဖြစ်သည်။

အဆိုပါ ကားမောင်းပြိုင်ပွဲတွင် ကားစီးရေ ၁၉ စီး၊ ပြိုင်ပွဲဝင် အားကစားသမားပေါင်း ၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံမှ ၁၇ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၁၃ ဦး၊ အိန္ဒိယနိုင်ငံမှ ၃၀၊ တရုတ်နိုင်ငံမှ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမားများထဲတွင် Model နှင့် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် အေးမြတ်သူ၊ ကောင်းခန့်၊ ထက်ထက် စုလှိုင်တို့လည်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ဂျူနိုင်း)**

မော်ချီးသတ္တုတွင်းဒေသယူးကော်ခူကျေးရွာအနီးရှိ တောင်စွယ်ပြတ်တစ်ခု ပြိုကျနိုင်သည့် အနေအထားဖြစ်၍ ဖယ်ရှားရှင်းလင်းရန်ဆောင်ရွက်လျက်ရှိ

လွိုင်ကော် မတ် ၁

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးသတ္တုတွင်းဒေသ ယူးကော်ခူကျေးရွာအနီးရှိ တောင်စွယ်ပြတ်တစ်ခုသည် ပြိုကျနိုင်သော အနေအထားရှိသဖြင့် လားရာတစ်လျှောက်ရှိ လုပ်ငန်းခွင်များနှင့် လူနေ အဆောက်အအုံများအား အန္တရာယ်အခြေအနေ သတိပေးမှု ပြုလုပ်ထားပြီး ကျွမ်းကျင်သော Mining Engineer များ၏ အကြံဉာဏ်ကိုရယူလျက် ရှင်းလင်းဖယ်ရှားသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်

အဆိုပါ တောင်စွယ်ပြတ်သည် အချင်း ၂၀ မီတာခန့်နှင့်အောက်ခြေမှ အမြင့် ၆၀ မီတာခန့်ရှိပြီး တောင်စောင်းဘက်သို့ ရေပြင်ညီမှ ၆၅ ဒီဂရီခန့် တိမ်းစောင်းလျက်ရှိကြောင်း၊ တောင်စွယ်မှာ ကြေကွဲလွယ်သည့် ကုန်းပြင်မြင့်ထုံးကျောက် (Plateau Limestone) များဖြင့် ဖွဲ့စည်းထားပြီး ယင်းအတွင်းဘက်နှင့် အောက်ခြေများတွင်မှိုပေါက်၊ လိုဏ်ပေါက်များ တွေ့ရှိရကြောင်း၊ ယင်းတောင်စွယ်မှာ လွန်ခဲ့သော ၁၀ နှစ်အတွင်းက တောင်မကြီးနှင့် တစ်ဆက်တစ်စပ်တည်းရှိခဲ့ပြီး တဖြည်းဖြည်း အက်ကြောင်းပေါ်လာကာ အက်ကြောင်းသည် တစ်စထက် တစ်စကျယ်လာလျက် ယနေ့တွေ့ရှိရသည့် အခြေအနေကိုရောက်ရှိနေကြောင်း၊ လက်ရှိအခြေအနေအရ ၎င်းတောင်စွယ်သည် ယခုမျှခြေ အခြေအနေ၏ နောက်ဆုံးအနေအထား၌ရှိပြီး အချိန်မရွေးပြတ်ကျနိုင်သည့် အနေအထားဖြစ်ကြောင်း **(အောက်ပုံ)** ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းအောင်၏ အစီရင်ခံစာအရ သိရသည်။

ကွင်းဆင်းလေ့လာ

အဆိုပါ တောင်စွယ်ပြတ်၏ အန္တရာယ်ရှိအနေအထားကို တပ်မတော်နယ်လှည့် အထူးဆေးကုအဖွဲ့မှ မော်ချီးသတ္တုတွင်းဒေသသို့ ရောက်ရှိစဉ် တွေ့ရှိ၍ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာမှ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးရဲဝင်း၊ ဘဏ္ဍာ၊ အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းကျော်စိုး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းအောင်၊ လက်ထောက် ဘူမိဗေဒအရာရှိ ဦးဝင်းသူ၊ ဘော်လခဲခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း သစ်တောနှင့် သတ္တုဝန်ကြီး ဦးရဲဝင်းက ပြောကြားသည်။

တည်ရှိ

ယင်းတောင်စွယ်ပြတ်၏ အောက်ခြေဘက်လားရာ တောင်ခြေတွင် စေတီတော်တစ်ဆူ၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် သတ္တုလုပ်ကွက်များမှ လူနေအိမ်ခြေအဆောက်အအုံများ တည်ရှိနေကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

မီးဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်

တောင်ကြီး မတ် ၁

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် တောင်ကြီးတွင် မီးဘေးကာကွယ်ရေးအတွက် လျှပ်စစ်လိုင်းများ စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဦးသီဟ လျှပ်စစ်ကျွမ်းကျင်အဖွဲ့ဖြင့် လျှပ်စစ်လိုင်းများ၊ မီးခလုတ်များ၊ စက်များတွင် အသုံးပြုနေသည့် လျှပ်စစ်မီးဘုတ်များကို စစ်ဆေးပြီး အစားထိုးလဲလှယ်ရမည့် ပစ္စည်းများ လဲလှယ်တပ်ဆင်ခြင်းများ ပြုလုပ်ခြင်း၊ တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးအောင်သူနှင့်အဖွဲ့က မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ပစ္စည်းများထားသိုမှု၊ မီးသတ်ရေကန်၊ မီးသတ်ဆေးဘူးများ အသုံးပြုရန် သင့်/မသင့်စစ်ဆေးခြင်းနှင့် ကိုယ်ပွားသတင်းစာတိုက် မီးသတ်တပ်စုနှင့်အတူ မီးဘေးကာကွယ်ရေး၊ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကာကွယ်ရေးအတွက် စစ်ဆေးခြင်းနှင့်သရုပ်ပြလေ့ကျင့်ခြင်းတို့တွင် ကိုယ်ပွားသတင်းစာတိုက် တောင်ကြီးမှ တာဝန်ခံအရာရှိ ဦးနိုင်ထွန်းနှင့်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **နိုင်ထွန်း** (TGI)

မီး ဖို မီး အခြား မီး
သုံးပြီးသတိ
အမြဲရှိ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
ကြော်ငြာစာအမှတ် ၁/၂၀၁၃၊ (၂၀၁၃ ခုနှစ် မတ်လ ၂ ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အောက်ဖော်ပြပါ ရာထူးများလစ်လပ်လျက်ရှိပါ၍ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး	ပညာအရည်အချင်း	ခန့်ထားမည့်ဦးရေ
၁	စနစ်သရုပ်ခွဲမှူး (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	B.C.Sc/B.C.Tech/B.E(IT) ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာဒီပလိုမာရရှိသူ	၁၈
၂	ကွန်ပျူတာစီစဉ်ရေးမှူး (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	။	၁
၃	ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	။	၃
၄	ငယ်/အင်ဂျင်နီယာ(ရေသန့်/အဆောက်အအုံ) ငယ်/အင်ဂျင်နီယာ(လျှပ်စစ်) (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	BE(Civil) BE(Electrical Power)	၄ ၂
၅	ငယ်/အင်ဂျင်နီယာ(စက်မှု) ငယ်/အင်ဂျင်နီယာ(လျှပ်စစ်) ငယ်/အင်ဂျင်နီယာ(ဆသရ) (၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	BE(Mechanial) BE (Electrical Power) BE(Electrical Communication)	၁ ၁ ၁
၆	လျှပ်စစ်ကျွမ်းကျင်-၄ (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I (Electrical Power)	၄
၇	စက်မှုကျွမ်းကျင်-၄ (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I(Mechanical)	၄
၈	ဆက်သွယ်ရေးကျွမ်းကျင်-၄ (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I (Electrical Communication)	၄
၉	လုပ်သား-၂(ရေသန့်/အဆောက်အအုံ) လုပ်သား-၂(လျှပ်စစ်) (၄၇၀၀၀-၁၀၀၀-၅၂၀၀၀)	BE/A.G.T.I(Civil) BE/A.G.T.I (Electrical Power)	၁ ၁
၁၀	ယာဉ်မောင်း-၅ (၄၁၀၀၀-၁၀၀၀-၄၆၀၀၀)	အနည်းဆုံးအခြေခံပညာ (၇)တန်းအောင်မြင်ပြီးရန်နှင့် (င)ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရန်	၄၀
၁၁	လက်သမား-၅ (၄၁၀၀၀-၁၀၀၀-၄၆၀၀၀)	အနည်းဆုံးမြန်မာစာရေးတတ်၊ ဖတ်တတ်ရန်နှင့်သက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူဖြစ်ရန်	၆

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)အထိနှင့် အမှတ်စဉ် (၁၁)ရာထူးတို့အတွက် ၃၁-၃-၂၀၁၃ ရက်တွင် အသက် ၃၀ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)အထိ ရာထူးများအတွက် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အမှတ်စဉ်(၁၀)နှင့် အမှတ်စဉ် (၁၁)ရာထူးများအတွက် အနည်းဆုံး (၁)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ ဝန်ထမ်းမဟုတ်သူများသည် အောက်ဖော်ပြပါ အချက်အလက်များကို ပူးတွဲလျက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့ကို ပေးပို့လျှောက်ထားရမည်။ လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေရာသို့သာ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး၊ အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။ ဝန်ထမ်းဖြစ်လျှင် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်ရာ ဌာနကြီးမှူး၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၇-၃-၂၀၁၃ရက် နောက်ဆုံးထား၍ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်-

(က) လျှောက်ထားမည့်ရာထူး
(ခ) လျှောက်ထားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် မွေးသက္ကရာဇ်
(ဂ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
(ဃ) မိဘအမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်
(င) ဇနီး/ခင်ပွန်း၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်
(စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူးနှင့်ဌာန
(ဆ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)အထိ ရာထူးများအတွက် အခြေခံပညာအထက်တန်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ
(ဇ) အမှတ်စဉ်(၁)မှ အမှတ်စဉ်(၉)အထိ ရာထူးများအတွက် ဘွဲ့လက်မှတ်၊ အောင်လက်မှတ်မိတ္တူ
(ဈ) ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ
(ည) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ လျှောက်လွှာပိတ်ရက်မတိုင်မီ လွန်ခဲ့သော တစ်လအတွင်း အကျင့်စာရိတ္တကောင်းမွန်မှုနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်။
(ဋ) ဆက်သွယ်ရန် နေရပ်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ်

၄။ ရေးဖြေစာမေးပွဲကို နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၅။ အမှတ်စဉ် (၁)မှ အမှတ်စဉ် (၉)အထိ ရာထူးများအတွက် ၂၃-၃-၂၀၁၃ရက်၌ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ၊ ၂၄-၃-၂၀၁၃ရက်၌ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုများအား သတ်မှတ်နေရာများတွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ရေးဖြေအောင်မြင်ပြီးသူများအား လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန် ထပ်မံအကြောင်းကြားပေးမည်ဖြစ်ပါသည်။

၆။ အမှတ်စဉ်(၁၀)ရာထူး လျှောက်ထားသူများသည် မြို့တွင်း/ခရီးဝေး စမ်းသပ်မောင်းနှင်ပြရမည်။ အမှတ်စဉ် (၁၀)နှင့် အမှတ်စဉ် (၁၁)ရာထူးများသည် လူတွေ့စစ်ဆေးခြင်းအား ၃၀-၃-၂၀၁၃ရက်နှင့် ၃၁-၃-၂၀၁၃ရက်တို့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်တွင် ဖြေဆိုအောင်မြင်ပြီးမှသာ ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၇။ သိလိုသောအချက်များကို စီမံခန့်ခွဲမှုနှင့် နည်းပညာဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၈၃၆၈သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ မြေကွက်/ဦးပိုင်အမှတ် ပစ(B)၉၄၇၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဗိုလ်ကြီးဇော်လှိုင်ထွန်း (ကွယ်လွန်) အမည်ဖြင့် ပိုင်ဆိုင်သောပါမစ်မြေကွက်အား ဒေါ်စိန်ကြည် (ခ) ဒေါ်မြင့်မြင့်ကြည် (ဇနီး) ၇/တငန(နိုင်)၀၀၆၆၃၇ (ဘ) ဦးတရုတ်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်သစ်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၇၉၊ ခြောက်လွှာ၊ ခေါင်းရင်းခန်းဟုခေါ်တွင်သောတိုက်ခန်းကို ပိုင်ဆိုင်မှုဆက်စပ်စာချုပ်စာတမ်းများနှင့် လက်ရှိပိုင်ရှင်ဟုဆိုသူများဖြစ်ကြသော ဒေါ်စမ်းနွဲ့ ၁၄/လပတ(နိုင်)၀၄၄၄၉၀နှင့် ဒေါ်စိုးမိုးထွေး ၁၄/လပတ(နိုင်)၁၄၅၇၉၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက တိုက်ခန်း၏ ပိုင်ဆိုင်မှုအဝဝကို ဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သန္တာဝင်း

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထွဋ်မြင့် (H.G.P, LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၇၅)
မင်္ဂလာဒုံမြို့နယ်ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်တရားရုံးဝင်း၊ ဖုန်း-၀၉-၇၃၀၈၇၁၉၈

ဘင်နီတက်ဇ် ရာသီကုန်အထိ ချယ်လ်ဆီးတွင်ရှိမည်

ချယ်လ်ဆီးယာယီနည်းပြ ဘင်နီတက်ဇ်က ၎င်းအနေဖြင့် အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်နှင့် ဆက်ဆံရေးကောင်းပါကြောင်း၊ ရာသီကုန်အထိ ချယ်လ်ဆီးနည်းပြ ဆက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ စပိန်နိုင်ငံသား ဘင်နီတက်ဇ်သည် အက်ဖ်အေဖလားပြိုင်ပွဲတွင် မစ်ဒယ်ဘရော့ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီးနောက် မေလတွင် ချယ်လ်ဆီးမှ ထွက်ခွာမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဘင်ဖော်စတာ အင်္ဂလန်တွင်ပြန်ကစားမည်

ဝက်စ်ဘရွန်း ဂိုးသမားဘင်ဖော်စတာက နှစ်နှစ်ကြာ အင်္ဂလန်လက်ရွေးစင်အဖြစ်မှ အနားယူပြီးနောက် ယခုတစ်ဖန် အင်္ဂလန်အသင်းတွင် ပြန်ကစားရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် ၂၉ နှစ်ရှိ ဘင်ဖော်စတာသည် ၂၀၁၁ ခုနှစ်က နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူကြောင်း ကြေညာခဲ့သည်။သို့သော်လည်း လာမည့်လ ဆန်မာရီနို၊ မွန်တီနီဂရိုးတို့နှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အင်္ဂလန်အတွက် ပြန်ကစားရန် အသင့်ရှိဟုဆိုသည်။

ဂျိုကိုဗစ်နှင့် ဖက်ဒဲရား ဒူဘိုင်းဖလားအကြိုဗိုလ်လုပွဲတက်

တင်းနစ်အကျော်အမော်နှစ်ဦးဖြစ်သည့် ဂျိုကိုဗစ်နှင့် ရော်ဂျာဖက်ဒဲရားတို့သည် ဒူဘိုင်းချန်ပီယံရှစ် တင်းနစ်ပြိုင်ပွဲတွင် အသီးသီးသော ပြိုင်ဘက်များကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် အီတလီမှ အင်ဒရီယာဆက်ပီအား ၆-၀၊ ၆-၃ ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်လာခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည် အကြိုဗိုလ်လုပွဲတွင် အာဂျင်တီးနားမှ မာတင်ဒယ်ပိုထရိုနှင့် ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံရော်ဂျာဖက်ဒဲရားသည် ဒေဗီဒန်ကိုအား ၆-၂၊ ၆-၂ ဖြင့် နိုင်သည်။ ၎င်းသည် ချက်တင်းနစ်ကစားသမား သောမတ်စ်ဘတ်ဒစ်နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

[redacted]

နိုင်ငံတကာအားကစားသတင်း

အမှတ်ရယူဖို့ ကြိုးစားကြဦးမယ့် လာလီဂါပွဲစဉ် (၂၆)

လာလီဂါပွဲစဉ်တွေကို မတ် ၄ ရက်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ ပရိသတ်စိတ်အာရုံကို ဆွဲဆောင်နိုင်တဲ့အပြင် ကမ္ဘာကျော်ဘောလုံးသမားတွေ ပါဝင်ကစားနေတဲ့ လိဂ်ပွဲစဉ်တစ်ခုလည်းဖြစ်တာမို့ ပွဲတိုင်းဟာ ပြိုင်ဆိုင်မှုတွေများပြီး ရန်ခုန်လှုပ်ရှားဖွယ်ရာနဲ့ တိမ်းမူးဖွယ်ရာ ပွဲစဉ်တွေအဖြစ် မြင်တွေ့ရဦးမှာ ဖြစ်ပါတယ်။

မာလာဂါနှင့် အက်သလက်တီကို

မာလာဂါအသင်းအတွက်ပွဲကျပ်အဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ အက်သလက်တီကိုဟာ ဒီနှစ်ဘောလုံးရာသီမှာ ခြေစွမ်းပြကစားနိုင်နေတာမို့ ရလဒ်ကောင်းတွေပိုင်ဆိုင်ထားနိုင်ပါတယ်။ အက်သလက်တီကို တိုက်စစ်မှူးတွေဟာ ဂိုးသွင်းခြေစွမ်းမှန်ပြီး ခံစစ်ကြောင်းလည်း ခိုင်မာအောင် ဖွဲ့စည်းထားနိုင်တာမို့ မာလာဂါတို့ အိမ်ကွင်းဆိုပေမယ့် ခြေကုန်ထုတ်ရမှာ ဖြစ်ပါတယ်။ မာလာဂါတို့က အိမ်ကွင်းမှာ ကစားပုံ ကောင်းတာတော့ အမှန်ပါပဲ။ ဒါပေမယ့် မာလာဂါရဲ့အားနည်းချက်က ကစားသမားတွေအနိုင်ရယူလိုစိတ်ပြင်းထန်မှု လျော့ကျနေတာမို့ ဒီပွဲမှာ အက်သလက်တီကိုတို့ စိတ်ဓာတ်ပြင်းပြင်း ထန်ထန်နဲ့ကစားရင် အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

အက်စပန်ညိုနှင့် ဗယ်လာဒိုးလစ်

အက်စပန်ညိုတို့ အမှတ်ရအောင် ကြိုးစားမယ့်ပွဲပါပဲ။ ဗယ်လာဒိုးလစ်အသင်းဟာ အသင်းအလိုက် အားကောင်းလာပြီး အိမ်ကွင်း၊ အဝေးကွင်းတွေမှာ အားသွန်ကစားတတ်တဲ့ အသင်းဖြစ်ပါတယ်။ အက်စပန်ညိုတို့ကတော့ အိမ်ကွင်းမှာပုံမှန်ခြေစွမ်းပြနိုင်ပြီး ပြိုင်ဘက်ထံက အမှတ်ရအောင် ကစားတတ်တဲ့အသင်းဖြစ်တာမို့ အိမ်ရှင်တို့ အားသာချက်ရှိပေမယ့် ဗယ်လာဒိုးလစ်တို့ရဲ့ ကစားအားကိုလည်း အသိမှတ်ပြုရမှာ ဖြစ်ပါတယ်။

ရီးရဲဆိုစီဒက်နှင့် ဘက်တစ်

ခြေစွမ်းမမှန်တဲ့ ရီးရဲဆိုစီဒက်နဲ့ အဝေးကွင်းမှာ ခြေပျက်တတ်တဲ့ ဘက်တစ်တို့ရဲ့ ပွဲကတော့ အိမ်ရှင်တို့ အားထည့်နိုင်ရင်တော့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ရီးရဲဆိုစီဒက်ဟာ အိမ်ကွင်းမှာ ခြေပေါ်ရင် ပြိုင်ဘက်တွေကို ကောင်းကောင်းဒုက္ခပေးတတ်တာမို့ ဘက်တစ်တို့မျှော်လင့်ချက် ကင်းဝေးသွားနိုင်ပါတယ်။ ရီးရဲဆိုစီဒက်အတွက် အမာခံကစားသမားတွေ အကုန်ခင်းကျင်းနိုင်ရင် ဒီပွဲမှာ ရီးရဲဆိုစီဒက် ပရိသတ်တွေ အောင်ပွဲခံနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ဘက်တစ်တို့ရဲ့ ကစားအားက အင်အားဖြည့်ကစားနိုင်ရန် မျှော်လင့်ချက်တွေ ပြည့်ဝနိုင်တဲ့ အခြေအနေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။

ဆီဗီလာနှင့် ဆဲလ်တာဗီဂို

ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုပွဲစဉ်ပေါင်းများစွာမှာ ဆီဗီလာတို့ အသာစီးရခဲ့တာမို့ အခုပွဲ အိမ်ကွင်းမှာ ပြင်ဆင်ကစားရမှာ ဖြစ်ပါတယ်။ ဆီဗီလာဟာ လာလီဂါထိပ်တန်းအသင်းကြီးတွေကို အကျပ်အတည်းဖြစ်အောင် ကစားနိုင်တဲ့ခြေစွမ်းရှိတာမို့ ဆဲလ်တာဗီဂိုတို့ ကံကောင်းမှ အမှတ်ရနိုင်မှာ ဖြစ်ပါတယ်။ မှန်းဆရခက်တဲ့ ဆဲလ်တာဗီဂိုရဲ့ ခြေစွမ်းက မထင်မှတ်တဲ့ ရလဒ်ကိုလည်း ပုံဖော်နိုင်စွမ်းရှိတာမို့ ဆီဗီလာတို့ အသက်ရှူမှားအောင် ကစားရပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အိမ်အမှတ်(၁)နေ ဦးအောင်ဆန်း-ဒေါ်ရွှေရစိန် စောင်းကောက်ကုမ္ပဏီနှင့် ကံပွင့် လက်ဖက်အကြော်စုံလုပ်ငန်းတို့၏ တစ်ဦးတည်းသောသား

ဒေါက်တာ ကြည်သာဟိန်း M.B.,B.S(MDY)

နှင့်

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဘဘလမ်း၊ အိမ်အမှတ် (၂၆၄/က)နေ ဦးငွေစိုး-ဒေါ်နှင်းနှင်းဝေ စကားဝါကုမ္ပဏီတို့၏ တစ်ဦးတည်းသောသမီး

မဇင်မို့မို့မင်း B.Sc(Physics)

တို့၏ ၁၂-၂-၂၀၁၃ရက်တွင် စကားဝါနေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီး ဦးသက်ထွန်း၊ ၁၅-၂-၂၀၁၃ရက်တွင် မဏိကဋ္ဌနာခန်းမ၌ ကျင်းပပြုလုပ်ပြီးခဲ့သော မင်္ဂလာညည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ခင်သန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး စက်မှုနှင့်လျှပ်စစ်ဝန်ကြီး ဒေါက်တာမြင့်ကြူနှင့်ဇနီး ဒေါ်နီလာ၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့်ဇနီး ဒေါ်သန်းသန်းမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဦးဇော်ဝင်း-ဒေါ်ခင်ခင်လေး(မန္တလေး ရွှေနဂါးခန်းမပိုင်ရှင်)၊ လက်ထပ်မင်္ဂလာချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် ကျော်ကျော်(ငြိမ်း)နှင့်ဇနီး ဒေါ်သီတာညွန့်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်မြင့်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုချီးမြှင့်ပေးပါသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်၊ မင်္ဂလာပန်းကြဲပေးပါသော မပိုးသီရိနိုင်၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာနွေးအိအောင်၊ မအေးဒါလီတိုး၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မဆုရည်မွန်၊ ဒေါက်တာသော်သော်ထွေး၊ မင်္ဂလာသတို့သားအရံ မောင်ချစ်ကြည်ကောင်း၊ မောင်တိုးဝေဝင်း၊ မင်္ဂလာသတို့သမီးအရံ မမေနှင်းဇော်၊ မမေစံပယ်ဟန်၊ မင်္ဂလာသတို့သမီးအား မိတ်ကပ်အလှဆင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မင်္ဂလာသတို့သားဘက်အား မိတ်ကပ်အလှဆင်ပေးပါသော လင်းလင်း(Make-Up Artist)၊ မင်္ဂလာဝတ်စုံ စီစဉ်ပေးပါသော (Fashion Euphorial)၊ Dinner ဝတ်စုံစီစဉ်ပေးပါသော ဒီဇိုင်နာ မဇွန်ူ (Zu Zu Collection)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော ပီတာနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော OH နှင့်ဦးလူပေါ၊ ကိုကျားကြီးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးပါသော မယ်ကင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာစီစဉ်ပေးပါသော DAGON ပုံနှိပ်တိုက်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Metal Zone Band နှင့် တေးသံရှင် ဇော်ပိုင်၊ အောင်လ၊ Snare ၊ လွှမ်းပိုင်၊ ထက်နေခြည်၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ Bobby Soxer၊ ခင်စုစုနိုင်၊ ဗန်းသော့ဒ်ကျင်း၊ ဖြူဖြူဟန်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော မြင်းခြံရိုးမဘဏ် မန်နေဂျာ ဒေါ်နွယ်နွယ်အေးနှင့် ဝန်ထမ်းများ၊ စကားဝါဝန်ထမ်းများ၊ စောင်းကောက်နှင့် ကံပွင့်ဝန်ထမ်းများ၊ ဓမ္မမိတ်ဆွေများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကြည်သာဟိန်း-မဇင်မို့မို့မင်း

ကြော်ငြာ

UNITY FOR GOLD **WE CAN DO**

ယဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(အကြို)ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၈-၂-၂၀၁၃ရက်တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားတွင် ကူညီဆောင်ရွက်ပေးခဲ့သော ဗဟိုကော်မတီအားကစားဝန်ကြီးဌာနအားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအားလည်းကောင်း၊ စစ်ရေးပြအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အလံကိုင်တပ်ဖွဲ့နှင့် စစ်တီးဝိုင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များအားလည်းကောင်း၊ ပင်မမီးရှူးတိုင်ထွန်းညှိရေးနှင့် မီးရှူးမီးပန်းပစ်ဖောက်ရေးအတွက် နည်းပညာအပါအဝင် အစစအရာရာ အကူအညီပေးသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးချုပ်ရုံးမှ အရာရှိစစ်သည်များအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်သိန်းထွန်း ဦးစီးအနီးကပ်အထောက်အကူပြု ရဲတပ်ရင်းများအားလည်းကောင်း၊ အခမ်းအနားရှိတိုင်း အမြဲတမ်း ပါဝင်ကူညီပေးခဲ့သော ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအားလည်းကောင်း၊ အနုပညာဖန်တီး အကူအညီပေးသော အကယ်ဒမီဦးစင်ရော်မောင်မောင်အားလည်းကောင်း၊ ခေတ်မီနည်းပညာအကြံပေးသော Xenon Co.,Ltd. မှ ဦးမျိုးမင်းဦးအားလည်းကောင်း၊ ပြည်တွင်းဈေးကွက်ဆိုင်ရာများ အကြံပေးသော မြန်မာအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီနှင့် Xenon Co.,Ltd. မှ ဦးမျိုးမင်းဦးအားလည်းကောင်း၊ အခမ်းအနားနှင့်ပင်မမီးရှူးတိုင်ကို ဖန်တီးတည်ဆောက်ပေးခဲ့သော Max Myanmar Co.,Ltd. မှ ဦးခင်မောင်ကြွယ်အားလည်းကောင်း၊ ခေတ်မီအသံပိုင်းဆိုင်ရာများကို မေတ္တာဖြင့်အကူအညီပေးခဲ့သော ဂင်္ဂါချယ်ရီ Co.,Ltd. မှ ဦးဂင်္ဂါအားလည်းကောင်း၊ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပါသော ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းအားလည်းကောင်း၊ အားကစားအလံသယ်ဆောင်သူ ဦးအောင်နိုင်ဦး၊ မြားပစ်အားကစားသမား မယောစိမ်းယ၊ အားကစား အဓိဋ္ဌာန်ရွတ်ဆိုပေးသော ဦးဇော်လတ်၊ ဦးဇော်လွင်တို့အားလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဆိုင်းဘုတ်များကို ကိုင်ဆောင်သော Volunteer Liaison Officer များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများကို ကိုင်ဆောင်သော အားကစားသမားများအား လည်းကောင်း၊ အခမ်းအနားမှူးများနှင့် အစီအစဉ်တင်ဆက်သူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

အခမ်းအနားဖြစ်မြောက်ရေးအတွက် ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ တီရှပ်အထည် ၅၀၀၀ကို ပံ့ပိုးကူညီခဲ့သော ဘောဂသိဒ္ဓိဟိုတယ်နှင့် ဆေးရုံအားလည်းကောင်း၊ ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ တီရှပ်အထည် ၅၀၀၀ နှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ တိုင်းဒေသကြီး နှင့်ပြည်နယ်အလံ ၁၅ စုံတို့ကို ပံ့ပိုးကူညီခဲ့သော မိုးကြယ်စင်ကုမ္ပဏီအားလည်းကောင်း၊ ငွေကျပ် ၂၈ သိန်း တန်ဖိုးရှိ တီရှပ်အထည် ၂၀၀၀ ကို ပံ့ပိုးကူညီခဲ့သော Xenon Co.,Ltd. အားလည်းကောင်း၊ ငွေကျပ် ၄၂၅ သိန်းတန်ဖိုးရှိ ပင်မမီးရှူးတိုင်တည်ဆောက်ခြင်း၊ Drummer ဝတ်စုံ ၇၇ စုံနှင့် LED Flash Light ၅၀၀၀ တို့အတွက် ပံ့ပိုးကူညီခဲ့သော Premier Coffee အားလည်းကောင်း၊ ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ Chocopie ကိတ်မုန့်နှင့် Coffee ၁၂၀၀၀ ကို ပံ့ပိုးကူညီပေးသော ပထမ Group Co., Ltd. အား လည်းကောင်း၊ ငွေကျပ် ၂၀၂၅၀၀၀ တန်ဖိုးရှိ ရေသန့်ဘူး ၁၅၀၀၀ ကိုပံ့ပိုးကူညီခဲ့သော Loi Hein Co.,Ltd.အားလည်းကောင်း၊ ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ Ice Coffee ၁၂၀၀၀ ခွက်ကို ပံ့ပိုးကူညီခဲ့သော Ocean အားလည်းကောင်း၊ ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ပေါင်မုန့် ၁၅၀၀၀ ကို ပံ့ပိုးကူညီခဲ့သော မြန်မာမေစန်း Co., Ltd. အားလည်းကောင်း၊ ငွေကျပ် ၄၆ သိန်းတန်ဖိုးရှိ Sport Shirt အင်္ကျီအထည် ၁၀၀၀ကို ပံ့ပိုးကူညီခဲ့သော i-max Co.,Ltd. အားလည်းကောင်း၊ ငွေကျပ် ၁၈၆၀၀၀၀ တန်ဖိုးရှိ ငှက်ပျောသီး ၁၇၆၀ ဖီးကို ပံ့ပိုးကူညီခဲ့သော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

မေတ္တာဖြင့် တေးသီချင်းများကို ရေးစပ်သီဆိုပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ တေးရေးဟသ်ာတမြင့်ငွေ၊ မြင့်မိုးအောင်၊ စောခူဆဲ၊ ချစ်ဆွေမြင့်၊ အကယ်ဒမီ ဓီရာမိုရ်၊ ရွှေတိုင်ညွန့်၊ တေးဆို မြန်မာပြည်သိန်းတန်၊ မေခလာနှင့်အဖွဲ့၊ စိုင်းစိုင်းခမ်းလှိုင်၊ သီရိဆွေ၊ ဟဲလေးနှင့်အဖွဲ့၊ ဖြိုးကြီး၊ ယုဇန၊ နီနီခင်ဇော်၊ L လွန်းဝါ၊ လေးလေးဝါး၊ ချမ်းချမ်း၊ အိမွန်မွန်စိုး၊ စောမြတ်မိုး၊ မေသက်ထားဆွေနှင့်အဖွဲ့အားလည်းကောင်း၊ အနုပညာဖျော်ဖြေတင်ဆက်မှုများတွင် ကကြိုးကကွက်များကို မေတ္တာဖြင့် သင်ကြားပြသပေးသော ဒေါ်စန်းနု၊ ဒေါ်အုန်းရီ၊ ဒေါ်နုနုခင်တို့အားလည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ကရင်ပြည်နယ်မှ ကရင် ရိုးရာဒုံးယိမ်းအဖွဲ့၊ ရှမ်းပြည်နယ်မှ တိုးနရားအကအဖွဲ့၊ ကျောက်ဆည်မြို့မှ ဆင်အကအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ
ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ် ဗုဒ္ဓပူဇနိယပွဲ၌ ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သော လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ဘုရားကြီး၏ ရင်ပြင်တော်ပေါ်၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ဦးဆောင်၍ ဆရာတော် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြောင်း သိရှိရသည်။ **(ဓါတ်ပုံ)**

မြင့်ဦး(အင်းစိန်)

ဖားကန့်၌ ထမနဲထိုးပြိုင်ပွဲကျင်းပ

ဖားကန့် မတ် ၁

ဖားကန့်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများစုပေါင်း၍ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီက ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ကျောက်တိုင်ကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျင်းပရေးကော်မတီအဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းသား အသင်းသူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်က အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့ဝင် ဦးအောင်ဝင်းက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းဖတ်ကြားသည်။

ပြိုင်ပွဲသို့ မော်ဝမ်း၊ ငှက်ပျောတော၊ မြို့မ၊ အေးမြသာယာ၊ မရိုကထောင်၊ နမ့်မဖြစ်၊ ဆိပ်မူ စသည့် ရပ်ကွက်၊ ကျေးရွာများမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆိပ်မူကျေးရွာအသင်းက ပထမ၊ နမ့်မဖြစ်ကျေးရွာအသင်းက ဒုတိယ၊ မော်ဝမ်းရပ်ကွက်အသင်းက တတိယဆုများ ရရှိကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများနှင့် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဇ၄)**

ဗလငါးတန်စာကြည့်အသင်း ရွာများတွင် စာပေရေချမ်းစင်ဖွင့်မည်

ရေစကြို မတ် ၁

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရေစကြိုမြို့ မီးရထားဘူတာရုံနှင့် ဘူတာရုံအနီး နံနက်ခင်းဈေးတွင် သွားလာနေကြသော ခရီးသွားပြည်သူများနှင့် ကျေးရွာသူ ကျေးရွာသားများ အသိပညာတိုးပွားရေးအတွက် အခမဲ့ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှု ဘူတာရုံ ဗလငါးတန်စာပေရေချမ်းစင်ကို ဗလငါးတန်စာကြည့်အသင်းက ကြီးမှူး၍ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ပေးခဲ့သည်။

ယင်းကဲ့သို့ပင် ဗလငါးတန်စာကြည့်အသင်းအနေဖြင့် ရေစကြိုမြို့အတွင်းရှိ ကျေးရွာများတွင် စာပေရေချမ်းစင်များကို ဆက်လက် ဖွင့်လှစ်ပေးနိုင်ရန် ကြိုးစားသွားမည်ဖြစ်၍ ရေစကြိုမြို့ပေါ်တွင်လည်း အမှတ်(၈)၊ အမှတ်(၂)၊ အမှတ်(၁) ရပ်ကွက်များတွင်လည်း စာပေရေချမ်းစင်များကို ဖွင့်လှစ်ထားရှိပြီးဖြစ်သည်ဟု သိရသည်။ အဆိုပါ ရေချမ်းစင်များတွင် နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များနှင့် လစဉ်ထုတ် သုတရသစာအုပ်များ၊ မဂ္ဂဇင်းများကို ကဏ္ဍစုံလင်စွာထားရှိပေးထားပြီး မည်သူမဆို စာအုပ်၊ စာပေ၊ ဗဟုသုတများကို စိတ်အေးချမ်းသာစွာ အခမဲ့ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

(အိမွန်ဆွေ)

လှိုင်ကော်၌ ဘိန်းခင်းများ ဖျက်ဆီး

လှိုင်ကော် မတ် ၁

ကယားပြည်နယ် လှိုင်ကော်မြို့ ထီးစဲခါးကျေးရွာအုပ်စု၊ သာယုကျေးရွာအုပ်စု အနောက်ဘက် တစ်မိုင်အကွာတွင် ဘိန်းများစိုက်ပျိုးထားကြောင်း တာဝန်သိပြည်သူတစ်ဦးက သက်ဆိုင်ရာ အဖွဲ့အစည်းများကို သတင်းပေးပို့လာမှုကြောင့် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူနှင့် ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကယားပြည်နယ် ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တို့က ၎င်းဘိန်းစိုက်ပျိုးရာနေရာသို့ သွားရောက်ပြီး ၁ ဒသမ ၅ ဧကရှိသည့် ယင်းဘိန်းခင်းကို ဖျက်ဆီးနိုင်ခဲ့သည်။

ဆက်လက်ပြီး သာယုကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ နမ့်တဘက်ချောင်းဘေးတွင်ရှိသော သုံးဧကရှိ ဘိန်းခင်းကိုလည်းကောင်း၊ နမ့်နောက်ကျေးရွာမြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဘိန်းခင်း ၁၀ ဒသမ ၅ ဧကနှင့် ပိန်းချစ်ဘုန်းတော်ကြီးကျောင်းအနောက်ဘက် လေးဖာလုံခန့်အကွာရှိ ဘိန်းခင်း ၁ ဒသမ ၅ ဧကတို့ကို တာဝန်ရှိသူတို့က ဖျက်ဆီးရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ **(၁၂၆)**

အဝင်ကနည်း၊ ဈေးကတက် ဗဟိုစံပြငါးဈေးကွက်

သတင်း၊ ဓာတ်ပုံ - အဝယ်တော် ဖိုးထော်

ရန်ကုန် မတ် ၁

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ မရောက်သည်မှာ အတော်ကြာခဲ့ပြီဖြစ်သည်။ တစ်နေ့က ညီအစ်ကို မောင်နှမလို ချစ်ခင်နေသော မောင်စိန်လှိုင်(အငယ်လေး)နှင့်ညီမ မခင်မြရီတို့က "အစ်မကလည်း ဈေးကြီးထဲ မလာတာ အတော်ကြာပြီ၊ ဈေးမှာငါးတွေက အဝင်နည်း၊ ဈေးတွေကတက်နဲ့၊ လာခဲ့ဦးလေ"ဟု ဆိုသဖြင့် ယနေ့ခရီးစဉ်ထဲတွင် ထည့်ပြီးသွားခဲ့သည်။

မခင်မြရီက "ယခုနောက်ပိုင်း ငါးတွေက အဝင်နည်းလာတော့ ဈေးတွေထဲမှာ လက်လီရောင်းတဲ့ ဈေးသည်တွေက ငါးရဖို့ကို အလုအယက်ဖြစ်နေရတယ်။ ကတ္တားပေါ်တင် ငါးချိန်ရတဲ့ခြင်းရဖို့ကို ငွေကျပ် ၅၀၀ ပေးပြီး မနည်းလုနေရတယ်၊ ငါးဈေးကလည်း သိသိသာသာကို တက်သွားပြီ"ဟု ဆိုခဲ့သည်။

ဈေးကြီးဝင်းအတွင်းသို့ စာရေးသူရောက်သောအချိန်မှာ နံနက် ၅ နာရီခွဲလောက်ပင်ရှိဦးမည်။ ယခင်ကကဲ့သို့ မဟုတ်ချေ။ ရောင်းသူဝယ်သူတို့အသင့်အတင့် ရှင်းနေပြီကို တွေ့ရသည်။ နယ်သို့ပို့ရန် ဖော့ပုံးများတွင်ငါးများထည့်၍ ထုပ်ပိုးနေသူတို့သာ လှုပ်လှုပ်ရှားရှား ရှိနေသည်ကို တွေ့ရသည်။

အဓိက ဈေးအတက်ဆုံးငါးမှာ ဝယ်လက်များသော ငါးမြစ်ချင်း၊ ငါးကြင်းနှင့် ပုစွန်တို့ပင်ဖြစ်သည်။ ယနေ့ ဖေဖော်ဝါရီ ၂၅ ရက် ပေါက်ဈေးမှာ ငါးမြစ်ချင်းတစ်ပိဿာလျှင် ပျမ်းမျှဈေးမှာ ငွေကျပ် ၂၂၀၀ ရှိနေသည်။ ခြစ်ငါး ငါးမြစ်ချင်းဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀ရှိကြောင်း ၎င်းကဆိုသည်။

မခင်မြရီကပင် "အခုပေါက်နေတဲ့ ဈေးက ပြီးခဲ့တဲ့ တစ်ပတ်ကျော်လောက်ကဆိုရင် ငါးမြစ်ချင်းက ငွေကျပ် ၁၄၅၀နဲ့ ခြစ်ငါးက ငွေကျပ် ၉၀၀ ဈေးပဲရှိတာ အဝင်နည်းတော့ ဈေးတအားမြင့်လာတာ" ဟု ဆိုပြန်သည်။

ငါးမြစ်ချင်းကဲ့သို့ပင် အများစားသော ငါးကြင်းဈေးကလည်း နောက်ချန်မနေခဲ့ပါ။ ယခင်ကအကြီး တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ရှိရာမှ ယနေ့ ကျပ် ၄၀၀၀ ဖြစ်လာပြီး အလတ်ဆိုဒ်ဈေးမှာ ယခင်က တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးမှ ယနေ့ကျပ် ၃၀၀၀ ဈေးရှိနေသည်။

ငါးများအား နယ်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်နေသူ ဈေးကြီး၏ အပြင်တစ်ခြမ်း (ကမ်းနားဘက်)မှ ဦးလှမြင့်က "နယ်ဖောက်သည်တွေကတော့ ပုံမှန်ရှိပါတယ်။ ဈေးကတော့ ကြီးသွားတာမှန်တယ်။ ငါးသလောက်ဆို အတော့်ကိုရှားသွားပြီ၊ အခုလက ရေငန်တက်တဲ့လမှာ ငါးသလောက်က အဝင်များရမှာ လုံးဝမဝင်သလောက်ဘဲ။ ဈေးကတော့ ကြောက်စရာ ၁၅ ကျပ်သား ၂၀ သား ကောင်လောက်ကို ကျပ် ၃၀၀၀ လောက်ရှိတယ်။ အမြင့်ဆုံးဈေးက အကောင်ကြီး တစ်ပိဿာကိုကျပ် ၃၀၀၀၀ လောက်အထိဖြစ်သွားဖူးတယ်ဗျ" ဟုဆိုခဲ့သည်။

ငါးခူ၊ ငါးမြင်း၊ ငါးကျည်း၊ တီလားပီးယားငါးများမှာလည်း သူ့အရွယ်နှင့်သူဆိုသလို ဈေးများ တက်လာကြသည်။ လမ်းဘေးအကင်ဆိုင်များတွင် လူကြိုက်များသော ငါးဖိုးမ(ခေါ်) တီလားပီးယား(ခေါ်) မာလာငါးမှာ တစ်ပိဿာလျှင် ကျပ် ၆၀၀ မျှ ခုန်တက်သွားခဲ့သည်။ သို့တိုင်အောင် လိုလျှင်လိုသလောက် ဝယ်မရဖြစ်လာသည်ကိုလည်း ကြားရသည်။

ဗဟိုစံပြငါးဈေးကြီးအတွင်းသို့ ယခင်က ဧရာဝတီတိုင်းဒေသကြီးနှင့် ပင်လယ်ကမ်းရိုးတန်းဒေသတို့မှ နေ့စဉ် ငါး၊ ပုစွန် ပိဿာချိန် ၁၅၀၀၀၀/၁၆၀၀၀၀ ကျော် အထက်ပင် ဝင်လေ့ရှိရာ ယခုအပတ်အတွင်း၌ ငါးပိဿာချိန် ပျမ်းမျှ ၁၃၀၀၀၀ ဝန်းကျင်မျှသာ ဝင်လျက်ရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

၎င်းက ငါးမြစ်ချင်းဒိုင်ကြီးဈေးကို ပြောပြသည်။ သူတို့အခေါ် အဝေါ်အရ အရွယ်ခြောက်မျိုးရှိကြောင်း သိရသည်။ "နေကြာ" ခြစ်ငါး တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၁၆၀၀၊ "ကွာ"ဆိုဒ် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၀၀၀၊ "မျိုးပဲ" ဆိုဒ် တစ်ပိဿာလျှင် ကျပ် ၁၉၀၀ မှ ၂၁၀၀၊ "သေး/ပေါက်" ဆိုဒ် တစ်ပိဿာလျှင် ကျပ် ၂၁၀၀ မှ ကျပ် ၂၃၀၀၊ "အလတ်" ဆိုဒ် တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ "ရှယ်" ဆိုဒ် တစ်ပိဿာလျှင် ကျပ် ၂၆၅၀ ဈေးရှိနေကြောင်း သိရသည်။ ဈေးကြီးအတွင်းမှ နယ်များသို့ပို့နေရသော ငါးပိဿာချိန်မှာ နေ့စဉ် ၃၀၀၀၀ ဝန်းကျင် ရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

သွေးသည် အသက်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် (၃၂၇)၊ သစ္စာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နေ ဦးမြတ်စိုး-ဒေါ်စန်းကြည်တို့၏သား၊ မချိုချိုလွင်၏မောင်

မောင်သူရအောင် (B.Sc Geology)

Site Engineer (Dong-A Consultants Asia Company Ltd., Singapore)

နှင့်

ရန်ကုန်မြို့၊ အမှတ် (၄၁၈)၊ ခိုင်သဇင်လမ်းသွယ် ၄၊ ပုလဲ ၃၊ မင်္ဂလာဒုံမြို့နယ်နေ ဦးဝင်းမြင့် ဦးစီးအရာရှိ (ငြိမ်း)ထွေ/အုပ်-ဒေါ်ခင်မာဌေး အထက်တန်းပြ(ငြိမ်း)တို့၏သမီးကြီး၊ ဒေါက်တာဝဏ္ဏဝင်း M.B.,B.S (Ygn), MRCP (Part-I)၏အစ်မ၊

မဇွန်ဝင်းမြင့်(ဖြိုး) (BE Civil)

Resident Technical Officer (Design-Enviroment Group Architects UP, Singapore)

တို့သည် ပုလဲ ၃ နေအိမ်၌ ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရအောင်-မဇွန်ဝင်းမြင့်(ဖြိုး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်း၂၀)
ပေါင်မြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၂

ဦးစိန်ဝင်း **နှင့်** ၁။ ဦးစိုးဝင်း
၂။ ဒေါ်စန်းအေး
(အတူနေလင်မယား)

တရားလို **တရားပြိုင်များ**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာ၊ အမှတ်(၁၀၅)၊ မွန်စုကွက်သစ်လမ်း၊ မဟာအတုလဘုရားလမ်းထောင့်နေ(ယခုနေရပ်လိပ်စာမသိသူ)ဦးစိုဝင်းနှင့်ဒေါ်စန်းအေးတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးစိန်ဝင်းမှ ငွေ ၄၉၁၄၂၉၀/-(လေးဆယ့်ကိုး သိန်းတစ်သောင်းလေးထောင်နှစ်ရာ့ကိုးဆယ်ကျပ်တိတိ) ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၂ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင်အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မင်းဆွေ)
မြို့နယ်တရားသူကြီး
ပေါင်မြို့

ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာနေ ကျွန်မဒေါ်ချိုချိုစန်းနှင့် ဦးဆန်းလင်းဦးတို့မှာ တရားဝင် အကြင်လင်မယားအဖြစ်ပေါင်းသင်းလာခဲ့ရာ စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၂၀၀၉ ခုနှစ်တွင် ကွာရှင်းခဲ့ကြပြီး ဦးဆန်းလင်းဦးကိုယ်တိုင်မှ ၎င်း၏ပိုင်ဆိုင်ခွင့်အားလုံးကို စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ နောက်နောင် ဦးဆန်းလင်းဦးနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ချိုချိုစန်း	**ဦးလှမင်း LL.B**
၆/ကစန(နိုင်)၀၄၂၃၀၆	**အထက်တန်းရှေ့နေ(စဥ်-၃၂၀၄၃)**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ၃၆လမ်း၊ ၈၆×၈၇လမ်းကြား၊ အောင်ရူပံ ရပ်ကွက်၊ မဟာအောင်မြေမြို့နယ် (ဦးသန်းမောင်)-ဒေါ်ညွန့်ညွန့် ၉/မရမ(နိုင်)၀၁၇၈၉၆တို့၏ သမီးမနီလာ ၉/မဟမ(နိုင်)၀၀၀၆၉၉သည် မိဘမောင်နှမများ၏ ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိမိသဘောအလျောက် နေအိမ်ပေါ်မှဆင်းသွားသည့်အတွက်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

(ဦးသန်းမောင်)-ဒေါ်ညွန့်ညွန့်

ကြော်ငြာ

မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာဦးမြင့်ဦး (ညွှန်ကြားရေးမှူး၊ကျန်းမာရေးဦးစီးဌာန) နှင့်
ချစ်မေမေ ဒေါ်သင်းသင်းအေး (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမိုးမှုင်းအေးကုမ္ပဏီ) တို့၏
(၂-၃-၂၀၁၃) တောင်သူလယ်သမားနေ့တွင် ကျရောက်သည့်
မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင်ပါစေ။

ချစ်သမီး
မဖူးမွှန်နိုင် (စ) ဖိုးမွှန်နိုင် (စ) တရက်
နောက်ဆုံးနှစ်ဆေးပိုင်း(စ)၊ ဆေး(၂)

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် (၈၁)ကြိမ်မြောက် လစဉ်ပုံမှန် (၁၀)ရက် တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူလျက် ဆရာတော် အရှင်ပုညာနန္ဒ၏ ဉာဏ်မီသမျှ ဟောကြားတော်မူခဲ့သော ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားတော်များ၊ အလုပ်ပေးတရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိကဆရာတော်များ၏ သစ္စာတရားတော်များကို နာယူကျင့်ကြံအားထုတ်နိုင်ရန် ပုညာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ခမည်းတော်ကြီး ဘဒ္ဒန္တဝိစာရမှ ၁၃-၃-၂၀၁၃ရက်မှ ၂၂-၃-၂၀၁၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယောဂီ ၂၅၀ဦးသာ သတ်မှတ်ထားပါသဖြင့် တရားစခန်းဝင်ရောက်ကျင့်ကြံအားထုတ်လိုသူများ လိုအပ်သော အချက်အလက်စုံလင်စွာဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ဖုန်း-၀၁-၅၅၃၃၃၀နှင့် ၀၉-၅၀၁၃၂၉၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောင်းသား/သူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပနိုင်ရေးနှိုးဆော်ခြင်း

အမှတ်(၁) ကြေးနီသတ္တုတွင်း အထကကြေးနီ ကျောင်းသား/သူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ညစာစားပွဲ - ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့)
ပူဇော်ကန်တော့ပွဲ - ၂၆-၃-၂၀၁၃ရက် (အင်္ဂါနေ့) တပေါင်းလပြည့်နေ့

သို့ဖြစ်ပါ၍ ကြေးနီမိုင်း စာသင်ကျောင်းစတင်သည့်နှစ်မှ ၂၀၁၁ခုနှစ်အတွင်း တက်ရောက် ပညာသင်ယူခဲ့ဖူးသော ကျောင်းသား/သူဟောင်းများ ပူဇော်ကန်တော့နိုင်ရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် - ဗိုလ်ကြီးသန်းဝင်းစိုး(မိုင်း) ဖုန်း-၀၉-၂၄၀၀၈၅၀၊ ကိုကျော်ဝင်းမော် (မိုင်း) ဖုန်း-၀၉-၄၀၀၄၅၄၅၆၃၊ ကိုအောင်ကျော်ဇောထွန်း (မိုင်း) ဖုန်း-၀၉-၄၀၀၅၀၅၀၅၂၊ ကိုနေလင်းထွန်း (မန္တလေး) ဖုန်း-၀၉-၄၄၀၁၀၅၄၉၊ ကိုကျော်ကျော်ထွန်း (ရန်ကုန်) ဖုန်း-၀၉-၇၃၀၆၉၇၅၉၊ ကိုဝင့်ထက်ချို (ရန်ကုန်) ဖုန်း-၀၉-၅၀၂၅၁၇၉၊ ကိုတင်မျိုးဝေ (ရန်ကုန်) ဖုန်း-၀၉-၅၁၃၈၆၆၁

၁၉၇၀ မှ ၁၉၇၉ အထက(၅) မြစ်ကြီးနား

အရှေ့ဘက်တွင်
ကြည်လင်ခသောင်း
အင်ဂျန်းချောင်းတည့်။
ယင်းမှတစ်ဖန် ရှေ့ရှုပြန်သော်
နောက်ခံပြာဆိုင်း တောင်တံတိုင်းနှင့်
ပုံ့လို့င်းရော **စီတာပူရှာတည့်။**
အနောက်ဘက်တွင်
မြသွင်စိမ်းခြယ်
မြက်ခင်းလယ်၌
များရွှယ် ဝန်ထမ်း
ရာထမ်း အပေါင်း
အသောင်းဆန့်ရာ
ဂေါက်ကွင်းသာတည့်။
တောင်ဘက်တွင်မူ
ပြည်သူလူထု
အိုးအိမ်စုကို
သက်လုကွယ်ကာ
ကိုစားရာပြု
ပြည်သူ့ဝန်ထမ်း
ရဲစခန်းတည့်။
မြောက်ဘက်ကမူ
တောင်သူဦးကြီး
ကြန့်ခိုင်ဖီးတို့
သီးနှံဖုံဖုံ
ရိက္ခာစုံကို
ကုံလုံဖြည့်ရာ
တပ်ကုန်းရှာတည့်။
ထိုသို့ဝန်းကျင်
တက်ဖွေခွင်ဝယ်
ခန့်ထည်ဝင့်ကြွား
အထက(၅) တည့်။
ပွားများမေတ္တာ
နာသုံးနာဖြင့်
သွန်သင်ပို့ချ
ဆိုဆုံးမသည့်
အနန္တဂိုဏ်းဝင်
ဆရာသခင်တို့အား
လေးစားခသောင်း
တပည့်အပေါင်းသည်
ပြည့်သားကောင်းအဖြစ်
အားမာန်သစ်ဖြင့်
ကျစ်လျစ်ရိုးသား
ဒို့ကြိုးစားသည်
ပွားဆည်းခွန်အား
ဖြည့်လျက်တည်း။

မေမေသော် (မြစ်ကြီးနား)
ဖုန်း-၀၁-၅၅၄၇၆၄

အမြန်အလိုရှိသည်

1. Company Assistant
2. Export & Import
3. Designer (Photoshop, Illustrator & In design)
(Design Concept & Artwork Sense)
(Catalogue, Brochure, Web Photo ... Color Separation)
4. Computer Operator (DTP)
(English, Myanmar Typing ...)

Royal Mart Supermarket

အထက(၁) သာကေတ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

အထက(၁) သာကေတတွင် ၃၁-၃-၂၀၁၃ ရက်အထိ တာဝန်ထမ်းဆောင် အငြိမ်းစားယူခဲ့သော အသက်(၆၀)ပြည့် ဆရာကြီး/ဆရာမကြီးများ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၅-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ အောက်ပါသူငယ်ချင်းများထံ အလှူငွေများဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အာစရိယပူဇော်ပွဲသို့တက်ရောက်မည့် ဆရာကြီး ဆရာမကြီးများမှလည်း အထက(၁) သာကေတရှိ ဒေါ်ချိုချိုအောင် ဖုန်း-၀၉-၄၂၀၀၆၄၄၂၆ နှင့် ဒေါ်စန္ဒာမြင့် ဖုန်း-၀၉-၅၀၈၇၃၆၄ တို့ထံ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁။ ဦးကျော်မိုးသိန်း	ဖုန်း-၀၉-၄၉၅၇၁၃၀၈	၂။ ဒေါ်ခင်စန်းဝင်း	ဖုန်း-၀၉-၄၂၀၁၇၄၅၇၀
၃။ ဒေါ်ရီရီသန်း	ဖုန်း-၀၉-၄၃၁၆၂၁၀၁	၄။ ဒေါ်မိုးကေသီခိုင်	ဖုန်း-၀၉-၅၁၃၉၉၄၈
၅။ ဦးသန်းဇော်ထွေး	ဖုန်း-၀၉-၅၀၇၁၄၇၀	၆။ ဒေါ်နန်းနန်းတင်	ဖုန်း-၀၉-၇၃၁၀၀၀၈၀
၇။ ဒေါ်စည်သူသောင်း	ဖုန်း-၀၉-၄၉၃၀၈၂၀၃	၈။ ဦးကျော်စိုး	ဖုန်း-၀၉-၇၃၁၃၄၅၂၄
၉။ ဒေါ်လှဲ့လှဲ့ခိုင်	ဖုန်း-၀၉-၇၃၀၂၀၂၀၉	၁၀။ ဒေါက်တာနိုင်မြတ်ကျော်	ဖုန်း-၀၉-၅၁၆၅၁၉၉
၁၁။ ဦးအောင်မြင့်ဦး	ဖုန်း-၀၉-၇၃၂၁၁၃၈၆	၁၂။ ဒေါ်သိမ့်မွှန်မွှန်ထွန်း	ဖုန်း-၀၉-၅၀၁၁၇၈၂
၁၃။ ဒေါ်ဖြိုးသီရိမောင်	ဖုန်း-၀၉-၇၃၀၅၃၃၃၉	၁၄။ ဒေါ်လေးလေးမြင့်	ဖုန်း-၀၉-၄၃၀၆၄၇၃၃
၁၅။ ဦးလွင်ကိုကိုဦး	ဖုန်း-၀၉-၄၂၈၁၈၀၈၄၅	၁၆။ ဒေါ်သန္တာ	ဖုန်း-၀၉-၇၃၀၆၅၆၄၄
၁၇။ ဦးအောင်ကောင်းဇော်	ဖုန်း-၀၉-၇၃၀၁၇၁၃၆	၁၈။ ဒေါ်လှဲ့လှဲ့တင့်ဆွေ	ဖုန်း-၀၉-၇၃၁၁၅၅၇၉
၁၉။ ဦးမင်းထိုက်	ဖုန်း-၀၉-၇၃၀၂၀၁၆၄	၂၀။ ဦးသန်းစော	ဖုန်း-၀၉-၄၃၀၃၄၈၈၇
၂၁။ ဦးအောင်ကျော်မင်း	ဖုန်း-၀၉-၄၂၁၇၁၆၉၇၆	၂၂။ ဦးထက်ဝင်းလှိုင်	ဖုန်း-၀၉-၇၃၂၅၅၀၃၁
၂၃။ ဒေါ်စုစုဇော်	ဖုန်း-၀၉-၄၂၀၀၄၁၀၀၂		

GL Group

BioSys Pharmaceutical Co.,Ltd. မှ ဝန်ထမ်းအလိုရှိသည်

1. Area Sale Manager Male (3) Posts
2. Sale Supervisor Male (1) Posts
3. Medical Representative Male (4) Posts

... Sale and Marketing ...
... Sale and Marketing ...
... Pharmaceutial Marketing ...
... (15.3.2013) ... GL Group HR Department ...

အောင်ထိပ်တန်း

ဒေါ်နှင်းသဉ္ဇာလှိုင် (ဘ)ဦးဟန်လှိုင် ၉/မထလ(နိုင်)၁၉၈၄၈၆ နှင့်အများသိစေရန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်ခင်သန်းတင့် ၁၂/မရက(နိုင်)၀၆၅၂၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်း ဒေါ်နှင်းသဉ္ဇာလှိုင်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းတင့်တို့မှာ ၂၀၁၁ခုနှစ်၊ ၈ လပိုင်းက နေပြည်တော်၌ စတင်သိကျွမ်းခဲ့ကြပြီး ထိုစဉ်က လူကြီးမင်းမှာ ရန်ကုန်မြို့၌ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း သိရပါသည်။ ထိုနောက်ပိုင်းတွင် လူကြီးမင်းမှ ၎င်း၏အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်ငွေများလိုအပ်နေကြောင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ ၎င်း၏လက်ဝယ်ရှိ ဖုန်းစာချုပ်များနှင့် လယ်ဝေးမြို့၊ အမှတ် (၁)ရပ်ကွက်ရှိ အမှတ် ၁၁၀ အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်များပေးအပ်၍ အကူအညီတောင်းခံလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်စွာဖြင့် ငွေကျပ်သိန်း ၅၀ ကို ၂၀၁၁ ခုနှစ်၊ ၁၂ လပိုင်းအတွင်းက ပေးအပ်ကူညီခဲ့ကြောင်း သိရပါသည်။ အဆိုပါငွေများကို လူကြီးမင်းက ၂၀၁၂ ခုနှစ်၊ ၆ လပိုင်းတွင် ပြန်လည်ပေးဆပ်မည်ဟု ပြောဆိုခဲ့သော်လည်း ယနေ့အချိန်အထိ ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ ရှောင်တိမ်းလျက်ရှိကြောင်း သိရပါသည်။

လူကြီးမင်းအနေဖြင့် အဆိုပါကိစ္စကို ယနေ့မှစ၍ နောက် ၂၀ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံ လာရောက်၍ ဆက်သွယ်ဖြေရှင်းနိုင်ပါသည်။ ထိုသတ်မှတ်ရက်များအတွင်း လာရောက်ဆက်သွယ် ဖြေရှင်းခြင်းမရှိပါက လူကြီးမင်းအား သက်ဆိုင်ရာရဲစခန်းနှင့် တရားရုံးတွင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးငွေထွန်းဦး (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၅၂၉၃)
အမှတ် ၁၄/၂၇၊ ဦးဘွားလမ်း၊ မင်္ဂလာရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့
ဖုန်း-၀၉-၄၃၀၁၆၆၀၈

ကြော်ငြာ

Maritime Training Centre

★ BST (4 Tickets)

★ Pre-sea (Deck & Engine)

☎: 212357, 253113

09-5117226

ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်

8-9-10

09-5118647,73009869,73077351

လက်ထပ်ပြီးစီးပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် ၁၂၆၃ နေ ဦးစိုးမြင့်နှင့်ဒေါ်မြသန်းတို့၏သား မောင်နိုင်မိုးလတ် ၁၂/ဥကတ(နိုင်)၁၅၈၈၉၃ နှင့် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ သရဖီလမ်းသွယ်(၁)၊ တိုက်အမှတ် ၂၊ အခန်းအမှတ် ၄၀၁ နေ ဦးတင်ဆွေနှင့် ဒေါ်ခင်မမတို့၏သမီး မသန္တာဆွေ ၁၂/ဥကတ(နိုင်) ၁၅၅၅၃၅တို့သည် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၌ ၁၅-၂-၂၀၁၀ရက်က လက်ထပ်ပြီးစီးပါကြောင်း။

မောင်နိုင်မိုးလတ်-မသန္တာဆွေ

Yes!! English School

** Always say Yes!! to English. **

4 skill English classes

★Basic
★Elementary
★Intermediate
★Advanced
★IELTS,TOEFL, SAT

Ph : 511778 09-73033648

SUPER KIDS

Summer English Grammar, Essay, Letter

ဦးကျော်ဇင်(ဘ)ဦးကျင်ဟုတ် ၁၂/ရကန(နိုင်)၀၆၈၉၄၈နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်အမှတ် ၂၃၃၊ အခန်း ၁၊ မြေညီထပ်နေ ဦးကျော်ဇင် ၁၂/ရကန(နိုင်)၀၆၈၉၄၈နှင့် ကျွန်မ ဒေါ်တင်မိုးမိုးခိုင် ၁၂/လကန(နိုင်)၀၀၁၁၈၈တို့သည် ၂၄-၇-၂၀၀၄ ရက်တွင် တရားဝင်လက်ထပ်ပေါင်းသင်း၍ သား မောင်ကျော်ကိုကိုဇင်အား ၂-၇-၂၀၀၇ ရက်တွင် မွေးဖွားခဲ့ပြီး ခြောက်နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ကျွန်မ၏ခင်ပွန်း ဦးကျော်ဇင်သည် ကျွန်မနှင့်သားငယ်အပေါ် လင်ဝတ္တရား၊ ဖခင်ဝတ္တရားမကျေပွန်သည့်အပြင် ကျွန်မအား အတင်းအဓမ္မနေအိမ်မှ နှင်ချခဲ့မှုကြောင့် အိမ်ပေါ်မှဆင်းခဲ့ရခြင်းသာဖြစ်ပါသည်။ ကျွန်မ၏ လူမမယ်အရွယ်သားဖြစ်သူကိုလည်း ကျွန်မနှင့်တွေ့ဆုံခွင့်မပေးဘဲ ခေါ်ယူထားပါသည်။ ကျွန်မနှင့်ဦးကျော်ဇင်တို့သည် မည်သည့်တရားရုံးတွင်မှ မှတ်ပုံတင်ပြီး ကွာရှင်းပြတ်စဲခြင်းမရှိသေးပါ။ ပစ္စည်းခန်းလည်း ခွဲဝေခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ ကျွန်မသာလျှင် ဦးကျော်ဇင်၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်းနှင့် ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်အမှတ် ၂၃၃၊ အခန်း ၁၊ (မြေညီထပ်)၊ တိုက်ခန်းတစ်ခန်း၊ မတ်တူး ၇ခ/၁၁၂၃ကားနှင့် ကရောင်း ၃ခ/၁၃၃၇ကားတို့မှာ ဦးကျော်ဇင်အမည်ဖြင့် ဝယ်ယူထားသော်လည်း ကျွန်မတို့နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများဖြစ်၍ အထက်ဖော်ပြပါပစ္စည်းများကို ကျွန်မ မသိရှိဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မိုးမိုးခိုင်
၁၂/လကန(နိုင်)၀၀၁၁၈၈

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ် ၅လမ်း၊ အမှတ် ၁၁၆၂နေ ဦးခင်မောင်လွင်-ဒေါ်နီလာဝင်းတို့၏သမီး မခင်မို့မို့ဝင်း(ခ)ချောစု ၇/ညလပ(နိုင်)၁၂၇၈၂၀ သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲမှုပြုလုပ်ခဲ့သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် မည်သည့်ကိစ္စမျှ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးခင်မောင်လွင်-ဒေါ်နီလာဝင်း**

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇ဒီ၊ မြေကွက်အမှတ် ၅ဂျီ/၂၊ မြေကွက်တည်နေရာအမှတ်(၂၀စီ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ဦးကျော်မင်းအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးကျော်မင်း ဇနီးဒေါ်စန်းရီနှင့် သားဦးမောင်မောင်သန်း(လူမျိုးကြီး)ကွယ်လွန်သဖြင့် ဦးမောင်မောင်သောင်း ၁၂/စခန(နိုင်)၀၀၈၁၈၇၊ ဒေါ်စုစုမာ ၁၂/စခန(နိုင်)၀၀၈၆၀၁၊ ဒေါ်သီတာကျော် ၁၂/စခန(နိုင်)၀၀၈၂၉၃ တို့က သားသမီးများ တော်စပ်ကြောင်းနှင့် ၂၀၀၉ ခုနှစ်အပိုင်ပေး မြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၁၆၊ မြေကွက်အမှတ် ၅၄၉/ခ၊ မြေကွက်တည်နေရာ အမှတ် (၅၄၉/ခ)၊ ဗိုလ်တာယာလမ်း၊ ၁၈ရပ်ကွက်၊ ဦးအောင်မြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်မြင့်ထံမှ အရပ်ကတိ အရောင်းစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ ပိုင်ဆိုင်သူ (၁) ဦးလှိုင်ဝင်း MTNT-၀၂၂၄၂၀၊ ဒေါ်နွယ်နီ HTYA-၀၀၁၉၉၁ တို့က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်ခင်ကြူနှင့် အများသိစေရန်

မော်လမြိုင်မြို့၊ စမ်းကြီးရပ်၊ ဈေးကြိုနယ်မြေရှိ **လွတ်မြောက်ရာ** တရားစခန်း ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ အရေးပိုင်ကုန်းလမ်းခြား၊ အမှတ်(၁၁)နေ ဒေါ်ခင်ကြူ ၁၀/မလမ(နိုင်)၁၅၁၇၄၄နှင့် အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာလိုက်ပါသည်-

အထက်ပါတရားစခန်းတည်နေရာ မော်လမြိုင်မြို့၊ ကွင်းအမှတ် ၉၇၊ စမ်းကြီးကွင်း၊ ဦးပိုင်အမှတ်(၇၅/၂)၊ ဧရိယာ ၀ဒသမ၉၀ဧကရှိမြေကွက်ကို မူလပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဟဒယဂူဘုရားနှင့်တရားစခန်းနှင့်စပ်လျဉ်းသည့် အဆောက်အအုံများဆောက်လုပ်ရန်အတွက်အောက်ခြေကတိစာချုပ်ဖြင့် လှူဒါန်းခဲ့ပါသည်။

ထိုသို့လှူဒါန်းခဲ့စဉ်က အထက်ပါတရားစခန်း၏ ဦးဆောင်တရားပြသူ ဦးဖွဲ့မင်းအမည်ဖြင့် လှူဒါန်းခဲ့သော်လည်း ဦးဖွဲ့မင်း၏ပုဂ္ဂလိကပိုင်ဆိုင်မှုအတွက်ပေးကမ်းခြင်းမဟုတ်ပါ။ တရားစခန်းရိပ်သာလုပ်ငန်းများ တည်တံ့ထွန်းကားစေရန်အတွက်သာ ဖြစ်ပါသည်။

တရားပြဆရာဦးဖွဲ့မင်းသည် ၂၁-၁၀-၂၀၁၂ရက်ကကွယ်လွန်ခဲ့ရာ ဆရာဦးဖွဲ့မင်း ကွယ်လွန်ပြီးနောက် ဦးဖွဲ့မင်း၏ဇနီးဟောင်း ဒေါ်ခင်ကြူက တရားစခန်းရိပ်သာရှိ ဦးဖွဲ့မင်း၏ဗီရိုအတွင်းမှ ဖော်ပြပါမြေကွက်လှူဒါန်းထားသည့် အောက်ခြေကတိစာချုပ်ကို ဂေါပကအဖွဲ့၏ခွင့်ပြုချက်မရဘဲ ရယူသွားခဲ့ကြောင်း ဂေါပကအဖွဲ့၏ညွှန်ကြားချက်အရ သိရှိရပါသည်။

ထိုစာချုပ်ကိုအကြောင်းပြုပြီး ဒေါ်ခင်ကြူကပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်၍ အမည်ပြောင်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ အခြားအဖွဲ့အစည်းများသို့ လှူဒါန်းခြင်းမပြုလုပ်ရန်တားမြစ်လိုက်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီတရားစွဲဆိုသွားလိမ့်မည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

(ဦးသိန်းညွန့်)	**(ဦးလင်းကိုကို)**
LL.B-Advocate	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၅၇၄၂	**စဉ်-၂၉၀၉၇**

အမှတ် ၇၁၅၊ အောက်လမ်းမကြီး မောင်ငံရပ်၊ မော်လမြိုင်မြို့

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း)
အသက်(၈၈)နှစ်

Eternal Co.,Ltd. မှ ဦးညီညီဦး(ဒု-ဥက္ကဋ္ဌ)-ဒေါ်ဥမ္မာဝင်းလွင် (ဒါရိုက်တာ-ဘဏ္ဍာရေး)တို့၏ဖခင် Myanmar Synergy Garment Co., Ltd. မှ ဦးမင်းဂေါင်ဦး(အုပ်ချုပ်မှုဒါရိုက်တာ)တို့၏အဘိုး၊ ဗိုလ်ချုပ်မင်းဂေါင် (ငြိမ်း) အသက်(၈၈)နှစ်သည် ၂၂-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Kian Chue Hwa (Industries) Pte., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ချုပ်မင်းဂေါင်(ငြိမ်း)
အသက်(၈၈)နှစ်

Eternal Co.,Ltd. မှ ဦးညီညီဦး(ဒု-ဥက္ကဋ္ဌ)-ဒေါ်ဥမ္မာဝင်းလွင် (ဒါရိုက်တာ-ဘဏ္ဍာရေး)တို့၏ဖခင် Myanmar Synergy Garment Co., Ltd. မှ ဦးမင်းဂေါင်ဦး(အုပ်ချုပ်မှုဒါရိုက်တာ)တို့၏အဘိုး၊ ဗိုလ်ချုပ်မင်းဂေါင် (ငြိမ်း) အသက်(၈၈)နှစ်သည် ၂၂-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Kian Ann Engineering Pte., Ltd.

အရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းအရပ်ရပ် အုပ်ထိန်းခွင့်လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ-၁၁)
ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၃)ရုံး
၂၀၁၃ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ် ၃၅
(အရွယ်မရောက်သေးသူ မအိအိမွန်၏ ကိုယ်နှင့်ပစ္စည်းရင်အုပ်ထိန်းခွင့်)
ဦးတင်ကိုကိုလတ် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ၃၇ လမ်း၊ အမှတ် ၂၄၃(ပထမထပ်)နေ ဦးတင်ကိုကိုလတ်က တူမဖြစ်သူ မအိအိမွန်အား အရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းရပ်တို့အပေါ် အုပ်ထိန်းခွင့်ရရှိရန်၊ အုပ်ထိန်းခွင့်သက်သေခံလက်မှတ်စာ (Guardianship Certificate) လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားချက်ရှိကြောင်း အများသူငါတို့သိစေခြင်းငှာ လျှောက်ထားသူ၏ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိသူဟူသမျှသည် ဤရုံးသို့ ၂၀၁၃ ခုနှစ် မတ်လ ၆ ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့တွင် လျှောက်ထားသူ ဦးတင်ကိုကိုလတ်၏ လျှောက်ထားချက်ကို ကြားနာ၍ အုပ်ထိန်းခွင့် သက်သေခံလက်မှတ်စာ ရသင့်၊ မရသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝီလ်မာထွန်းခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ H၊ မြေကွက်အမှတ် ၁၆၂၊ အကျယ်အဝန်း (၂၉ ဒသမ ၆ပေ× ၁၀၀ ပေ)၊ ၀ ဒသမ ၀၆၈ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသာရွှေထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ရောင်းဝယ်မှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသည့်အထောက်အထားများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဉာဏ်ဝင်း	ဒေါ်စန်းမာလာညွန့်	ဒေါ်မျိုးပပအောင်
(စဥ်-၁၂၀၃)	(စဥ်-၆၄၆၂)	(စဥ်-၁၉၂၀၁)

တရားလွှတ်တော်ရှေ့နေများ၊ **အထက်တန်းရှေ့နေ**
အမှတ် ၃၁/၃၃(စတုတ္ထထပ်)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

“Expert” Real Estate Service

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၂၁၅/၁၊ မြေကွက်တည်နေရာအမှတ် ၂၁၅/၁၊ ဇီဝစိုးလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်ညိမ်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်ညိမ်း ISN-၃၉၄၈၄၈က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးမှ ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၄၅/ခ၊ မြေကွက်တည်နေရာအမှတ် ၄၅/ခ၊ ရန်ပြေ ၆လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းဝေအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းဝေထံမှ အရပ်အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဥမ္မာအုန်း ၁၂/လသန(နိုင်)၀၀၄၄၃၃က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာနှင့် ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး(ကြည်း-၂၆၇၄၈)

ဒေါ်ဖြူဖြူ၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦးသည် ၂၄-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်မှူးကြီး တင်ဇော်ဦး-ဒေါ်နွယ်နွယ်အေး
ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်မိုး-ဒေါ်ယဉ်သူဇာမိုး
(ဒုတိယဗိုလ်မှူးကြီး သန်းထိုက်ဝေ)-ဒေါ်စန္ဒာသက်
ဗိုလ်မှူးရန်မျိုးနိုင်-ဒေါ်စန္ဒာပပအေး

(၇)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ စက်ရေတွင်း ဒါယကာကြီး
ဗိုလ်မှူးစောသာ (OTS 25)
(၂-၃-၂၀၀၆)-(၂-၃-၂၀၁၃)

မိသားစုနှင့်ခွဲခွာသွားသည်မှာ (၇)နှစ်ပြည့်ခဲ့ပါပြီ။ တစ်နေ့မှမေ့မရခဲ့ပါ။ မိသားစု နေ့စဉ်၊ လစဉ်၊ နှစ်စဉ်လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်ဒါနများကို ပါပါ မြင့်မြတ်သောဘုံဘဝမှ ရရှိခံစားပြီး သာဓုခေါ်နိုင်ပါစေ။

ပြုပြုသမျှကုသိုလ်အားလုံးကို အမျှ အမျှ ပေးဝေပါတယ်။ သာဓုခေါ်ပါ ပါပါရယ်။

ချစ်ဇနီး-ဒေါ်ကျော့စိန်
သမီးကြီး-ဒေါ်စောသီတာဦး-ဦးအောင်ကျော်မြ
(CE Ocean Wide Co.,Ltd.)
သား-ဦးစောဗဟိဏ်း(သစ်တောဦးစီးအရာရှိ)-ဒေါက်တာမြစန်းသိန်း
သမီး-ဒေါက်တာစောဝေဝေဖြူ-Capt မြဖော်ဦး(Uniteam Co.,Ltd.)
သမီးငယ်-ဒေါ်စောခိုင်ခိုင်ဆန်း UNOG Co.,Ltd.
မြေးများ-မြတ်မော်ဟန်(P-4 Total School)
စောယမုံ(Senior Total School)
သဲဆုစံ(Senior Total School)
စောမြတ်မင်း
တပည့်-ဦးအုန်းဝင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမြင့်သိန်း(အင်ဂျင်နီယာ-ငြိမ်း)
အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အရှေ့ဘက်ကမ်း၊ မင်းလမ်းနေ ဒေါ်တင်တင်သန်း(မြရတနာရွှေဆိုင်-၁)၏ခင်ပွန်း ဦးမြင့်သိန်း အသက်(၆၁)နှစ်သည် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ကြီးကျော်ဆန်းထွန်း(ငြိမ်း)-ဒေါ်အေးအေးသန်းမိသားစု
မြမွန်ရတနာရွှေဆိုင်၊ လှည်းကူးမြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးဉာဏ်မြင့်
လက်ထောက်ကထိက(ငြိမ်း)၊ စီးပွားရေးတက္ကသိုလ်
အသက်(၅၆)နှစ်

သူငယ်ချင်း မအေးအေးလှိုင်(B.Econ,MS 1971)၏မောင် ကိုဉာဏ်မြင့်သည် ၂၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီးပွားရေးတက္ကသိုလ်(၁၉၆၇-၇၁) သူငယ်ချင်းများ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၉)၊ ဦးပိုင်အမှတ်(၈)၊ ၅၇×၅၈ လမ်းကြား၊ ၄၁ လမ်း၊ ဦးကျောက်ညီလိုင်း အမည်ဂရန်မြေကွက်အား ဒေါ်ဖြူနှင်းလွင် ၁၃/လရန(နိုင်)၁၂၁၉၅၇ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင်ပျောက်ဆုံးသွားပါသဖြင့် အမည်ပြောင်းဂရန်မိတ္တူ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်ပျဉ်းမနားမြို့နေ ဒေါက်တာပေါ်မြင့်ဦး(မြဂန္ဓမာဆေးခန်း)-ဒေါက်တာဂျိုဂျိုစန်း၊ [တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း]တို့မိခင် ဒေါ်ခင်အိ အသက်(၁၀၀)သည် ၂၆-၂-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၀၀:၃၇နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အိ (မန္တလေး)
အသက် (၁၀၀)

ပျဉ်းမနားမြို့နေ ဒေါက်တာပေါ်မြင့်ဦး၊ အတွင်းရေးမှူး မြန်မာနိုင်ငံဆရာဝန်အသင်း(ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း)-ဒေါက်တာဂျိုဂျိုစန်း၊ အတွင်းရေးမှူး(၂)၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မိခင် ဒေါ်ခင်အိသည် ၂၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အိ (မန္တလေး)
အသက် (၁၀၀)

ပျဉ်းမနားမြို့နေ ဒေါက်တာပေါ်မြင့်ဦး-ဒေါက်တာဂျိုဂျိုစန်း မြဂန္ဓမာ၊ ဘို အထူးကုဆေးခန်းများ၏မိခင်ကြီး ဒေါ်ခင်အိ(မန္တလေး)သည် ၂၆-၂-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲရပါသည်။

ဆရာဝန်များ၊ မန်နေဂျာနှင့် ဝန်ထမ်းများ
ဘို အထူးကုဆေးခန်းများ

ဒေါ်သန်းသန်းနွဲ့ @ တာတာ
သတိရခြင်း

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သန်း (မာန်အောင်)
အသက်(၈၆)နှစ်

သူငယ်ချင်း Capt.ဦးနိုင်လွင်(Uniteam)-ဒေါ်ချိုယမင်းလှိုင်တို့၏ဖခင် ဦးအောင်သန်းသည် ၂၂-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် (၁၉၈၃)
ဘူမိဗေဒမှ သူငယ်ချင်းများ

(၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရတမ်းတခြင်း
ဒေါ်အေးသန့်(သထုံ)
၂-၃-၂၀၀၃

ဘဝရဲ့ နောက်ဆုံးအချိန်ထိ ခင်ပွန်းနှင့်သားသမီးတို့အတွက်ပေးဆပ်ရင်း အချိန်ကုန်ခဲ့တဲ့အမေ၊ မိသားစုနဲ့ခွဲခွာသွားခဲ့တာ ၂-၃-၂၀၁၃ရက်မှာ (၁၀)နှစ်ပြည့်ခဲ့ပြီ၊ အမေ့အတွက်ရည်စူးပြုသမျှကောင်းမှုအစုစုတို့ကို အမေ အမျှရပါစေ၊ သံသရာတွင်ကျင်လည်နေသရွေ့ သက်တမ်းစေ့ ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ပြီး နိဗ္ဗာန်မဂ်ဖိုသို့ ရလွယ်ရောက်လွယ်သော တရားထူး၊ တရားမြတ်များကို တွေ့မြင်သိရှိကြိုးစားအားထုတ်၍ သံသရာမှလွန်မြောက်နိုင်ပါစေ။

ကျန်ရစ်သူမိသားစု

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၂၇)၊ ၁၇×၁၈ လမ်းကြား၊ ၆၀×၆၁လမ်းကြား၊ ဦးသိန်းမောင်အမည်ပေါက် ဂရန်မြေကွက်အား ဦးငွေးလွင် ၉/မနမ(နိုင်)၀၉၀၆၀၂ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်အမည်ပြောင်း၊ မိတ္တူနှင့်သက်တမ်းတိုးအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တက္ကသိုလ်ဝင် ပြင်ပဖြေ ကျောင်းသားများအား အခမဲ့ပညာသင်ကြားပေး

ရန်ကုန် မတ် ၁

တက္ကသိုလ်ဝင်စာမေးပွဲ ပြင်ပဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အခမဲ့ပညာသင်ကြားပေးရေးကို ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူး၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၉ ရက်မှစ၍(စနေ၊တနင်္ဂနွေ) ကျောင်းပိတ်ရက်များတွင် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်ကြားပေးလျက်ရှိသည်။

ထိုသို့ သင်ကြားပေးရာသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်တို့သည် ဖေဖော်ဝါရီ ၂၄ ရက်က လာရောက်ကြည့်ရှုအားပေးပြီး **(ဝဲပုံ)**လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ပညာသင်ကြားလျက်ရှိပြီး မတ်လ ၂ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၆၃)

မုံရွာတိုင်းရင်းဆေးရုံ အခမဲ့ကွင်းဆင်းကုသ

မြင်းမူ မတ် ၁

စစ်ကိုင်းတိုင်းဒေသကြီး ခုတင် ၅၀ ဆံ့ မုံရွာတိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီး ဦးနေအောင် ဦးဆောင်သော တိုင်းရင်းဆေးမှူး ၁၀ ဦးတို့သည် မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာအုပ်စု၊ ရုံးကား၊ ကန်ဆွယ်ကျေးရွာအုပ်စုတို့တွင် ဖေဖော်ဝါရီ ၂၅ ရက်က တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသခဲ့ရာ လူနာပေါင်း ၂၅၄ ဦးကို ကုသပေးခဲ့ကြောင်း သိရသည်။ ထို့နောက် ညောင်ပင်ကန် စာကြည့်တိုက်သို့ မဂ္ဂဇင်း၊ ဂျာနယ်များလှူဒါန်းခဲ့ရာ ညောင်ပင်ကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းသီဟက လက်ခံယူပြီး ဆေးရုံအုပ်ကြီးက လှူဒါန်းခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၅ ရက် ညနေပိုင်းတွင် ဆေးရုံအုပ်ကြီးက ဆီးချိုရောဂါနှင့် သွေးတိုးရောဂါအကြောင်း ရှင်းလင်းဟောပြောကာ အချို့သောအရေးကြီးနာတာရှည် ရောဂါသည်များအား မုံရွာတိုင်းရင်းဆေးရုံသို့ လာရောက်ကုသနိုင်ကြောင်း ပြောကြားသွားခဲ့သည်။

(၀၇၉)

တောင်ကြီးတက္ကသိုလ်၌ ဥပဒေပညာဟောပြော

တောင်ကြီး မတ် ၁

တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာနမှ စီစဉ်ကျင်းပသည့် ဥပဒေသင်တန်းသား သင်တန်းသူများအား ပြင်ပမှဥပဒေပညာရှင်များက လာရောက်ဟောပြော ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာန အချိန်ပိုင်းပါမောက္ခ ဦးတင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရှမ်းပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်တို့က တရားရေးဆိုင်ရာများ၊ ဥပဒေပိုင်းဆိုင်ရာများကို ရှင်းလင်းဟောပြော ဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ ဥပဒေပညာဌာန ပါမောက္ခဒေါက်တာဒေါ်နွယ်နီဝင်းနှင့် သင်တန်းသား သင်တန်းသူ ၄၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

မီးပိုမီး၊ အခြားမီး သုံးပြီးသတိ အမြဲရှိ

ဘော်ကြိုဘုရား ထီးတော်တင်လှူ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

သီပေါ မတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားမုဋ္ဌောစေတီ ထီးတော်တင်လှူပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲက အဆိုပါ စေတီတော်ကြီး၏ ရင်ပြင်ပေါ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် အဖွဲ့ဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ရှမ်း၊ ပလောင်၊ လီဆူ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူ တစ်သိန်းနှစ်သောင်းကျော် တက်ရောက်ကြည်ညိုကြသည်။ ရှေးဦးစွာ စေတီတော်ကြီး၏ ရင်ပြင်တော်၌ ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ထီးတော်တင်ပွဲတွင် လှူဒါန်းခဲ့သော အလှူငွေများနှင့် ကောင်းမှုကုသိုလ်အစုစုအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရေစက်သွန်းချ အမျှပေးဝေသည်။ ထို့နောက် ရတနာမာန်အောင်၊ ရတနာညာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာစျာန်အောင်မြတ်ဘုရားလေးဆူ ကိန်းဝပ်စံပယ်သည့် မုဋ္ဌောစေတီတော် မြတ်ကြီး၏ ထီးတော်ဘုံခုနစ်ဆင့်အနက် ပထမအဆင့်ကို မင်္ဂလာအခါကျရောက်သော နံနက် ၈ နာရီခွဲ မှစတင်၍ ပန်းရထားဖြင့် တစ်ဆင့်ပြီး တစ်ဆင့် စေတီတော်ကြီးပေါ်သို့ ပင့်ဆောင်ရာတွင် ဝန်ကြီးချုပ်က ထီးတော်များကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ကန်တော့သည်။**(အပေါ်ပုံ)**

စိန်ဖူးတော်မြတ်ကို နံနက် ၉ နာရီခွဲတွင် အောင်မြင်ပြီးမြောက်အောင် ပင့်ဆောင်နိုင်ခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ပေါက်ခေါင်းမြို့နယ်၌ ဘမောင်ချောင်းတံတားဖွင့်ပွဲ ကျင်းပ

ပေါက်ခေါင်း မတ် ၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပျားထိုးကျွန်း-လှည်းကူး-ဘမောင်ချောင်း တံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ဘမောင်ချောင်းတံတား လှည်းကူးကျေးရွာ၌ ကျင်းပသည်။

တည်ဆောက်

အဆိုပါ ဘမောင်ချောင်းတံတားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၈၅ သိန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

မောင်မျိုး(ပြည်)

အမြန်ဆက်သွယ်ပါ

Pioneer Auto Trading Co.,Ltd. မှ ဝယ်ယူထားသော Toyota Hilux Surf အဖြူရောင် Model 1999 ကား၏ ပေးချေရမည့်နောက်ဆုံး အရစ်ငွေအား Pioneer Auto Trading Co., Ltd. သို့ လာရောက် ပေးချေခြင်းမရှိပါသဖြင့် Toyota Hilux Surf ၆င/၉၄၈၈ ဝယ်ယူထားသည့် ယာဉ်ပိုင်ရှင်မှ Pioneer Auto Trading Co., Ltd. သို့ လာရောက်ပေးချေပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လာရောက်ပေးချေခြင်း မရှိပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

Pioneer Auto Trading Co., Ltd.

ဖုန်း-၀၉-၄၂၀၀၃၆၇၀၆၊ ၀၉-၄၅၀၀၆၃၁၃၇

Taxi ကားငှားမည်

၁။ မြန်မာမီနီဆလွန်း ၃ သိန်း
၂။ စူပါဆလွန်း(ခေတ်ဆီ) ၃ သိန်း
၃။ Hilux Surf ၆ သိန်း
(၉၆ ကတုံး) အနက်
ဆက်သွယ်ရန်-ဖုန်း-၀၉-၅၁၈၂၇၆၅၊ ၀၁-၇၀၅၃၈၀

တိုက်ခန်းရောင်းမည်

၁၅ပေ×ပေ၅၀၊ တာမွေ၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ မြေညီပြင်ဆင်ပြီး၊ နေရန်အသင့် (ညှိနှိုင်းဈေး)
ဖုန်း-၀၉-၇၃၁၈၇၇၃၇

အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ် ၄၂
ကွယ်လွန်သူဒေါ်တင်တင်အုံး၏ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ရီရီ
၁၂/စခန(နိုင်)၀၀၃၉၂၆
အမှတ် ၆၅၊ မင်းလမ်း၊ စမ်း/တောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်။

လျှောက်ထားသူ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၆၅နေ ဒေါ်ရီရီက ကွယ်လွန်သူ ဒေါ်တင်တင်အုံး၏ အစ်မဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဒေါ်တင်တင်အုံး၏ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခွင့် သက်သေခံလက်မှတ်စာကိုရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုဆိုခဲ့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်တင်တင်အုံးမှ ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ ခုနှစ် မတ် ၁၈ ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၇ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ရီရီ၏လျှောက်ထားချက်ကို ကြားနာ၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ ရသင့်/မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်ဟန်)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမြန်ဆက်သွယ်ပါ

Pioneer Auto Trading Co.,Ltd. မှ Toyota Hilux Surf ၇ဃ/၁၇၅၅ မီးခိုးရောင် Model 1999, Owner Book ထွက်ရှိသည်မှာ တစ်လရှိပြီဖြစ်သော်လည်း ပိုင်ရှင်မှ လာရောက်ထုတ်ယူခြင်းမရှိပါသဖြင့် Pioneer Auto Trading Co.,Ltd. သို့ လာရောက်ဆက်သွယ်ထုတ်ယူပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

Pioneer Auto Trading Co., Ltd.

ဖုန်း-၀၉-၄၂၀၀၃၆၇၀၆၊ ၀၉-၄၅၀၀၆၃၁၃၇

အမည်ပြောင်း

စစ်တွေမြို့၊ ဦးအောင်မိုး၏သား အလက(၅) စစ်တွေ စတုတ္ထတန်းမှ မောင်ကျော်ဇင်လွင်အား မောင်ကျော်ဇင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဇင်သန့်

အမည်မှန်

ဦးမြတ်သူမင်း၏သား တောင်တွင်းကြီးမြို့ ကပစ(၁၈) တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း ဒုတိယတန်းနေ မောင်သန့်ဇင်ထွန်း၏ အမည်မှန်မှာ မောင်သန့်စင်ထွန်း ဖြစ်ပါသည်။

မောင်သန့်စင်ထွန်း

အမည်မှန်

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ လဂမုံးလမ်း၊ အမှတ်(၁၈)နေ ဦးအောင်ဇေယျာထွန်းနှင့် မမြဝတ်ရည်တို့၏သား မောင်ဇေယျာ အမည်မှန်မှာ မောင်ဇေယျာထွန်းမြအောင် ဖြစ်ပါသည်။

မောင်ဇေယျာထွန်းမြအောင်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်ညို ၇/ပခန(နိုင်)၀၆၈၅၉၇ ၏ ၉ဃ/၆၂၃၂ ဟွန်ဒါဒရင်း(၁၂၅) ဆိုင်ကယ် ယာဉ်မှတ်ပုံတင်စာအုပ်(အုံနာဘုတ်)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၈၅၇၈၉၃၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံး၌
၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၄၂၂

ဒေါ်မာမာဝင်း **နှင့်** ကိုအေးနိုင်
တရားလို **တရားပြိုင်**

အမှတ် ၄၅၇၊ မင်းဘူးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ကိုအေးနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၃၇၅သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၈ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရင်ရင်သန်း)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

2-3-2013 (A).pmd 1 3/1/2013, 11:22 PM

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တာချီလိတ်မြို့ ရွှေတိဂုံစေတီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ

တာချီလိတ် မတ် ၁

တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး အလှူတော်ငွေပေးအပ်ပွဲနှင့် ရွှေသင်္ကန်းစတင်ကပ်လှူခြင်းအား ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းက အဆိုပါစေတီတော်ရင်ပြင် ဓမ္မာရုံတွင် ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်သူမြတ်များမှ စေတီတော်ကြီးအား အရဟံဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဧည့်ပရိသတ်များမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား ရွှေသင်္ကန်းအလှူတော်ငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နဂါးနှစ်ကောင်ဆရာတော်ကြီးက ဗုဒ္ဓရုပ်ပွားတော်များ ချီးမြှင့်တော်မူသည်။ ထို့နောက် တာဝန်ရှိသူများက စေတီတော်ကြီး၏ ငှက်ပျောဖူးတော်အား စတင်ကာ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြကြောင်း သိရသည်။ **(ဝဇိဝ)**

ရေစကြို-ရန်ကုန် ယာဉ်လိုင်းသစ်ဖွင့်

ရေစကြို မတ် ၁

ကြယ်စင်မိုး အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးမှ ရေစကြို-ရန်ကုန်ခရီးစဉ်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်က ရေစကြိုမြို့ ဗိုလ်ချုပ်လမ်းအမှတ် (၅) ရှာပိုးရပ်၌ ကျင်းပသည်။ ရေစကြို-ရန်ကုန် ခရီးစဉ်သစ်ပြေးဆွဲမှုကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအတွက်များစွာအကျိုးရှိလာမည်ဖြစ်သည်။ ကြယ်စင်မိုး ခရီးသည်ပို့ဆောင်ရေးမှ အဆင့်မြင့်လေအိတ်ကားကြီးများဖြင့် ရေစကြိုမြို့မှ မွန်းလွဲ ၂ နာရီခွဲတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ယာဉ်စီးခနှုန်းမှာ ခရီးသည်တစ်ဦးငွေကျပ် ၁၁၀၀၀၊ အပြန်ခရီးကိုပါ စီးမည်ဆိုပါက ငွေကျပ် ၁၀၀၀၀ ဖြင့် နေ့စဉ်အချိန်မှန်ပြေးဆွဲမည်ဖြစ်ကြောင်း တာဝန်ခံဂိတ်မှူးက ပြောကြားသည်။

ယခုကဲ့သို့ ရေစကြို-ရန်ကုန် ခရီးစဉ်ကို အဆင့်မြင့်လေအိတ်ကားများဖြင့် ပြေးဆွဲသဖြင့် သက်သောင့်သက်သာသွားလာရတော့မည်ဖြစ်၍ ဒေသခံများက ဝမ်းသာစွာ ကြိုဆိုကြသလို နေပြည်တော်သွားဝန်ထမ်းများကလည်း ရေစကြို- ရန်ကုန်-နေပြည်တော်ခရီးစဉ်အတွက် မျှော်လင့်လျက်ရှိကြောင်း ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ **(ဖေထွဏ်းဇော်-ရေစကြို)**

တောင်သာမြို့နယ် နန်းမြင့်(နွားပျဉ်း) ကျေးရွာမှ နာမည်ကျော် နွားပျဉ်းအဝတ်အထည်များ ရက်လုပ်တင်ပို့ရောင်းချလျက်ရှိ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် နန်းမြင့်(နွားပျဉ်း) ကျေးရွာမှ အိမ်တွင်းမှုရက်ကန်းလုပ်ငန်းထွက် နာမည်ကျော် နွားပျဉ်းအဝတ်အထည်များ ရက်လုပ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးများအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

၁၀ ချည်၊ ၂၀ ချည်၊ ၃၀ ချည်၊ ၄၀ ချည် စသည့်ချည်အမျိုးမျိုးနှင့် မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါ၊ စွပ်ကျယ်အင်္ကျီ၊ ပုဆိုး၊ စောင်၊ အမျိုးသမီးဝတ်၊ အမျိုးသားဝတ် အင်္ကျီမျိုးစုံ ရက်လုပ်ကြကြောင်း၊ အဓိကကုန်ကြမ်းဖြစ်သည့် ချည်ကို မန္တလေးသို့ မှာယူရကြောင်း၊ ယခင်က နွားပျဉ်းကျေးရွာထွက် အဝတ်အထည် အမျိုးမျိုးသည် နွားပျဉ်းထည်ဟု နာမည်ကျော်ကြောင်း၊ ယခုအထိလည်း ယခင်ရွာနာမည်ဟောင်း အစွဲပြုခေါ်သည့် နွားပျဉ်းထည်ဟုသာ လူသိများနေဆဲဖြစ်ကြောင်း နန်းမြင့်(နွားပျဉ်း) ကျေးရွာတွင် ရက်ကန်းလုပ်ငန်း လုပ်ကိုင်သည့် ဒေသခံတစ်ဦးက ပြောကြားသည်။

နန်းမြင့်ကျေးရွာ ဒေသခံများသည် တောင်သူလုပ်ငန်းနားချိန်တွင် ရက်ကန်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူ မိသားစုတစ်စုတွင် အနည်းဆုံး ရက်ကန်းစင်တစ်စင်မှ ငါးစင်အထိရှိသည်။ လျှပ်စစ်မီးကို မကြာသေးမီကာလက ရရှိခဲ့ပြီး ကျေးရွာတစ်ရွာလုံးတွင် လျှပ်စစ်မီးလင်းပြီဖြစ်သော်လည်း လုပ်ငန်းလုပ်ကိုင်နိုင်သည်အထိ လျှပ်စစ်ဓာတ်အားမရရှိသေးပေ။ ထို့ကြောင့် နန်းမြင့်(နွားပျဉ်း) ကျေးရွာအဝတ်အထည်ရက်လုပ်သည့် လုပ်ငန်းသည် မိရိုးဖလာလက်ရက်ကန်းလုပ်ငန်းအဖြစ်သာ တည်ရှိနေပြီး ရက်ကန်းလုပ်သားအဖြစ် လုပ်ကိုင်သူ ဒေသခံအမျိုးသား၊ အမျိုးသမီးငယ်များ၏ တစ်နေ့တာရက်လုပ်နိုင်သည်မှာ ၁၀ ကိုက်(အထည်တစ်အုပ်) ခန့်သာရှိသည်။ အထည်တစ်အုပ်ပြီးလျှင် ရက်လုပ်ခအဖြစ် ငွေကျပ် ၁၀၀၀ ရရှိပြီး လုပ်သက်ရင့်ပြီး ရက်ကန်းလုပ်ငန်းတွင် ကျွမ်းကျွမ်းကျင်ကျင်အဆင့်ရှိသည့် ကျွမ်းကျင်လုပ်သားများသည် ကိုက် ၂၀ (အထည်နှစ်အုပ်ခန့်) အထိ ရက်လုပ်နိုင်ကာ တစ်နေ့ဝင်ငွေကျပ် ၂၀၀၀ အထိ ရရှိသည်။

လုပ်ငန်းလုပ်နိုင်သည့် လျှပ်စစ်ဓာတ်အားကို ရရှိမည်ဆိုပါက မိရိုးဖလာလက်ရက်ကန်းမှ ခေတ်မီစက်ရက်ကန်းလုပ်ငန်းအဆင့်အထိ တိုးမြှင့်လုပ်ကိုင်ရန် ရည်ရွယ်ထားသူများရှိကြောင်း၊ စက်ရက်ကန်းလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်နိုင်လျှင် ကုန်ထုတ်လုပ်ငန်း ပိုမိုလုပ်ကိုင်နိုင်မည်ဖြစ်သကဲ့သို့ ရက်ကန်းလုပ်သားများအနေဖြင့်လည်း တစ်နေ့လုပ်အားခဝင်ငွေတိုးတက်လာမှာ ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ချိန်ကြာမြင့်ကာ ထွက်ကုန်ပမာဏနည်းပါးပြီး လုပ်သားများတစ်နေ့လုပ်အားခဝင်ငွေ အနည်းငယ်သာရရှိသည့် မိရိုးဖလာလက်ရက်ကန်းလုပ်ငန်းအဆင့်မှ ကုန်ထုတ်လုပ်ချိန်လျော့နည်းကာ ထွက်ကုန်တိုးမြင့်ပြီး လုပ်သားများ တစ်နေ့လုပ်အားခ တိုးတက်များပြားလာနိုင်မည့် ခေတ်မီစက်ရက်ကန်းလုပ်ငန်း လုပ်ကိုင်လိုသူ ဒေသခံရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

နန်းမြင့်ကျေးရွာထွက် အဝတ်အထည်များကို မြင်းခြံမြို့မှတစ်ဆင့် နွားထိုးကြီး၊ မြစ်သား၊ ကျောက်ဆည်၊ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ ရန်ကုန်မြို့ကြီးများအထိတင်ပို့ရောင်းချလျက်ရှိပြီး မိရိုးဖလာလက်ရက်ကန်းလုပ်ငန်းမှ ခေတ်မီစက်ရက်ကန်း လုပ်ငန်းအဆင့်ထိ တိုးမြှင့်လုပ်ကိုင်နိုင်ခဲ့လျှင် ထုတ်ကုန်နှစ်ဆတိုးမြှင့်ကြ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဟူသည်နှင့် အညီ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာမှုကို ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ရာ ရောက်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ **ဦးချမ်းသာ (မိတ္ထီလာ)**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ

မြဝတီ မတ် ၁

မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် ဆောင်ရွက်နိုင်ရေး၊ ယခုလက်ရှိဖြစ်ပွားတတ်သော မီးလောင်မှုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းဇော်တို့သည် ဖေဖော်ဝါရီ ၂၄ရက်က ကျင်းပသည့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုတွင် ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားကို မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း၌ ကျင်းပပြီး ဈေးတာဝန်ခံဦးမျိုးဇော်ဦးနှင့်ဈေးကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နွေရာသီအခြေခံရေကူးသင်တန်း

ရေကူးသင်တန်းသူ သင်တန်းသားများ လက်ခံနေပါပြီ။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ အသင်းဝင် (member)များလည်း လက်ခံနေပါသည်။

မြို့တော်ဂေါက်ကွင်း
ရေကူးကန်စားသောက်ဆိုင်
သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၁-၇၀၃၅၂၄၊ ၀၉-၈၆၃၇၀၅၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၇/စီ၊ ရတနာအမှတ် ၁၊ မြေကွက်အမှတ် ၂၇၊ မြေဧရိယာ ၀ ဒသမ ၂၃၂ပေါ်ရှိမြေနှင့် အကျိုးခံစားခွင့်များအား ရောင်းချပိုင်ခွင့်နှင့်ပိုင်ဆိုင်မှုရှိသူဟုအဆိုပြုသူ ဦးလီကျိန်ဟူး ၉/မရတ(နိုင်)၁၀၆၇၇၅ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်ဦး(စဉ်-၆၂၃၅)
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ
(သဘာ၀အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း)
၁၀၁၊ လေးလွှာ၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၀၇၉၉

ကန့်ကွက်နိုင်ပါကြောင်း

ဦးဝင်းမြင့် အမည်ပေါက် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေပုလဲလမ်း၊ မြေကွက်အမှတ် ၆၈၂၊ ဧရိယာ ၀ဒသမ၀၅၈ဧက၊ ပေ(၄၂×၆၀) ဂရန်မြေ အမျိုးအစား မြေကွက်ကို ၎င်း၏တရားဝင် အမွေဆက်ခံခွင့်ရှိသူ(၃)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းသိန်း ၁၂/ဥကတ(နိုင်)၁၃၅၂၅၁ ထံမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင် (စဉ်-၃၄၄၉၀) **ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)**
LL.B, C.B.L **LL.B, LL.M**
အထက်တန်းရှေ့နေများ (ရွှေဟင်္သာအိမ်ခြံမြေဥပဒေအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မရမ်းခွဲဘာကမ်းပတ်တာပြင်၊ ကုလားတန်းကျေးရွာအပိုင်း၊ အကွက်အမှတ် ၈၊ လ/န- ၃၀(ခ)မြေအမျိုးအစား၊ ဧရိယာ ၇၀ ဒသမ ၀၈ဧက ရှိ သဘာ၀ရေငန်ပုစွန်ကန်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးသိန်းသန်းဦး ၁၂/ကတန(နိုင်)၀၈၆၅၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သိင်္ဂီဝင်း LL.B, D.B.L,D.M.L	ဒေါ်ခင်ချို LL.B	ဒေါ်ခိုင်ဇင်အိ LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၀)	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
ဖုန်း-၀၉-၅၄၁၇၆၄၆	(စဉ်-၂၃၄၅၁)	(စဉ်-၂၇၀၁၁)
အိမ်ဖုန်း-၀၉-၇၃၁၄၇၉၅၁	ဖုန်း-၀၉-၄၉၃၁၉၂၃၂	ဖုန်း-၇၃၀၈၉၉၄၁

အခန်း (၉/၁၁)၊ အခန်းအမှတ် ၁၀၁(ပထမထပ်)၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဥဇ္ဇနာ ၉လမ်း၊ အမှတ် ၃နေ ဒေါ်နီလာဟန် ၁၂/အလန(နိုင်)၀၃၁၃၂၁နှင့် ဒေါ်ခင်ကြေးမှုံဟန် ၁၂/ဥကမ(နိုင်)၁၅၂၃၃၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်နီလာဟန်နှင့် ဒေါ်ခင်ကြေးမှုံဟန်တို့သည် ဦးအေးဟန်နှင့် ဒေါ်သောင်းတင်တို့မှ မွေးဖွားသော သားသမီးလေးဦးရှိသည့်အနက် နှစ်ဦးဖြစ်ပါသည်။ ဖခင် ဦးအေးဟန်သည် ဇနီးဒေါ်သောင်းတင်မသေဆုံးမီ လွန်ခဲ့သော ၁၈နှစ်ကတည်းက လေဖြတ်ရောဂါကြောင့် အိပ်ရာထဲလဲနေခဲ့ပြီး စကားပြောရာတွင် ပုံမှန်အသိစိတ်မရှိတော့ကြောင်း ပြောပြချက်အရသိရပါသည်။ ထိုသို့ ပုံမှန်အသိစိတ်နှင့် စကားမပြောနိုင်သော အသက်(၈၈)နှစ်ရှိ ကျွန်ုပ်အမှုသည်များ၏ ဖခင် ဦးအေးဟန်ထံမှ ယခုအချိန်ထိ ၎င်းအမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိနေသော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဥဇ္ဇနာ ၉လမ်း၊ အမှတ် ၃ဟု ခေါ်တွင်သော အလျား× အနံပေ(၄၀×၆၀)အကျယ်ရှိ မြေကွက်နှင့်အိမ်အား သက်ဆိုင်သူအားလုံး၏ သဘောတူညီချက်မရှိဘဲ ဦးအေးဟန်၏သားသမီးများထဲမှ တစ်စုံတစ်ဦးကဖြစ်စေ၊ အခြားသူတစ်ဦးမှဖြစ်စေ ဖခင်အား အတင်းအကြပ်သွေးဆောင်ဖြားယောင်းပြီး အထက်ဖော်ပြပါ အိမ်မြေတစ်ခုလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း ရယူရန် ကြိုးစားသူမည်သူမဆို ဥပဒေအရ အရေးယူတရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်လှလှပိုင် LL.B	ဒေါ်သူဇာဝင်း LL.B	ဦးဌေးလွင် LL.B
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	ဥပဒေအကျိုးဆောင်
(စဉ်-၃၁၆၀၉)	(စဉ်-၃၉၂၃၉)	(စဉ်-၂၃၄၀၈)

အမှတ် ၁၀၄၉၊ ပြည်ထောင်စုလမ်းမကြီး၊ (၃၈)ရပ်ကွက်၊ ၇/၈ လမ်းဆုံအနီး၊
မြောက်ဒဂုံမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၈၂၇၄၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ နေလလမ်း၊ ကွင်း/အကွက်အမှတ် ၂၅၊ ကွင်း/အကွက်အမည် (ဗိုလ်ချုပ်ရေနံစက်)၊ ဦးပိုင်အမှတ်(က/၂၅/ဘီ-၃၁)၊ ဧရိယာ ၀ ဒသမ ၁၂၈ ဧကရှိ အငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးသည် သန်လျင်မြို့၊ မြို့မြေစာရင်းတွင် အမည်ပေါက်တည်ရှိပြီး လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ဦး ၁၂/ဗတထ(နိုင်)၀၂၅၃၂ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,D.M.L
စဉ်-၂၃၂၉၉	စဉ်-၂၉၇၄၆
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အာရှမြေ အိမ်-ခြံ-မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ဒေါ်စီစီမာ ၁၂/မဂတ(နိုင်)၀၇၆၅၉၀နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဆဟီဒါဘီ(ခ)မအေးအေးခိုင် ၁၄/ပသန(နိုင်)၁၄၈၆၂၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဆဟီဒါဘီ(ခ)မအေးအေးခိုင်သည် အဘူဘကရ်(ခ)ဦးမောင်မောင်အေး၏ နိကာဟ်ထိမ်းမြားခဲ့သော တရားဝင်ဇနီးတစ်ဦးဖြစ်ပါသည်။ ဒေါ်စီစီမာနှင့် အဘူဘကရ်(ခ)ဦးမောင်မောင်အေးတို့သည် မိခင်ကြီး ဒေါ်ချိုပိုင်ဆိုင်သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁P)၊ မြေကွက်အမှတ် (V-၆၁၇)၊ ဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိ နှစ် ၉၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆ လမ်း၊ အိမ်အမှတ် ၅၅ဟုခေါ်တွင်သော အဆောက်အအုံကို မိမိတို့နှစ်ဦးသာ အမွေဆက်ခံပိုင်ဆိုင်သည်မှာ ၁၇-၁၂-၂၀၀၄ရက်စွဲပါ **ကျမ်းကျိန်ကတိသစ္စာပြုလွှာ**နှင့် ၂၁-၁၂- ၂၀၀၄ ရက်စွဲပါ **အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်**တို့အရဖြစ်ပါသည်။ အဘူဘကရ်(ခ)ဦးမောင်မောင်အေးမှာ ၁၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးမောင်မောင်အေး(ခ)အဘူဘကရ် ကွယ်လွန်သည့်အချိန်တွင် အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အပါအဝင် ပထမထပ်(ဝဲ)၊ ခြောက်လွှာ(ဝဲ)နှင့် အပေါ်ဒါပါတို့ကို အမွေရှင်ဦးမောင်မောင်အေး၏ ပစ္စည်းများအဖြစ် ကျန်ရစ်ခဲ့ပါသည်။ ထို့ကြောင့် ဆဟီဒါဘီ(ခ)မအေးအေးခိုင်သည် အမွေရှင်ခင်ပွန်းဖြစ်သူ ဦးမောင်မောင်အေး(ခ)အဘူဘကရ်၏အမွေကို တရားဝင်ဆက်ခံသူအဖြစ် တည်ဆဲဥပဒေနှင့် အစ္စလာမ်တရားဥပဒေအရ(ပိုင်ရေးဆိုင်ခွင့်)ပိုင်ဆိုင်ပါသည်။ ယခုအခါမြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ဌာနချုပ် (အစ္စလာမ့်ရေးရာခုံရုံး)တွင် အမွေရှင်ယောကျ်ားပိုင်ပစ္စည်းများကို အစ္စလာမ့်ဓမ္မသတ်အရ ခွဲဝေဆုံးဖြတ်ပေးပါရန် ကျွန်ုပ်၏မိတ်ဆွေက လျှောက်ထားဆဲကာလဖြစ်ကြောင်းလည်း သိစေအပ်ပါသည်။

ထို့ကြောင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အထက်ပါပိုင်ဆိုင်မှုအရပ်ရပ်ကို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း သတိပေးတားမြစ်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ဝင်းဦး LL.B
အထက်တန်းရှေ့နေ (စဉ်-၂၆၀၉၁)
အမှတ် ၁၈၊ (ဒုတိယထပ်)၊ ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အိ

အသက်(၁၀၀)

ဒေါက်တာပေါ်မြင့်ဦး-ဒေါက်တာဂျူဂျူစန်းတို့၏မိခင် ဒေါ်ခင်အိသည် ၂၆-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်မြင့်-ဒေါက်တာဒေါ်ခင်မြဝင်း

ပြည်ထောင်စုဝန်ကြီး

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ဦးနေစိုး

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်လမ်းသွယ်(၂)၊ အမှတ် ၄၁/ခနေ [ဗိုလ်မှူးစိုးဝင်း(ငြိမ်း)-ဒေါ်ခင်သန်းရီ]တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် ၄၆၄နေ(ဦးသိန်းလွင်)-ဒေါ်တင်ဥတို့၏သားသမက်၊ (ဒုတိယဗိုလ်မှူးကြီးစိုးဝေလွင်)-ဒေါ်အေးအေးစိုး၊ ဦးနေဝင်း(ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ရီရီစိုး၊ ဦးနေလင်းတို့၏အစ်ကို/မောင်၊ဒေါ်ဝင်းမာလွင်(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်)၏ခင်ပွန်း၊ မောင်လွင်မိုးအောင်(အထက-၂၊ အင်းစိန်)၏ဖခင်သည် ၂၈-၂-၂၀၁၃ရက် ညနေ ၅း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် ၄၆၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုဇော်ကိုကို

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၂၁လမ်း၊ အမှတ် ၁၈၃/ကနေ ဦးအေးကို-ဒေါ်စန်းစန်းအေးတို့၏သားကြီး၊ (ဦးမြင့်သိန်း-ဒေါ်ဝင်းဝင်းတင်)တို့၏သားသမက်၊ ကိုညီညီဦး၏ညီ၊ ကိုစိုးကိုကို-မသဲအိအိဖြိုး၊ ကိုအောင်ကိုကိုမင်း-မနွယ်နီအောင်တို့၏အစ်ကိုကြီး၊ မောင်စိုးမင်းပိုင်၊ မောင်ကောင်းခန့်ဇင်တို့၏ဖခင်၊ မနွေကဗျာ(ခ)တုန်တုန်ဖစ်၏ဘကြီး၊ မခင်စန္ဒီဦး၏ခင်ပွန်းသည် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၃-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်ခင်လေး

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး တောင်ပိုင်းရပ်ကွက်၊ မန္တလေးလမ်း၊အမှတ် ၂၀/ကနေ (ဦးခင်အောင်၊လုပ်ငန်းအုပ်ကြီး၊မြန်မာ့မီးရထား၊ ငြိမ်း)၏ဇနီး ရာသက်ပန်အသင်းဝင် ဒေါ်ခင်ခင်လေး (ရာ/၉၄၃)သည် ၂၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ဒေါ်ခင်ရွှေ (အင်းမ)

အသက်(၇၅)နှစ်

သာကေတမြို့နယ်၊ရှုခင်းသာအိမ်ရာ၊ တိုက် B(၁၂)၊ အခန်း ၂၀၁နေ ဦးခင်သောင်း(ရဲအုပ်၊ ငြိမ်း)၏ဇနီး၊ ဦးတင်ထွဋ်-ဒေါ်လှလှချစ်၊ ဦးအောင်ဆွေ-ဒေါ်သီဂီ၊ ဦးမောင်သန့်-ဒေါ်ခင်မာချို၊ ဦးကျော်ကျော်ဝင်း-ဒေါ်ခင်မာညို၊ ဦးရဲညွန့်-ဒေါ်အေးမူလွင်တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၁-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးသန်းမောင် (ရဲမှူး၊ ငြိမ်း)

(ရွှေပေါက်ကံမြို့သစ်)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊အမှတ်၉၀နေ ဦးဖိုးရင်-(ဒေါ်အေးမြိုင်)တို့၏သား၊ (ဒေါ်ရွှေပွား)၊ ဒေါ်ခင်ခင်ဝင်း (အထက-၁၊ မြောက်ဥက္ကလာ)၏ခင်ပွန်း၊ ဒေါ်အေးအေးမူ (ဘီးလင်း အမှတ်-၂၂၊အကြီးစားစက်ရုံ)၊ ဗိုလ်ကြီးကျော်သူရ(ငြိမ်း) (ဌာနမှူး၊ ပြည်သူ့ဆက်ဆံရေးဌာန၊ ပြည်နိုင်ဖြိုးဌာနချုပ်ရုံး၊ နေပြည်တော်) - ဒေါ်နွယ်နီအောင်၊ ဦးကျော်ဇေယျ(အေအီး၊ ရေအားလျှပ်စစ်စီမံကိန်း၊ တောင်ငူမြို့)-ဒေါ်ဖြူဖြူသိန်း၊ မကောင်းမြတ်ဝေ (ပထမနှစ်၊ ဇီဝဓာတု)တို့၏ဖခင်၊ မောင်မြတ်ထွဋ်ကျော်၊ မောင်ရဲရင့်ဖေ၊ မောင်စွမ်းရည်၊ မောင်သုထက်ထွန်း၊ မလရိပ်သံသာတို့၏အဘိုး ဦးသန်းမောင်(ရဲမှူး၊ငြိမ်း၊ ကြိုးမဲ့ယာဉ်ထိန်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)သည် ၁-၃-၂၀၁၃ရက် ညနေ၅း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍၃-၃-၂၀၁၃ရက်မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း (မြန်အောင်)

တပ်မတော်-ရေ(ငြိမ်း)၊ ၈၉၄၄

ဆေးတက(၂၃)ရေတပ်အုပ်ချုပ်ရေး

အသက်(၇၇)နှစ်

မြန်အောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကြာနီကန်လမ်းနေ ဦးလွင်ဦး-ဒေါ်သန်းရွှေ၊(ဦးညွန့်မောင်)-ဒေါ်ကြင်မြ၊ဦးသန်းဌေးအောင်-ဒေါ်ရွှေမိ၊ ဦးစိုးအောင်-ဒေါ်ရွှေအိတို့၏အစ်ကိုကြီးသည်၁-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၃ရက်(စနေနေ့) ညနေ ၃နာရီတွင် သရက်တပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကြာနီကန်ရပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးယုလွင် (စစစ၊ ငြိမ်း)

အသက်(၆၀)

(ဦးသပြေ၊ စစစ၊ ငြိမ်း-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးစိုး-ဒေါ်လှတင်)တို့၏သားသမက်၊အမှတ် ၅၃၁/ခ၊ ဗိုလ်တေဇလမ်း၊ဗိုလ်မင်းခေါင်ပန်းခြံ၊(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်စန်းစန်း၏ခင်ပွန်း၊ (ဦးကြင်ထွန်း)-ဒေါ်မြင့်မြင့်အေး၊ (ဦးမောင်မောင်မြင့်-ဒေါ်တင်တင်ဝင်း)၊ (ဦးစိုးဝင်းထွန်း)-ဒေါ်သီတာလွင်တို့၏မောင်၊အစ်ကို၊ ကိုအောင်သူ၊ ကိုညီလွင်ဟိန်း(ခ)ကိုညီညီ၊ ကိုမောင်မောင်ထိုက်၊ မဆုမွန်သပြေတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည်၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်စိန်(ခ)အန်းတီတီး

အသက်(၅၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁လမ်း၊ အမှတ် ၅၇(လေးလွှာ)နေ (ဦးယုကြည်-ဒေါ်မေဟုန်)တို့၏မြေး၊ (ဦးလှစိန်)-ဒေါ်ခင်မြင့်တို့၏ဒုတိယသား၊တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန်ကွန်ဒို၊အမှတ် ၆၀၂(ငါးလွှာ)နေ မလဲ့လဲ့ဝင်း၊ မစန်းစန်းဌေးတို့၏ခင်ပွန်း၊ (ဦးလှမြင့်)-မကြူကြူသင်းတို့၏ညီ၊ ဦးစိုင်းသန်းလေး-မတင်တင်လှ၊ ကိုခင်လှိုင်-မမိုးမိုးအေး၊ ဦးသန်းဝင်း-မမြင့်မြင့်လှိုင်၊ ကိုကျော်သန်း-မလှလှအေးတို့၏အစ်ကို၊ မဝေဇင်နှင်း၊ မချမ်းမြေ့ဝတ်ရည်၊ မောင်ဝေလင်းကျော်တို့၏ဖခင်၊ တူ၊တူမ ၁၁ယောက်တို့၏ဦးလေးသည်၂၈-၂-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၃ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိန်မေ(ရှေဦး) အသက်(၁၀၀)

ရန်ကုန်မြို့၊ တောင်ဒဂုံစက်မှုဇုန်(၂)နေ ဦးကြည်လှိုင်-ဒေါ်သန်းမြင့်(ရွှေမန်းသံပန်းသံတံခါး)၊ ဗဟန်းမြို့နယ်၊သံလွင်လမ်း၊ ဝင်ဒါမီယာနေ ဦးဘနွယ်(အထကကျောင်းအုပ်ကြီး၊ ငြိမ်း)-(ဒေါ်လှလှမြင့်၊ အထကပြ၊ငြိမ်း)၊ မန္တလေးမြို့၊ ရန်မျိုးလုံရပ်ကွက်နေ ဦးစိန်ဝင်း-ဒေါ်ခင်မြင့်(ဗန်းမော်မန်းကားအသင်း)၊ (ဦးသိန်းလွင်)-ဒေါ်တင်တင်မြင့်(အထည်အလိပ်အင်ဂျင်နီယာ)၊ဦးခင်မောင်ကြည်(သတ္တုတွင်းအင်ဂျင်နီယာ)၊ စစ်ကိုင်းမြို့၊ ဇေယျာရပ်နေ ဦးခင်မောင်ရီ-ဒေါ်အေးအေးမြင့်(စိုးစံသစ်စက်)တို့၏မိခင်၊ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်အေးမြတ်နွယ်၊ ဦးညီညီအောင်-ဒေါ်မိုးမြတ်နွယ်(ROYAL HI-TECH GROUP CO.,LTD.)၊ဦးကျော်စိုး-ဒေါ်ညိုမီအေး(ရွှေမန်းသစ်စက်၊ရန်ကုန်)၊ဦးကျော်မိုး-ဒေါ်မြတ်လေး(ရွှေမန်းသစ်စက်၊မန္တလေး)၊ ဦးကျော်ဟိန်း-ဒေါ်ခင်လှသန်း(ယုဇနပွဲရုံ)၊ ဦးကျော်စွာ-ဒေါ်ယုယုလှိုင်(ရွှေမန်း သံပန်းသံတံခါး)၊ မယုယုနိုင်၊ မသန္တာအေး၊ မောင်ထိန်လင်း၊ မောင်အောင်မြင့်ထူး-မနှင်းယုဝေ၊ မောင်သန့်မင်းခန့်၊ မဝင်းဝင်းမော်၊ မြစ် ၁၁ ယောက်တို့၏အဘွား၊ (ဦးဘရှိန်း၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)၏ဇနီးသည် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှလှမြင့် (ပြည်)

အသက်(၈၂)နှစ်

ပြည်မြို့နေ (ဦးသန့်-ဒေါ်အေးစိန်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ မြဝတ်ရည်လမ်း၊ အမှတ် ၆နေ (ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း၊ B.E.M.E)၏ဇနီး၊ ဒေါက်တာသန်းထွန်း-ဒေါက်တာနွယ်နီသိန်း၊ ဦးကျော်ကျော်စိုး-ဒေါ်လဲ့လဲ့သိန်း၊ ဦးရဲရင့်သိန်း-ဒေါ်ခင်လေးသီ၊ ဒေါက်တာအေးသိန်း-ဒေါ်အေးအိအိခက်၊ ဦးအောင်ဇော်-ဒေါ်နီလာသိန်း၊ ဒေါ်ယုယုသိန်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၈-၂-၂၀၁၃ရက်(ကြာသပတေးနေ့) ည ၇နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းလှ (ညောင်ရွှေ)

တကက(ငြိမ်း)၊ ဌာနခွဲမှူး(ငြိမ်း)၊ စက်မှု(၁)

အသက်(၇၆)နှစ်

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နေ (ဦးသုတော်-ဒေါ်အေးခင်)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးအုန်းခင်-ဒေါ်မေမာ)တို့၏သားသမက်၊ ရှမ်းပြည်နယ်နေ ဦးထွန်းမြတ်၏ညီ၊ (ဦးအေးမောင်)၊ ဒေါ်သန်းရီ၊ ဦးလှအောင်၊ ဦးကျော်ဝင်းတို့၏အစ်ကို၊ တိုက် ၂၄၄၊ အခန်း ၄၊ ဇေယျာသုခလမ်း၊ (၂၅) ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်နွဲ့နွဲ့မေ(ဒေါ်ဘေဘီ)၏ခင်ပွန်း၊ ဒေါ်သီသီဦး၊ ဦးမြတ်သန်းအောင်(ရလရ-၁)-ဒေါ်ယဉ်ယဉ်နွယ်ထွန်း၊ ဒေါ်သန္တာအေး(စိုက်ပျိုးရေးဦးစီးဌာန)၊ ဦးထိန်လင်း-မဇင်သက်အေး၊ မသင်းမြတ်နွယ်(ယုဇနပလာဇာ)၊ မောင်မျိုးမင်းဟန်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ညွန့်(ခ)

ချိုလေး (ကျောက်ဖြူမြို့)

အထက(၄)ရွှေပြည်သာ

အသက်(၅၆)နှစ်

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်လှညွန့်)တို့၏သမီးလတ်၊ အင်းစိန်မီးရထားဆေးရုံဝင်းနေ ဦးကျော်လင်း (K.M.A Shipping Co., Ltd.)-ဒေါ်မာလာညွန့်(မီးရထားဆေးရုံ)တို့၏ညီမ၊လှိုင်မြို့နယ်၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်းမ၊ အမှတ် ၃၀၄/၃၃၂နေ ဦးမျိုးကျော်-ဒေါ်ခင်လေးညွန့်(ခ)ဘေဘီတို့၏အစ်မ၊ မောင်သက်ထွန်းနောင်(Brunie)၊ မောင်တင်ထူးအောင်(တက်လမ်းဘော်ဒါဆောင်)၊မဝင့်မာကျော်(ကောင်းသုခကုမ္ပဏီလီမိတက်)တို့၏မေမေလေး၊ မခင်မျိုးမြတ်ကျော်(ICEC, Grade-6) ၏ မေမေကြီးသည် ၁-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဘုရင့်နောင်လမ်းနေအိမ်နှင့် အင်းစိန် မီးရထားဆေးရုံဝင်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၃ရက် (သောကြာနေ့) နံနက်တွင် ဘုရင့်နောင်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွန်းညွန့်

လေ-၈၅၉၂၊ အရာခံဗိုလ်(ငြိမ်း)

အသက်(၇၃)နှစ်

မော်လမြိုင်မြို့နေ(ဦးမောင်လေး-ဒေါ်နှင်းရွှေ)တို့၏သား၊ (ဦးဘိုးသွင်-ဒေါ်မမ)တို့၏သားသမက်၊ ဖာပွန်မြို့နေ (ဦးထွန်းလှိုင် - ဒေါ်စိန်ကြည်)တို့၏ညီ၊ ဦးအောင်သန်း၊ ဒေါ်မြင့်၊ ဒေါ်ကြည်ဝင်းတို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မြိုင်သာယာစံပြရပ်ကွက်၊ B (၇)လမ်း၊ အမှတ် ၁၂၆/ကနေ ဒေါ်မေသန်း၏ခင်ပွန်း၊ ရဲမှူးဆန်းကို(သတင်းရဲတပ်ဖွဲ့)-ဒေါ်နန်းအိအိသွယ်၊ တကကကိုကိုလတ်(တပ်မတော်-လေ)-ဒေါ်ညိုညိုလွင်၊ အုပ်ခွဲတကက မြင့်ဆွေ(တပ်မတော်-လေ) - ဒေါ်ကေသီထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၃ရက်(အင်္ဂါနေ့) ည ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် မြိုင်သာယာစံပြရပ်ကွက် မီးသွေးဖုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝင်းမေ B.Sc (Phy)

(ပါတီစာရင်းစစ်၊ စမ်းချောင်း)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ် ၅၁၈၊ ဗိုလ်ထွန်းဇံလမ်းနေ (ဦးစိန်ကြီး-ဒေါ်ရီ)တို့၏သမီးထွေး၊ (ဦးကျော်ဝင်း-ဒေါ်နု)တို့၏ချွေးမ၊ ဦးမောင်မောင်ဝင်း(ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန၊ လှိုင်ကော်)၏ဇနီး၊မတင်ဝင်းမာဦး(အထက-၄၊ မြောက်ဒဂုံ)တို့၏မိခင်၊ ဦးအုန်းရွှေ-ဒေါ်မြင့်ရီ၊ (ဦးစိန်မြင့်)-ဒေါ်အုန်းရင်၊ (ဦးညွန့်မောင်-ဒေါ်မြကြည်)၊ ဦးထွန်းစိန်-ဒေါ်နုနု၊(ဦးဌေး)-ဒေါ်အေး၊ဦးသိန်းမောင် - ဒေါ်အေးမြင့်တို့၏ညီမသည် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၇း၁၅နာရီတွင် နှင်းဆီကုန်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးသော်(ညောင်ဦး)

အလယ်တန်းပြဆရာမ(ငြိမ်း)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၂)၊တိုက် ၁၆၃၊ အခန်း ၃နေ (ဦးဘထော်-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးမြင့်သိန်း-ဒေါ်သိန်းကြည်)တို့၏သမီးချွေးမ၊ ဦးလှမြင့်-ဒေါ်ခင်လှိုင်သော်တို့၏ညီမ၊ ဦးလှနိုင်သိန်း(ခေတ္တ-QATAR)၏ဇနီး၊ ဦးထင်လင်းနိုင်(MSC. Crociere) (Italy)-ဒေါ်အိသဉ္ဇာအောင်(ခေတ္တ-UAE)၊ မယမင်းနိုင် (ခေတ္တ-UAE)၊ မသိမ့်သဉ္ဇာနိုင်(Summit Parkview Hotel)တို့၏မိခင်သည် ၁-၃-၂၀၁၃ရက်(သောကြာနေ့) နံနက် ၈း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါ၍၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ချစ်မြ (လှိုင်းဘွဲ့/ရန်ကုန်)

အသက်(၁၀၀)

(သခင် ကြွယ်ကြီး၊ မော်ကွန်းဝင်တတိယဆင့်)၏ဇနီး၊ ဦးစိန်အောင်-ဒေါ်စန်းစန်းရွှေ၊ ဦးကျင်ဟုတ်-ဒေါ်ရင်မြိုင်၊ (ဦးနိုင်စိုးသိမ်း-ဒေါ်စောမြိုင်)၊ ဦးကျော်ရှိန်-(ဒေါ်လှစိန်)၊ဦးခင်မောင်-ဒေါ်ကြင်အေး၊ ဦးခင်အောင်-ဒေါ်ခင်ခင်ကြည်တို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ် ၃၆ ယောက်၊ တီနှစ်ယောက်တို့၏ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ရပ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၁)၊ အမှတ် ၄/ခ နေအိမ်၌ ၂၇-၂-၂၀၁၃ရက် ညနေ ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ချစ်မြ

အသက်(၁၀၀)

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ဘောက်ထော်ရပ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၁)၊ အမှတ် ၄/ခနေ သထုံမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး ဦးခင်မောင် - ဒေါ်ကြင်အေးတို့၏မိခင်သည် ၂၇-၂-၂၀၁၃ရက် ညနေ ၆နာရီတွင်ကွယ်လွန်သွားပါ၍ ၁-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဒေါ်မြင့်မြင့်ဆွေ(ခ)မာဂျရီ

(လ/ထညွှန်မှူး)

အကြီးစားစက်မှုလုပ်ငန်း

စက်မှု-၂ (ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် ၁၂၂/၂ (B)၊ ညောင်တပင်လမ်းနေ (ဦးကလော့အန့်-ဒေါ်သန်းသန်း)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ ဦးတင်ဝင်း-(ဒေါ်ကြည်ကြည်)၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်းတို့၏အစ်မ၊ ဒေါ်မိုးမိုးသန့်၊ ဦးသန်းမြင့်လှိုင်-ဒေါ်စန္ဒာမြင့်၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၂၈-၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလှိုင်မြင့်

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဗိုလ်မှူးကြီးလှိုင်ဘွား(ငြိမ်း)-ဒေါ်ဝေဝေတို့၏သားကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးစိန်ဝင်း)-ဒေါ်မြရွှေတို့၏သားသမက်၊ အမှတ် ၉၁၊ ဓမ္မစိန္တာလမ်း၊ သုံးလွှာ(ယာ)၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်တင်ဝါဝါဝင်း၏ခင်ပွန်း၊ မတိုးပြည့်ရတနာလှိုင်(အထက-၄၊တာမွေ)၏ဖခင်၊ ဗိုလ်မှူးနေသွေးအောင် - ဒေါက်တာမြတ်သွယ်လှိုင် (ရူပဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါက်တာနှင်းအေးလှိုင်(ရူပဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဒေါ်မြတ်ဦးလှိုင် (MRTV-4) တို့၏အစ်ကိုကြီး၊ တူ၊ တူမ နှစ်ယောက်တို့၏ဘကြီးသည် ၂၇-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးစီးပဓာနနာယကဆရာတော်

ဘဒ္ဒန္တရေဝတ (မဇ္ဈာစရိယ)

သက်တော်(၁၀၀)၊ သိက္ခာတော်(၈၀)

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ပခန်းငယ်(ပုဂံငယ်)ကျေးရွာ၊ လည်ပေါ်ကျောင်းတိုက် ဦးစီးနာယကဆရာတော် ဘဒ္ဒန္တရေဝတ မဟာထေရ်(မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် အာဂမနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ (၁၂၉၆-၁၃၁၆)၏တပည့်သည် (ပြာသိုလဆန်း ၁၃ရက်) (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်) ၅-၃-၂၀၁၃ရက်တွင် စံကျောင်းချပြီး (တပို့တွဲလပြည့်ကျော် ၉ရက်) ၆-၃-၂၀၁၃ရက်တွင် အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများနှင့်

ဥတ္တရထွန်း အီလက်ထရောနစ်မိသားစု

(ချောက်-ချမ်းမြသာစည်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်း(သံပုရာချောင်း) အသက်(၁၀၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ E2 (A/B)၊ ဟံသာရိပ်မွန်လုံးချင်းအိမ်ရာဝင်းနေ (ဦးဇာကြယ်-ဒေါ်ရွှေယုံ)တို့၏သား၊ (ဦးကြာခိုင်-ဒေါ်အုန်းသင်)တို့၏သားသမက်၊ (ဒေါ်ထွေး)၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်စန်းစန်းဦး၊ ဦးတင့်ဝေ-ဒေါ်စိန်စိန်မြင့်၊ ဦးခင်ဇော်-ဒေါ်မွန်းရာ၊ ဒေါ်ခင်မြထွေး၊ အမှတ် ၃၇၆၊ (Bရုံ)သိမ်ကြီးဈေး၊ ထိပ်တန်းလွယ်အိတ်နှင့် မျက်နှာသုတ်ပဝါရောင်းဝယ်ရေးတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၈-၂- ၂၀၁၃ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဉာဏ်ထွန်း B.A , B.L

တရားရုံးချုပ်ရှေ့နေ

ဥပဒေအရာရှိအဆင့်(၁) (ငြိမ်း)

အသက်(၈၃)နှစ်

မုံရွာမြို့နေ (ဦးကိုကြီး-ဒေါ်တင်ဥ)တို့၏သားကြီး၊ (အငြိမ်းစား စက်ရှင်တရားသူကြီး သီရိပျံချီ ဦးဘိုးသာ-ဒေါ်တင်မှတ်)တို့၏တူသား၊ (အငြိမ်းစား စက်ရှင်တရားသူကြီး သီရိပျံချီ ဦးခင်ညွန့် - ဒေါ်ကြွယ်ကြွယ်ညွန့်)တို့၏သားသမက်ကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊အမှတ် ၄၃နေ ဒေါ်ခင်ညွန့်ဦး၏ခင်ပွန်း၊ ဒေါ်ခင်စန္ဒာထွန်း(ကထိက၊ အီလက်ထရွန်နစ် အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဦးခင်မောင်တင့်(ကထိက၊ ငြိမ်း၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ဖခင်၊ ဒေါက်တာဝဏ္ဏထွန်း (Clinical Fellow Ealing Hospital, U.K)၏အဘိုးသည် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဉာဏ်ထွန်း B.A, B.L

တရားရုံးချုပ်ရှေ့နေ

ဥပဒေအရာရှိအဆင့်(၁)(ငြိမ်း)

အသက်(၈၃)နှစ်

မုံရွာမြို့နေ (ဦးကိုကြီး-ဒေါ်တင်ဥ)တို့၏သားကြီး၊ ရန်ကုန်မြို့နေ(အငြိမ်းစားစက်ရှင်တရားသူကြီး သီရိပျံချီ ဦးဘိုးသာ-ဒေါ်တင်မှတ်)တို့၏တူသား၊ရန်ကုန်မြို့နေ (အငြိမ်းစားစက်ရှင်တရားသူကြီး သီရိပျံချီ ဦးခင်ညွန့်-ဒေါ်ကြွယ်ကြွယ်ညွန့်)တို့၏သားသမက်ကြီး၊ မုံရွာမြို့နေ ဦးညို-ဒေါ်သိန်းထိုက်၊ (ဦးသွင်)-ဒေါ်ခင်ညွန့်၊ ရန်ကုန်မြို့နေ ဒေါက်တာစန်းရီရီ-ဦးသန်းထွဋ်၊ (ဦးကိုလေး)-ဒေါ်ခင်ဆွေဝင်း၊ ဦးသန်းထွဋ်-ဒေါ်ခင်မြင့်ကြူ၊ ဒေါ်ခင်မာမာ-ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ဟန်(ငြိမ်း)၊ ဒေါက်တာဝင်းဝင်းသန်း-ဦးအုန်းသိန်း၊ ဒေါက်တာတင်မော်-ဒေါ်အေးအေးသာ၊(ဒေါက်တာမင်းထွဋ်)-ဒေါ်လွင်လွင်မြင့်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၄၃နေ အငြိမ်းစား ဥပဒေအရာရှိ အဆင့်(၁) ဦးဉာဏ်ထွန်းသည် ၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးညွန့်မောင် (ဗဟန်း)

ငါးထပ်ကြီးဘုရား၊ခြောက်ထပ်ကြီးဘုရား(ဂေါပကဟောင်း)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ မြန်အောင်ကျောင်းတိုက်နေ (ဦးပု-ဒေါ်လှဘူး)တို့၏သား၊ (ဒေါ်မြိုင်)၏ခင်ပွန်း၊(ဒေါ်ခင်လှ)၊(ဦးမြဦး)-ဒေါ်လှရီ၊ ဦးမြင့်ဦး-(ဒေါ်အုန်းရီ)၊ ဦးပေါ်ထွန်း - ဒေါ်ခင်ခင်စိန်တို့၏ဖခင်၊ ဦးစိုးကြည်-ဒေါ်မော်မော်အေး၊ ဦးဌေး-ဒေါ်နွယ်နွယ်မြင့်ဦး၊ ဦးထွန်းတင့်ဝေ-ဒေါ်ကြည်ကြည်သန်း၊ ဦးဝင်းနိုင်-ဒေါ်မြတ်သန္တာဦး၊ ဦးမင်းစည်သူ-ဒေါ်အေးမြမြဖူး၊ ဦးဇော်ညွန့်-ဒေါ်လဲ့လဲ့ခိုင်၊ ဒေါ်နွယ်နွယ်ဦး၊ ဦးကျော်စွာဦး-ဒေါ်ဇာနည်ဝင်း၊ ဦးထွန်းနေစိုး-ဒေါ်အေးသန္တာဝင်းတို့၏အဘိုး၊မြစ်၁၆ယောက်တို့၏ဘိုးဘိုးကြီးသည်၂၆-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင့်ဆွေ

(လ/ထ မန်နေဂျာ၊ ငြိမ်း)

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန

ပျဉ်းမနားသကြားစက်

အသက်(၇၉)နှစ်

လယ်ဝေးမြို့နယ်၊ ကံသာရွာနေ (ဦးထွန်းဖေ - ဒေါ်ရွှေခင်)တို့၏သား၊ ဒေါ်ကြည်၊ ဦးတင့်ဝေ၊(ဦးတင်မြင့်)တို့၏အစ်ကိုကြီး၊ ပျဉ်းမနားမြို့နေ ဦးမျိုးဝင်း-ဒေါ်နု၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ဝင်းမော်(ရွှေပြည်စိုးဆီစက်)၊ ရန်ကုန်မြို့နေ ဦးတင်မောင်စိုး (2/E M.T.M, Co., Ltd.) - ဒေါ်စုစုဝင်း (ထ/၅၊ မြောက်ဥက္ကလာပ)၊ ပျဉ်းမနားမြို့နေ ဒေါ်အေးအေးမော်(ပွင့်ဦးဖိနပ်ဆိုင်)၊ ဦးမိုးဇော်ဦး-ဒေါ်မိုးမိုးမြင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ (ဒေါ်ခင်သောင်း)၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက် A-2၊ အခန်း ၃၀၅နေ ဒေါ်ခင်အုန်းမြင့်တို့၏ခင်ပွန်းသည် ၁-၃-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

တိုင်းရင်းသားလူငယ်မောင်မယ်များအား တိုင်းရင်းသားဘာသာစကား၊ စာပေများ သင်ကြားပေးရန်လိုအပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားဘာသာဖြင့် ပြုစုထားသည့် စာအုပ်များကို လေ့လာကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁

မူလတန်းအောက်အဆင့် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း ကျောင်းသား ကျောင်းသူများအား တိုင်းရင်းသား စာသင်ကြားနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များထဲတွင် ပါသည့်သင်ခန်းစာများကို မွန်၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ကယား၊ ကယော၊ ကယန်း၊ ပလောင်၊ လားဟူ၊ တီးတိန်ချင်း၊ ဟားခါးချင်း၊ ဖလမ်းချင်း၊ တိုင်းလုံရှမ်း၊ ဂုံရှမ်း၊ တိုင်းလိုင်ရှမ်း၊ တိုင်းခန္တီးရှမ်း၊ တိုင်းဆာရှမ်း၊ ဂျိန်းဖောကချင်၊ လာချိဒ်ကချင်၊ ရဝမ်ကချင်၊ လီဆူးကချင်၊ ဇိုင်ဝါးကချင်၊ လော်ဝေါ်ကချင်၊ ရခိုင်၊ မြို(ခေါ်) ခမီ၊ သက်၊ ပအိုဝ်း၊ ဓနု၊ အင်းသားစာပေများဖြင့် အဖွဲ့လိုက်ပြုစုနေကြပြီဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန တိုင်းရင်းသားဘာသာစကားသင်ကြားရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်

စာမျက်နှာ ၈ ကော်လံ ၁ ▲

ယနေ့ မာတိကာ

နိုင်ငံတော်သမ္မတကြီး၏ နော်ဝေခရီးစဉ်သည် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမို တိုးတက်ရန်အတွက် အရေးပါသည့် ခရီးစဉ်ဖြစ် *ခေါင်းကြီး* စာ - ၂

လွတ်လပ်သော ပုဂ္ဂလိကသတင်းစာများ စိစစ်ခွင့်ပြုပေး စာ - ၃

အသက် ၁၁၄ နှစ်ရှိ ဂျပန် အမျိုးသမီးကြီး အိုကာဝါ ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဖော်ပြ စာ - ၄

ဂျိုကိုဗစ်နှင့် ဖက်ဒရား ဒူဘိုင်းဖလား အကြိုဗိုလ်လုပွဲတက် စာ - ၁၃

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ကာကွယ်ရေးအသုံးစရိတ်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သောအသုံးစရိတ်ဖြစ်

နေပြည်တော် မတ် ၁

ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ကျင်းပရာ**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် နောက်ဆက်တွဲ ၂(က)ပါ စီမံကိန်းအကြောင်းအရာ ပြင်ဆင်ချက်များ**နှင့်စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ကာကွယ်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းစီမံကိန်းများနှင့်ရင်းနှီးမြုပ်နှံမှု လျာထားချက်တန်ဖိုးအား ဌာန၊ အဖွဲ့အစည်းအားလုံးအတွက် လျာထားချက်တန်ဖိုး၏ (၁၇) ရာခိုင်နှုန်းအထိ လျှော့၍ ခွင့်ပြုသင့်ကြောင်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က အဆိုတင်သွင်းထားသော်လည်း ကန့်ကွက်ဆန္ဒမဲများသည့်အတွက် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုခဲ့သည်။

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကာကွယ်ရေးဝန်ကြီးဌာန ဘတ်ဂျက်လျာထားရာတွင် ကာကွယ်ရေးဌာန အမှုဆောင်အဖွဲ့သို့ စတင်တင်ပြလျာထားငွေမှာ ကျပ်(၂၂၇၅ ဒသမ ၄)ဘီလီယံဖြစ်ခဲ့ပြီး ပထမဦးစားပေးလျာထားငွေ၌ ကျပ်(၂၂၀၅ ဒသမ ၁) ဘီလီယံရှိ၍ (၇၀ ဒသမ ၅၄)ဘီလီယံ စတင်လျှော့ခဲ့ပါကြောင်း၊ ထပ်မံ၍ (၈ ဒသမ ၁၁)ရာခိုင်နှုန်းလျှော့ချခဲ့ခြင်းကြောင့် ကျပ် (၂၀၂၆ ဒသမ ၂) ဘီလီယံဖြစ်ခဲ့ပြီး (၁၇ ဒသမ ၈၈) ဘီလီယံလျှော့ချခဲ့ကာ ယခုနောက်ဆုံး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် လျာထားငွေမှာ ကျပ် (၂၀၅၀ ဒသမ ၆) ဘီလီယံဖြစ်ပါကြောင်း၊ စတင်လျာထားငွေထက် ကျပ် (၂၂၄ ဒသမ ၈) ဘီလီယံ လျှော့နည်းကွာခြားခဲ့ပြီးဖြစ်ပါကြောင်း။

ကာကွယ်ရေး ဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဘတ်ဂျက် လျာထားငွေမှာ နိုင်ငံခြားငွေဖြင့် တွက်ချက်ပါက အမေရိကန် ဒေါ်လာ (၂ ဒသမ ၄၁၂) ဘီလီယံသာ ရှိပါကြောင်း၊ ထို့ကြောင့် မများဟု တင်ပြလိုပါကြောင်း၊ ယခု တင်ပြသော ကာကွယ်ရေး အသုံးစရိတ်ဆိုသည်မှာ လုပ်ငန်းသဘောအရ ဘတ်ဂျက် သဘောအရ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံဆောင်ရွက်ရသည် ဖြစ်သော်လည်း အမှန်တကယ်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအသီးသီးအပါအဝင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော အမျိုးသားရေးတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သော

စာမျက်နှာ ၇ ကော်လံ ၁ ○

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ

အမျိုးသား၊ အမျိုးသမီးဘောလုံးပွဲစဉ်များ ဆက်လက်ကျင်းပ အမျိုးသားပြိုင်ပွဲတွင် မကွေးနှင့် ရန်ကုန်အသင်းတို့အနိုင်ရ

သတင်း-ဖေမြင့်ဦး
ဓာတ်ပုံ-စိုးညွန့်

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီး၏ ဘောလုံးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များကို မတ် ၁ ရက်တွင် သက်ဆိုင်ရာ ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီတွင် ပေါင်းလောင်းကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်းတို့၌ ကျင်းပရာ ပေါင်းလောင်းကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားပြီး ဝဏ္ဏသိဒ္ဓိကွင်းတွင် ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပေါင်းလောင်းကွင်းတွင် ကစားသော ရန်ကုန်နှင့်ကယားတို့ပွဲစဉ်တွင် မိနစ် ၉၀ ပုံမှန်ကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိသရေဖြစ်နေခဲ့၍ အချိန်ပို မိနစ် ၃၀ ဆက်ကစားရသည်။ အချိန်ပို ပထမပိုင်းတွင် ရန်ကုန်အသင်း အဖွင့်ဂိုးရရှိပြီး တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။ အချိန်ပို ဒုတိယပိုင်း ၁၅ မိနစ်တွင် ကစားအားကျလာသော ကယားဘက်သို့ ရန်ကုန်အသင်း ပိုမိုထိုးဖောက်လာနိုင်ပြီး နှစ်ဂိုးထပ်မံ သွင်းယူနိုင်သဖြင့် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရန်ကုန်အသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရသွားသည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ ကစားသော ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ပွဲမှာလည်း နှစ်သင်းစလုံး အပြန်အလှန်ဂိုးတွေသွင်းပြီး အထူးကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်ခဲ့သည်ကို တွေ့ရသည်။ ကချင်ပြည်နယ်အသင်းမှ ဘရန်ဆိုင်းက

စာမျက်နှာ ၁၁ ကော်လံ ၁ ○

ကချင်အသင်း၏ တိုက်စစ်ကို မကွေးအသင်းက ဟန့်တားကာကွယ်ဖျက်ထုတ်စဉ်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးဆုံးချိန်ထိ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် ဦးစားပေးဖြန့်ဖြူးသွားမည်

နေပြည်တော် မတ် ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ လျှပ်စစ်ဓာတ်အားအဆင်ပြေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် မတ် ၁ ရက်မှစ၍ စာမေးပွဲဖြေဆိုပြီးဆုံးချိန်ထိ နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့ နံနက် ၅ နာရီအထိ အများပြည်သူအား လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် အဓိကဦးစားပေးဖြန့်ဖြူးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ် မတ်လအတွင်း လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ထုတ်လုပ်ရေးအတွက် ကုန်ထုတ်လုပ်ငန်းအချို့နှင့် စက်မှုလုပ်ငန်းအချို့တို့အား ခေတ္တဓာတ်အားပိတ်၍ လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လက်ရှိလည်ပတ်လျက်ရှိသော သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်များအပြင် ကျွန်းချောင်းစက်ရုံမှ တာဘိုင်စက်နှစ်လုံးနှင့် ရွှေတောင်၊ မြန်အောင်၊ မော်လမြိုင်နှင့် ရွာမစက်ရုံများမှ တာဘိုင်စက်တစ်လုံးစီအား ထပ်မံလည်ပတ်ဓာတ်အားထုတ်လုပ်၍လည်းကောင်း ဓာတ်အား ပိုမိုတိုးမြှင့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

၂-၃-၂၀၁၂

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။